# ကြေးမုံ

The Mirror

Established in 1957

၁၉၅၇ ဖေ့ 9 ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ **(6-1-2016)** (၈၄၃၇)


## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။

ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။

သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။

(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)

ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကျင်းပရေးအတွက် UPDJC အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးစတင်

**ရန်ကုန် ဇန်နဝါရီ ၅**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကျင်းပရေးအတွက် UPDJC အတွင်းရေးမှူးအဖွဲ့အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန(MPC) ၌ စတင်ကျင်းပသည်။

ယနေ့ပြုလုပ်သည့် အစည်းအဝေးတွင် အစိုးရအစုအဖွဲ့ကိုယ်စား ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့ကိုယ်စား ပဒိုစောကွယ်ထူးဝင်းနှင့် နိုင်ငံရေးပါတီအစုအဖွဲ့ကိုယ်စား ဦးသုဝေတို့က အဖွင့်နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

အစိုးရအစုအဖွဲ့ကိုယ်စား ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပြောကြားရာတွင် ယနေ့ အစည်းအဝေးသည် UPDJC အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးဖြစ်သော်လည်း အစိုးရအဖွဲ့မှ **ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံနှင့် ပတ်သက်ပြီး ဆောင်ရွက်စရာရှိသည့် ကိစ္စများအား ကြိုတင်ဆောင်ရွက်ထားသည့် အခြေအနေများကို** ရှင်းပြရန်အတွက် တက်ရောက်ခြင်းဖြစ်ကြောင်း၊ ယခု အစည်းအဝေးပြီးမှ **ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံနှင့် ပတ်သက်ပြီး ဆောင်ရွက်ရန်ကိစ္စများအား** ညှိနှိုင်းဆောင်ရွက်မည်ဆိုပါက အချို့ကိစ္စရပ်များတွင် နောက်ကျသွားနိုင်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✳




စာမျက်နှာ - ၃

## ယနေ့ မာတိကာ


၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အစီရင်ခံစာများ ဖတ်ကြား

စာမျက်နှာ - ၇

အငြိမ်းစားဝန်ထမ်းများ ပင်စင်လစာ တစ်ပြေးညီခံစားခွင့်ပြုရန် အစီအစဉ်နှင့်ပတ်သက်၍ မေးမြန်းဖြေကြား

စာမျက်နှာ - ၇


# ရန်ကုန်မြို့တွင်း လျှပ်စစ်ရထား ဇန်နဝါရီ ၁၀ ရက်တွင် စတင်ပြေးဆွဲမည်




**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တည်းမှုကို ဖြေလျှော့နိုင်စေရန်နှင့် ခရီးသွားပြည်သူများ သက်သောင့်သက်သာ သွားလာနိုင်စေရန်အတွက် လျှပ်စစ်ရထား (TRAM) ကို ဇန်နဝါရီ ၁၀ ရက်တွင် စတင်ပြေးဆွဲတော့မည်ဖြစ်ပြီး ငွေကျပ် ၁၀၀ ဖြင့် စီးနင်းနိုင်တော့မည်ဖြစ်ကြောင်း မြန်မာ့မီးရထား(အောက်မြန်မာပြည်)ရုံးချုပ်မှ သိရသည်။

"၂၀၁၅ မှာ တင်ဒါရွေးချယ်ခံရတဲ့ ဂျပန်နိုင်ငံက West Corporation နဲ့စာချုပ်ချုပ်ပြီး ဆောင်ရွက်ခဲ့တာ အခုဆိုပြီးစီးသွားပြီဖြစ်လို့ စတင်ပြေးဆွဲတော့မှာ ဖြစ်တယ်။ ရန်ကုန်မြို့ရဲ့အခြေအနေနဲ့ လူဦးရေကိုကြည့်ရင် အခုလို ပြေးဆွဲတာက အထိုက်အလျောက်တော့ ယာဉ်ကြောကျပ်တည်းမှုသက်သာစေမှာပါ" ဟု မြန်မာ့မီးရထား (အောက်မြန်မာပြည်) အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းက ပြောသည်။

ကားလမ်းပေါ်တွင် လျှပ်စစ်ရထား(TRAM)ပြေးဆွဲခြင်းဖြင့် ပြည်သူများ ကားနှင့်ရထား ဆက်စပ်အသုံးပြုခြင်းကို ရင်းနှီးကျွမ်းဝင်မှုရှိလာစေရန်၊ ဒီဇယ်ရထားများအသုံးပြုခြင်းစနစ်မှ လျှပ်စစ်ရထားအသုံးပြုခြင်းစနစ်သို့ ကူးပြောင်းရန်အတွက် နည်းပညာကျွမ်းကျင်မှုများရရှိရန်နှင့် အနာဂတ်တွင် လျှပ်စစ်ရထားကွန်ရက်ကို တိုးချဲ့ဆောင်ရွက်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ရန်ကုန်မြို့တွင်း မြို့ပတ်ရထားစီးခရီးသည်များ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ပုဇွန်တောင်နှင့် ထော်လီကွေ့ကြား ကမ်းနားလမ်းပိုင်းတွင် (RBE)လူစီးရထားကို စတင်ပြေးဆွဲပေးခဲ့ပြီး ယခု ၂၀၁၆ ခုနှစ်တွင် ကမ်းနားလမ်းတစ်လျှောက် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖


ကမ္ဘာ့ပညာရေးအဖွဲ့အစည်း Navitas (USA) မှ ပေးအပ်သော

**Best USA Agent 2015 ဆုရ CROWN Education နှင့် Best USA Counselor 2015 ဆုရ မကျော့မွန်သာ**(Counseling and Admission Manager) တို့အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါသည်။

American College Program(GAC) မှ ကျောင်းသားကျောင်းသူများနှင့်မိဘများ

navitas

CROWN EDUCATION Yangon . Myanmar

အတွေးအမြင်

**ကြေးမုံစာတည်းရှုထောင့်** ၆-၁-၂၀၁၆၊ ဗုဒ္ဓဟူးနေ့

# အယ်လ်နီညိုကို ရင်ဆိုင်ကျော်လွှား

၂၀၁၅ ခုနှစ်ကို အယ်လ်နီညိုရာသီဥတုနှစ်ဟု မိုးလေဝသပညာရှင်များက ဆိုခဲ့ကြသည်။ ထိုသို့ဆိုသည့်အတိုင်း ကမ္ဘာတစ်ဝန်းတွင် ရာသီဥတု ကမောက်ကမဖြစ်စဉ်များ ကြုံတွေ့ခဲ့ရသဖြင့် သဘာဝဘေးဒဏ်ကို နိုင်ငံအများ အနည်းနှင့်အများခံစားခဲ့ကြရသည်မှာ လက်ရှိအချိန်ကာလအထိ ဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံအဖို့ အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကို ထူးထူးခြားခြားမကြုံတွေ့ရသေးဟု ဆိုချင်သည်။ ယမန်နှစ်က မြန်မာနိုင်ငံ၌ ဇူလိုင်လနှင့် ဩဂုတ်လအတွင်းကဖြစ်ပေါ်ခဲ့သော ရေကြီးရေလျှံမှုဖြစ်စဉ်များကိုကြည့်လျှင် မိုးရာသီကာလတွင် လိုသည်ထက် ပိုမိုမိုးရွာသွန်းသောကြောင့် ဖြစ်ပေါ်ခဲ့ရသည်ဟု ဆိုရမည်ဖြစ်သည်။ မိုးရာသီသဘာဝဖြစ်၍ အယ်လ်နီညိုဟု မဆိုလိုချင်။

ယခု ၂၀၁၅ ခုနှစ်ကျော်လွန်လာပြီဖြစ်၍ မြန်မာနိုင်ငံအတွက် အယ်လ်နီညိုနှင့်လွတ်နိုင်လောက်သည့် အခြေအနေရှိမည်ဟု သာမန်လူတစ်ဦးအနေဖြင့် ခန့်မှန်းချင်သော်လည်း ပူပြင်းခြောက်သွေ့သည့် အယ်လ်နီညိုရာသီဥတုကို ယခုလာမည့် မတ်လအထိ အပြင်းထန်ဆုံးကြုံတွေ့နိုင်သည်ဟု မြန်မာနိုင်ငံ၏ မိုးလေဝသပညာရှင်က ဆိုထားပြန်သည်။ အဆိုပါပညာရှင်က မြန်မာနိုင်ငံတစ်ဝန်း ရေရှားပါးမှုအန္တရာယ်ကို အဆိုးရွားဆုံးကြုံတွေ့နိုင်ကြောင်း ထပ်မံသတိပေးထားသည်။

အယ်လ်နီညိုရာသီဥတုကို မြန်မာနှစ်ဖြင့် တွက်ချက်ထားဟန်တူသည်။ ၂၀၁၅-၂၀၁၆ နှစ်အတွက်ဖြစ်၍ လာမည့်မတ်လအထိ အကျုံးဝင်သည်။ အယ်လ်နီညိုသည် ထိုနှစ်အတိုင်းဖြစ်ပါစေဟု မြန်မာနိုင်ငံသားများဆန္ဒရှိသည်။ ယခုလက်ရှိတွင် ယမန်နှစ်မိုးရာသီကာလ ရရှိထားသောမိုးရေနှင့် ယခုဆောင်းတွင်းကာလ အပူချိန်မပြင်းထန်မှုများကြောင့် ရေအတွက်သောကမပွေသေးချေ။ နွေရာသီကာလ မတ်လနှင့် ဧပြီကာလများတွင်သာ အဖျားခတ်နိုင်သဖြင့် စိတ်သက်သာရာ ရနိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။

မည်သို့ပင်ဖြစ်စေ ရာသီဥတုဆိုသည်မှာ အစိုးမရသောဖြစ်စဉ်ဖြစ်သောကြောင့် အထူးသတိထားဖို့လိုမည်။ ထိုကာလများအတွင်း အပူချိန်လွန်ကဲခြင်း၊ ပုံမှန်ထက် မုတ်သုံအဝင်နောက်ကျခြင်းတို့ကြောင့် ယခုလက်ရှိရေများ အလျင်အမြန်ခန်းခြောက်သွားနိုင်သဖြင့် ရေရှားပါးမည့်အန္တရာယ်ကို ဆိုးရွားစွာကြုံတွေ့နိုင်သည့် သတိပေးချက်ကို အလေးထားရမည်ဖြစ်သည်။

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကို ပစိဖိတ်သမုဒ္ဒရာတွင် မြင်တွေ့နေရသည်။ သမုဒ္ဒရာပင်လယ်ရေမျက်နှာပြင် အညွှန်းကိန်းသည် သတ်မှတ်ထားသည်ထက် ကျော်လွန်နေပြီး ယင်း၏အကျိုးသက်ရောက်မှုကြောင့် ဘင်္ဂလားပင်လယ်အော်တွင် ပင်လယ်ရေမျက်နှာပြင် ပူနွေးမှုဖြစ်ပေါ်လာနိုင်သည်။ နွေရာသီကာလတွင် အရှေ့မြောက်လေပြင်းတိုက်ခတ်နိုင်ခြင်းကြောင့် ကုန်းတွင်းပိုင်း၌ နေ့အပူချိန်များမြင့်တက်နိုင်သည်။

ထိုအခြေအနေများကြောင့် မြစ်၊ ချောင်း၊ အင်း၊ အိုင်များတွင် ရေခန်းခြောက်ပြီး သောက်သုံးရေရှားပါးခြင်းများ ကြုံတွေ့နိုင်သည်။ အပူဒဏ်ကြောင့် ဖြစ်ပေါ်လာသည့် ကျန်းမာရေးဆိုင်ရာပြဿနာများ ရင်ဆိုင်ရနိုင်သည်ဟု ပညာရှင်တို့က ဆိုကြသည်။ ယခု ဇန်နဝါရီလမှ မတ်လအတွင်း နေ့အပူချိန်များသည် ပုံမှန်ထက် ပိုမိုပူပြင်းလာမည်ဖြစ်သည်။

ယခုလက်ရှိတွင် နေ့ပူ၍ညချမ်းကာလဖြစ်၍ အပူအအေးမျှတအောင် နေထိုင်သင့်ကြသည်။ ထိုကာလတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် စိုက်ပျိုးရေနှင့်သောက်သုံးရေ ရှားပါးပြတ်လပ်မှုကို ရင်ဆိုင်ရနိုင်သောကြောင့် စပါးအပါအဝင် သီးနှံစိုက်ခင်းများ ရေမပြတ်အောင် သတိထားရမည်။ ရေပြတ်၍ သီးနှံအထွက်လျော့ပါက စားနပ်ရိက္ခာတွင် အဓိကကျသည့် ဆန်မပြတ်လပ်စေရန် အရန်ဆန်များစုဆောင်းထားသင့်သည်။

အရေးကြီးသည်မှာ သောက်သုံးရေဖြစ်သည်။ ယခုအချိန်တွင် ရေပြတ်လပ်မှုမရှိသေးသောကြောင့် ရှိပြီးသားရေကို ခြိုးခြံချွေတာသုံးစွဲသင့်သည်။ ရေကို အလဟဿဖြုန်းတီးမှုမရှိစေရေးအတွက် စနစ်တကျသုံးစွဲခြင်း၊ စနစ်တကျစုဆောင်းခြင်း၊ အပူဒဏ်မှ လျော့နည်းသက်သာအောင် ဆောင်ရွက်ခြင်းစသည့် အစီအမံများကို ယခုအချိန်ကတည်းက ဆောင်ရွက်သွားကြမည်ဆိုပါလျှင် ရေအတွက်မခက်ဘဲ အယ်လ်နီညိုကို အန်တုရင်ဆိုင်ကျော်လွှားနိုင်မည်ဟု ယုံကြည်ထားပါသည်။ ။

## မကွေးမြို့ ယင်းချောင်းတံတားထိပ်မှ ဆရာစံနှင့် သခင်ဖိုးလှကြီးရုပ်တုများအား ပြုပြင်မွမ်းမံရန်လိုအပ်

**မကွေး ဇန်နဝါရီ ၅**

နယ်ချဲ့ဗြိတိသျှတို့ကို ဆန့်ကျင်တိုက်ခိုက်သောလူထုလှုပ်ရှားမှုများအနက် တောင်သူလယ်သမားအရေးတော်ပုံနှင့်(၁၃၀၀)ပြည့်အရေးတော်ပုံတို့မှ တောင်သူလယ်သမားခေါင်းဆောင်ဆရာစံနှင့် အလုပ်သမားခေါင်းဆောင် အာဇာနည် သခင်ဖိုးလှကြီးတို့မှာ အထူးထင်ရှားလှသည်။

၁၉၃၈ ခုနှစ်တွင်ပေါ်ပေါက်ခဲ့သော (၁၃၀၀)ပြည့် လူထုအရေးတော်ပုံကြီး၌ မကွေးမြို့သည် သမိုင်းယှက်နွယ်ခဲ့ဖူးသော မြို့တစ်မြို့ဖြစ်ခဲ့သည်။

ယင်းအရေးတော်ပုံကြီးများမှ အထူးထင်ရှားလှသည့်ဆရာစံနှင့်သခင်ဖိုးလှကြီးတို့၏ ယှဉ်တွဲလျက်ရှိသောဂုဏ်ပြုရုပ်တုနှင့် အထိမ်းအမှတ်ပန်းခြံကို မကွေး-တောင်တွင်းကြီး ကားလမ်းဘေး ယင်းချောင်းတံတားထိပ်တွင် ခံ့ညားထည်ဝါစွာ မြင်တွေ့ရမည်ဖြစ်သည်။

သို့သော် မကွေးမြို့၏ဂုဏ်ကျက်သရေဆောင် ပုဂ္ဂိုလ်ကြီးများ၏ရုပ်တုများမှာ နှစ်ကာလကြာမြင့်ပြီး ပြုပြင်မှုမရှိသဖြင့် (အပေါ်ယံရေဆေးသုတ်ထားသော်လည်း) ပျက်စီးယိုယွင်းနေပြီဖြစ်သည်။ အထူးသဖြင့် ဆရာစံရုပ်တု၏လက်ချောင်းများသည် ကျိုးပဲ့နေပြီး အောက်ခံသံချောင်းများပင် ပေါ်နေသည်ကိုတွေ့ရသည်။

ထို့ပြင် ပန်းခြံထဲတွင်လည်း ပန်းပင်နှင့်တူသော အပင်ဟူ၍မတွေ့ရဘဲ ကျွဲ၊ နွားများကျောင်းရန် စားကျက်မြေ၊ ခရီးသွားများအပေါ့အလေးသွားရာမြေအဖြစ် စိတ်မကောင်းဖွယ်ရာမြင်တွေ့နေရသည်။ ယင်းပန်းခြံကြီးနှင့် ရုပ်တုကြီးများကို သက်ဆိုင်ရာမှ အမြန်ဆုံးပြုပြင်ထိန်းသိမ်း စောင့်ရှောက်သင့်ကြောင်း ဒေသခံများကပြောပြ၍ သိရသည်။

**ကျော်စွာ(မကွေး)**



မကွေး-တောင်တွင်းကြီး ကားလမ်းဘေးရှိ ပြုပြင်ထိန်းသိမ်းရန်လိုအပ်လျက်ရှိသော ဆရာစံနှင့် သခင်ဖိုးလှကြီးတို့ ယှဉ်တွဲရုပ်တုကိုတွေ့ရစဉ်။

## မြို့နယ်လုံးဆိုင်ရာ သုတစုံလင် ဗုဒ္ဓဝင်ပြိုင်ပွဲနှင့် (၃၈)ဖြာ မင်္ဂလာတရားတော် သရုပ်ဖော်ပြိုင်ပွဲကျင်းပ

**ငါန်းဇွန် ဇန်နဝါရီ ၅**

မြို့နယ်လုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲနှင့် (၃၈)ဖြာ မင်္ဂလာတရားတော် သရုပ်ဖော်ပြိုင်ပွဲကို မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့ ရှင်ပင်မိုးကောင်းမြတ်စွာဘုရားဝင်းအတွင်းရှိ မိုးသိဂီဇာတ်ရုံ၌ ဇန်နဝါရီ ၂ ရက်မှ ၃ ရက်အထိ ကျင်းပခဲ့ရာ မြို့နယ်အတွင်းရှိ ဓမ္မစကူးကျောင်းပေါင်း ၂၉ ကျောင်းမှ ကျောင်းသားကျောင်းသူလေးများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲ၌ မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့(ဗဟို)မှ ဆရာတော်များက အကဲဖြတ်အမှတ်ပေးခဲ့ကြပြီး ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့သည်။

ပြိုင်ပွဲသို့ မြို့နယ်ဓမ္မစကူးကော်မတီဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တနရပတိ (ဂန္ထဝါစကပဏ္ဍိတ)၊ ဓမ္မစကူးအသီးသီးမှ ဦးစီးနာယကဆရာတော်များ ကြွရောက်တော်မူကြပြီး ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်(ရွှေဈေး) - ၇၄၆၀၀၀ - ၇၄၆၀၀၀၊ မန္တလေး(ရွှေဈေး) ၇၄၆၀၀၀ - ၇၄၆၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၉၀/၆၂၀ ကျပ်၊ | ၆၄၀/၆၈၀ ကျပ် |
| (ခ) အောက်တိန်း *95* | တစ်လီတာ | ၇၂၀/၇၅၀ ကျပ်၊ | ၈၂၀/၉၀၀ ကျပ် |
| (ဂ) အောက်တိန်း *92* | တစ်လီတာ | ၆၁၀/၆၄၀ ကျပ်၊ | ၇၀၀/၇၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၈၀ ကျပ်၊ အောက်တိန်း *92* တစ်လီတာ ၅၃၀ ကျပ်

**၂၈-၁၂-၂၀၁၅ ရက်နေ့မှ ၃၁-၁၂-၂၀၁၅ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၅၄၀ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၄၄၄ ကျပ် ဖြစ်ပါသည်။**

*(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | | | |
|---|---|---|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၃၀၅. ၀ | | (ဆ) ဂျပန် | တစ်ရာယန်း | = ၁၀၉၂. ၈ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၄၁၂. ၈ | | (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၉. ၈၃ |
| (ဂ) တရုတ် | တစ်ယွမ် | = ၁၉၉. ၆၈ | | (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၃၈. ၁၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၆. ၀၉၀ | | (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၉၁၅. ၄၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၂၉၉. ၆၆ | | | | |
| (စ) အိန္ဒိယ | တစ်ရူပီး | = ၁၉. ၅၉၃ | | | | |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

# တပ်မတော်နှစ်ရပ်အကြား ဆေးပညာရပ်ဆိုင်ရာ၊ အားကစား၊ စိုက်ပျိုးရေးကဏ္ဍများဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံသံအမတ်ကြီး H.E. Mr. Alcides G. R. Prates အား လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြထွန်းဦးတို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်လျှောက်လှမ်းမှုတွင် အထောက်အကူပြုနိုင်ရန် နှစ်နိုင်ငံအတွေ့အကြုံများဖလှယ်၍ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံဆက်ဆံမှု တိုးမြှင့်ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းစသည်ဖြင့် ပူးပေါင်းဆောင်ရွက်နိုင်သည့်နယ်ပယ်များတွင် အရှိန်တိုးမြှင့်လုပ်ဆောင်ရေး၊ တပ်မတော်နှစ်ရပ်အကြား ဆေးပညာရပ်ဆိုင်ရာ၊ အားကစား၊ စိုက်ပျိုးရေးကဏ္ဍများနှင့်အခြားပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

**✱ ပြည်ထောင်စုမှ**

ကျင်းပရေး ဗဟိုကော်မတီကို ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုဝန်ကြီးကိုးဦး၊ ဒုတိယဝန်ကြီးနှစ်ဦးတို့ဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ ၂၀၁၆ ဇန်နဝါရီ ၁ ရက်က ပထမအကြိမ်ဗဟိုကော်မတီအစည်းအဝေးကျင်းပခဲ့ပြီး ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအတွက် လုပ်ငန်းကော်မတီကိုးခုဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါကြောင်းနှင့် ကော်မတီတစ်ခုချင်းစီအလိုက်သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစိုးရအဖွဲ့မှ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသည့် ကိစ္စရပ်များအပေါ် ရှင်းလင်းတင်ပြသည်။

"အစိုးရအနေနဲ့ ကောင်းမွန်တဲ့ဆန္ဒနဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေကို စတင်ပေးခဲ့ဖို့နဲ့ ဆုံးဖြတ်ချက်တွေကို နောက်အစိုးရသက်တမ်းမှာ ဆောင်ရွက်နိုင်ပါတယ်ဆိုတာကို ရွေးကောက်ပွဲမတိုင်မီ ၂၀၁၅ ခုနှစ် စက်တင်ဘာလအတွင်းမှာ ဆောင်ရွက်ခဲ့တဲ့ အလွတ်သဘော မူဘောင်ရေးဆွဲရေးအစည်းအဝေးမှာ ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရက ငြိမ်းချမ်းရေးကိုအဖြစ်လုပ်တာမဟုတ်ပါဘူး။ နိုင်ငံရေးဆွေးနွေးပွဲကို အဖြစ်သဘောလုပ်တာမဟုတ်ဘူးဆိုတာကို ပြောကြားလိုပါတယ်။ ဖြစ်သင့်ဖြစ်ထိုက်တဲ့ ကောင်းမွန်တဲ့အခြေခံအုတ်မြစ်တွေကို ချမှတ်ပေးမယ်ဆိုတာပဲဖြစ်ပါတယ်။ ကျွန်တော်တို့မှာ တာဝန်ရော စေတနာပါ အပြည့်အဝရှိကြောင်း ပြောကြားလိုပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကိုလည်း ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်မှ ၂၂ ရက်အထိ အနည်းဆုံး ၁၀ ရက်ကြာ ကျင်းပလိုသော်လည်း မေတ္တာရပ်ခံမှုများကြောင့် ယခု ဇန်နဝါရီလ ၁၂ ရက်မှ ၁၆ ရက်အထိ ငါးရက်ကြာ မဖြစ်မနေလုပ်ဆောင်သွားမှာဖြစ်ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက အဖွင့်နှုတ်ခွန်းဆက်တွင် ထည့်သွင်းပြောကြားသည်။

တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့ကိုယ်စား ပဒိုစောကွယ်ထူးဝင်းက "ပထမဆုံးအကြိမ်ကျင်းပမယ့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးပွဲ ညီလာခံမှာ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုအတွက် ပထမဦးဆုံးဆောင်ရွက်မယ့်အစည်းအဝေးဖြစ်ပါတယ်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တစ်ခုလုံး ရှေ့ဆက်သွားနိုင်ဖို့အတွက် ဒီအစည်းအဝေးက တကယ်အရေးကြီးတဲ့ အစည်းအဝေးဖြစ်ပါတယ်။ အခုအတွင်းရေးမှူး အစည်းအဝေးမှာ ချမှတ်သွားမယ့် လုပ်ငန်းအစီအစဉ်တွေဟာ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံရဲ့ အသက်ကို ဆက်ပြီးသွင်းပေးမယ့်သဘောဖြစ်ပါတယ်"ဟု ပြောကြားသည်။

နိုင်ငံရေးပါတီအစုအဖွဲ့ကိုယ်စား ဦးသုဝေက "နိုင်ငံတော်အစိုးရက ကြိုတင်ဆောင်ရွက်ပြီး စီမံထားတဲ့ကိစ္စတွေဟာ အင်မတန်အရေးကြီးတဲ့ ကိစ္စတွေဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့အင်မတန်မှ ဝမ်းသာပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ ငြိမ်းချမ်းရေးကိုဆောင်ရွက်ရာမှာ ကျွန်တော်တို့နိုင်ငံ ငြိမ်းချမ်းရေးအတွက်၊ ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုးရေးအတွက် ရည်မှန်းပြီး အားလုံးဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။ စေတနာအပြည့်၊ ရည်မှန်းချက်အပြည့်နဲ့ လုပ်ဆောင်ခဲ့ကြပါတယ်။ ဒီလုပ်ငန်းစဉ်ကြီးထဲမှာ အားလုံးထဲထဲဝင်ဝင် ကိုယ့်နိုင်ငံနဲ့ ကိုယ့်ပြည်သူတွေအတွက် ကျွန်တော်တို့နိုင်ငံရေးပါတီအစုအဖွဲ့က အတူတကွပူးပေါင်းဆောင်ရွက်ပါမယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ယုံယုံကြည်ကြည်နဲ့ လုပ်ဆောင်ပါ့မယ်လို့ ပြောကြားလိုပါတယ်"ဟု အဖွင့်နှုတ်ခွန်းဆက်တွင် ထည့်သွင်းပြောကြားသည်။

ယနေ့ ပြုလုပ်သည့် အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံနှင့်ပတ်သက်၍ ပြင်ဆင်ထားမှုများအား UPDJC အတွင်းရေးမှူးအဖွဲ့၏ အစိုးရအစုအဖွဲ့ကိုယ်စားလှယ်မှ ရှင်းလင်းတင်ပြခြင်းနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံဖိတ်စာများ၊ ဖွင့်ပွဲအခမ်းအနားသို့ ဖိတ်ကြားမည့်သူစာရင်းနှင့် ညီလာခံတက်ရောက်မည့်သူ စာရင်းများအား အတည်ပြုနိုင်ရန်ဆွေးနွေးကြမည် ဖြစ်သည်။

ထို့အပြင် UPDJC စုံညီအစည်းအဝေးတွင် တင်ပြအတည်ပြုချက်ရယူနိုင်ရေးအတွက် အတွင်းရေးမှူးအဖွဲ့မှ ရေးဆွဲရမည့်လုပ်ငန်းများ၊ ကိုယ်စားလှယ်များလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ အစည်းအဝေးကျင်းပမည့် ပုံစံနှင့်လုပ်ငန်းများ လုပ်ဆောင်ရမည့်နည်းလမ်းများ၊ အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲများအတွက် အခြေခံလမ်းညွှန်မှုများ၊ လုပ်ငန်းကော်မတီများ၊ ဆပ်ကော်မတီများနှင့် နည်းပညာအထောက်အကူပြုအဖွဲ့များ၊ အတွင်းရေးမှူးအဖွဲ့၊ ရုံးအဖွဲ့နှင့် လေ့လာသူများ စည်းမျဉ်းစည်းကမ်းများကိုလည်း ဆွေးနွေးကြမည်ဖြစ်သည်။



ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၌ နေ့စဉ်ဆွေးနွေးမည့်ကိစ္စရပ်များအားလည်း ညှိနှိုင်းမည်ဖြစ်ပြီး ညီလာခံတွင် ဆွေးနွေးကြမည့် ကဏ္ဍအလိုက် အကျိုးဆောင်ကြမည့်သူများကို သတ်မှတ်ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ကိုးခုဖြစ်သည့် ဖိတ်ကြားရေး၊ တည်းခိုနေထိုင်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ဧည့်ခံကျွေးမွေးရေး၊ ဖွင့်ပွဲနှင့်အစည်းအဝေးအခမ်းအနား ကျင်းပရေး၊ လုံခြုံရေး၊ ပြန်ကြားရေး၊ ကျန်းမာရေးနှင့် ဘဏ္ဍာရေးကော်မတီများမှ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ဆွေးနွေးပွဲတွင် အတည်ပြုချက်ရယူသွားမည်ဖြစ်သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကျင်းပရေးအတွက် UPDJC အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးဒုတိယနေ့ကို ဇန်နဝါရီ ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်း - မြတ်သန္တာမောင်၊ ဓာတ်ပုံ - ဇော်မင်းလတ်

# ဧရာဝတီမြစ်အတွင်း သောင်ဖြစ်ထွန်းမှုမြင့်မားလာ၍ သင်္ဘောများသွားလာရေး အခက်အခဲများဖြစ်နိုင်

**မင်းဘူး ဇန်နဝါရီ ၅**

မင်းဘူး-မကွေးဒေသ ဧရာဝတီမြစ်အတွင်း သဲသောင်ဖြစ်ထွန်းမှု မြင့်မားလာမှုကြောင့် မြစ်အတွင်းရေကြောင်းများပိတ်ဆို့ကာ သင်္ဘောများသွားလာရေးခက်ခဲနေပြီဖြစ်ကြောင်းကို သင်္ဘောမောင်းသူများထံမှ သိရသည်။

ယခုနှစ်အတွင်း မြစ်ရေကြီးမှု နှစ်ကြိမ်နှင့် မိုးရွာသွန်းမှုမြင့်မားခြင်းတို့ကြောင့် ဧရာဝတီမြစ်အတွင်း နုန်းမြေများစီးဝင်မှုမြင့်မားခဲ့ပြီး ပွင့်လင်းရာသီကာလမှာပင် သဲသောင်များပေါ်ထွန်းခဲ့မှုမှာ ယခင်နှစ်များနှင့်မတူဘဲ ပိုမိုပေါ်ထွန်းခဲ့မှုကြောင့် ဧရာဝတီမြစ်အတွင်း ရေကြောင်းပိတ်ဆို့မှုများ ဖြစ်ပေါ်နေကြောင်း ၎င်းတို့ထံမှ သိရသည်။

"ကျွန်တော် ဧရာဝတီမြစ်ကြောင်းမှာ သွားလာနေတာ ၁၀ နှစ်ကျော်ပြီ။ ဒီနှစ်သဲသောင်ဖြစ်ထွန်းမှုက မြင့်မားပြီး မကွေးဘက်က မြစ်ကြောင်းဆို ဘယ်သင်္ဘောမှ သွားလာလို့မရတော့ဘူး။ မင်းဘူးဘက်ခြမ်းမြစ်ကြောင်းကနေပဲ သွားလာနေရတယ်။ အရင်နှစ်တွေက ဒီအချိန်ဆို မင်းဘူးဘက်ရော၊ မကွေးဘက်ရော သွားလာလို့ရသေးတယ်။ မတ်လ၊ ဧပြီလလောက်မှ မြစ်ကြောင်းပိတ်ဆို့မှု တွေဖြစ်ပေါ်တာ။ ဒီနှစ်မြစ်ကြောင်းက စောစောပိတ်ဆို့နေတော့ မြစ်အတွင်းသွားလာနေတဲ့ သင်္ဘောတွေ တစ်ကွေ့တစ်ပတ်ကြီး သွားနေရပြီဖြစ်ပါတယ်။

"ဒီနှစ်တွင် သဲသောင်ဖြစ်ထွန်းမှုမြင့်မားနေတဲ့အတွက် နွေရာသီကာလ မတ်၊ ဧပြီ၊ မေလလောက်ဆို ဧရာဝတီမြစ်တွင်းရေကြောင်းတွေ ထပ်မံပိတ်ဆို့မှု ပိုမိုဖြစ်ပေါ်နိုင်တယ်။ မြစ်ကြောင်းက ကုန်စည်ပို့ဆောင်သယ်ယူမှုတွေ ရပ်တန့်သွားနိုင်တယ်။ မြစ်ကြောင်းထိန်းသိမ်းရေးဌာနတို့က ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်မှ သင်္ဘောတွေ အဆင်ပြေသွားနိုင်မယ်"ဟု ရေနံမုတ္တမသင်္ဘောမှ ကိုမောင်တာက ပြောသည်။

"မနှစ်က မင်းဘူးမြို့မြောက်ဘက် သူဌေးကုန်းရွာနားက ကျောက်တန်းကို ယန္တရားတွေနဲ့ဖြိုဖျက်နိုင်တာကြောင့် မနှစ်ကသင်္ဘောတွေ မြစ်ကြောင်းကျဉ်းပေမယ့် သွားလာလို့ရခဲ့ပါတယ်။ ဧရာဝတီမြစ်ရေကျချိန်ဆို မကွေးဘက်ကမ်းကသောင်တွေ အရင်ပေါ်လာကာ ရေကြောင်းပိတ်ဆို့မှုဖြစ်ပြီး မင်းဘူးဘက်ကပဲသင်္ဘောတွေ ကွေ့ပတ်ပြီးသွားကြရတယ်။ ဒီနှစ်ဒီရာသီမှာ သောင်ပြင်ဖြစ်ထွန်းမှုကြောင့် ရေကြောင်းပိတ်ဆို့နေတာ နွေရာသီကာလဆို မလွယ်လောက်တော့ဘူး"ဟု ဧရာဝတီမြစ်ကြောင်း ထိန်းသိမ်းရေးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြစ်ကြောင်းကျဉ်းမြောင်းလာ၍ ရေကြောင်းပိတ်ဆို့မှုများကြောင့် ဧရာဝတီမြစ်အတွင်း သွားလာနေသော သင်္ဘောများသောင်တင်ပါက စရိတ်ပိုမိုမြင့်လာကြောင်းနှင့် ကုန်စည်သယ်ဆောင်စရိတ်ခ တိုးမြင့်လာနိုင်ကြောင်း သင်္ဘောမောင်းနှင်သူများထံမှ သိရသည်။

ယခုနှစ် ဧရာဝတီမြစ်အတွင်း အပျော်စီးသင်္ဘောကြီးများဖြင့် နိုင်ငံခြားသားကမ္ဘာ့လှည့်ခရီးသွားများ မြစ်ကြောင်းတစ်လျှောက် လေ့လာရေးခရီးစဉ်များပင် ရပ်တန့်စေနိုင်ကြောင်းနှင့် စရိတ်သက်သာသော ရေကြောင်းကုန်သွယ်ရေးကို ထိခိုက်စေနိုင်ကြောင်း ဧရာဝတီမြစ်ကြောင်း လေ့လာသုံးသပ်သူများထံမှ သိရသည်။

**ကိုကျော်(မင်းဘူး)**

**○MNL မှ**

ရဲလင်းနောင် သွင်းယူခဲ့သည့် တစ်လုံးတည်းသောဂိုးဖြင့် စီးတီးစတားအသင်းကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဒုတိယပွဲစဉ်များကို ဇန်နဝါရီ ၇ ရက်တွင် ကျင်းပမည်ဖြစ်ပြီး သီဟဒီပအသင်းနှင့် United of Than Lyin အသင်း၊ စလင်းကွင်း၌ စီးတီးစတားအသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

# ပလူတိုနီယမ် အမြောက်အမြားကို အမေရိကန်သို့ ဂျပန်လွှဲပြောင်းပေးမည်

**တိုကျို ဇန်နဝါရီ ၅**

အမေရိကန်ပြည်ထောင်စုနှင့် ရရှိခဲ့သော သဘောတူညီချက်တစ်ရပ်အရ ဂျပန်နိုင်ငံသည် ပလူတိုနီယမ် အမြောက်အမြားကို အမေရိကန်နိုင်ငံသို့ လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၅ ရက်တွင် သတင်းထုတ်ပြန်သည်။

သုတေသနပြုလုပ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် အမေရိကန်၊ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့က လွန်ခဲ့သည့် ဆယ်စုနှစ်ပေါင်းအတန်ကြာကာလက ထောက်ပံ့ပေးခဲ့သော ပလူတိုနီယမ်များကို ဂျပန်နိုင်ငံက အမေရိကန်ပြည်ထောင်စုထံ ပြန်လည်လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပြန်လည်လွှဲပြောင်းပေးအပ်မည့် ပလူတိုနီယမ် ပမာဏမှာ အဏုမြူဗုံး အလုံး ၅၀ အထိ ထုတ်လုပ်နိုင်သောပမာဏဖြစ်သည်ဟုဆို၏။

အဆင့်မြင့်သန့်စင်ပြီး ယူရေနီယမ် ၃၃၁ ကီလိုဂရမ်ကို မတ်လကုန်ဆုံးချိန်ထက်နောက်မကျဘဲ အမေရိကန်ပြည်ထောင်စု တောင်ကာရိုလိုင်းနားပြည်နယ်ရှိ နျူကလီးယားစက်ရုံတစ်ရုံသို့ ပေးပို့မည်ဖြစ်ကြောင်း ကျိုဒိုသတင်းဌာနက အမည်မဖော်သူဂျပန်တာဝန်ရှိသူများအား ကိုးကားလျက် သတင်းထုတ်ပြန်သည်။

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့၌ လာမည့် မတ်လတွင် နျူကလီးယားလုံခြုံရေးထိပ်သီးဆွေးနွေးပွဲကျင်းပခြင်းမရှိမီ ပလူတိုနီယမ်များကို ဂျပန်နိုင်ငံက လွှဲပြောင်းပေးအပ်ရန် စီစဉ်ခြင်းဖြစ်သည်။

ဂျပန်နှင့်အမေရိကန်ပြည်ထောင်စုတို့သည် နျူကလီးယားလက်နက်မပြန့်ပွားရေးအတွက် လုပ်ဆောင်သွားကြရန် ကတိကဝတ်ပြုထားကြသည့်နိုင်ငံများ ဖြစ်ကြသည်။ ၂၀၁၄ ခုနှစ်တွင် အဆိုပါနှစ်နိုင်ငံရရှိခဲ့သော သဘောတူညီချက်အရ ပလူတိုနီယမ်များကိုပြန်လည်လွှဲပြောင်းပေးအပ်မည် ဖြစ်သည်။ **ပီတီအိုင်။**



# မစ္စစ္စပီမြစ်နှင့် မြစ်လက်တက်များ၌ ရေကြီး အမေရိကန်ပြည်နယ်အချို့၌ ရေဘေးအန္တရာယ်ကြုံ

**ဝါရှင်တန် ဇန်နဝါရီ ၅**

အမေရိကန်ပြည်ထောင်စုရှိ မစ္စစ္စပီမြစ်နှင့်ယင်း၏ မြစ်လက်တက်များ၌ ရေကြီးလျက်ရှိရာ အီလီနွိုက်စ်ပြည်နယ်မှသည် မစ်ဇူရီ၊ အာကင်စောနှင့် အိုကလာဟိုးမားပြည်နယ်များအထိ မြစ်ကမ်းပါးမြို့များ၌ ရေလွှမ်းမိုးမှုအန္တရာယ်ကိုရင်ဆိုင်နေရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ခရစ္စမတ်နေ့မှအစပြု၍ သုံးရက်ကြာမျှ မိုးရေချိန် ၁၀ လက်မကျော်အထိ သည်းထန်စွာရွာသွန်းခဲ့သဖြင့် မစ္စစ္စပီမြစ်နှင့် ယင်း၏မြစ်လက်တက်များ၌ ရေကြီးလျက်ရှိသည်။

စံချိန်တင် သို့မဟုတ် စံချိန်တင်ရလုနီး မြစ်ရေကြီးမှုကြောင့် အီလီနွိုက်စ်ပြည်နယ်တောင်ပိုင်း၌ လူကိုးဦးသေဆုံးခဲ့ရပြီး စီရင်စု ၁၂ ခု၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာအရေးပေါ်အခြေအနေ ထုတ်ပြန်ပေးခဲ့ရကြောင်း အီလီနွိုက်စ်အရေးပေါ်လုပ်ငန်းများ စီမံခန့်ခွဲရေးအေဂျင်စီက ပြောကြားသည်။ ဆောင်းဥတုကာလ ရေလွှမ်းမိုးမှုအဖြစ်ဆိုးရွားသောရေလွှမ်းမိုးမှုဖြစ်ပွားလျက်ရှိသည်။

ရေဘေးအန္တရာယ်ကျရောက်နေသောပြည်နယ်များ၌ ယခုအချိန်အထိ ရေလွှမ်းမိုးမှုနှင့်ဆက်နွှယ်နေသော မတော်တဆမှုများကြောင့် ၃၁ ဦးသေဆုံးခဲ့ရသည်။ **ဆင်ဟွာ။**

# ပန်ဂျပ်ပြည်နယ်မှ အတိုက်ခိုက်ခံလေတပ်စခန်းသို့ အိန္ဒိယကာကွယ်ရေးဝန်ကြီး သွားရောက်မည်

**နယူးဒေလီ ဇန်နဝါရီ ၅**

အိန္ဒိယနိုင်ငံမြောက်ပိုင်းပန်ဂျပ်ပြည်နယ်၌ အကြမ်းဖက်တိုက်ခိုက်ခံခဲ့ရသော လေတပ်အခြေစိုက်စခန်းပါသန်ကောသို့ ဇန်နဝါရီ ၅ ရက်တွင် အိန္ဒိယကာကွယ်ရေးဝန်ကြီး မနိုဟာပါရီကာ သွားရောက်မည်ဟု အစိုးရအသံလွှင့်ဌာန အေအိုင်အာရ်က သတင်းထုတ်လွှင့်သည်။

ပါကစ္စတန်နိုင်ငံနှင့်နယ်နိမိတ်ချင်းထိစပ်နေသည့် ပန်ဂျပ်ပြည်နယ်အတွင်းရှိ အိန္ဒိယလေတပ်အခြေစိုက်စခန်းသို့ အိန္ဒိယကာကွယ်ရေးဝန်ကြီးကိုယ်တိုင် သွားရောက်ကာလေ့လာသုံးသပ်ရန် စီစဉ်ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီ မြောက်ဘက်ကီလိုမီတာ ၄၃၀ အကွာရှိ အဆိုပါလေတပ်အခြေစိုက်စခန်းကို သေနတ်သမားတစ်စုက တိုက်ခိုက်ခဲ့ပြီးနောက် လေးရက်မြောက်နေ့တွင် ကာကွယ်ရေးဝန်ကြီး၏ခရီးစဉ် ထွက်ပေါ်လာခြင်းဖြစ်သည်။

လက်နက်များကိုင်ဆောင်ထားသည့် တိုက်ခိုက်ရေးသမားတစ်စုသည် ဇန်နဝါရီ ၂ ရက်ဒေသစံတော်ချိန် နံနက် ၃ နာရီ ၁၀ မိနစ်တွင် လေတပ်စခန်းအတွင်းသို့ ဝင်ရောက်ကာနေရာဌာနများ၌ ပစ်ခတ်တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။ ယင်းလေတပ်စခန်းအတွင်း အကြမ်းဖက်သမားများကို ရှင်းလင်းရန် စစ်ဆင်ရေးလုပ်ငန်းကို ဆက်လက်လုပ်ဆောင်နေဆဲဖြစ်သည်။

အိန္ဒိယလေတပ်စခန်းကို သေနတ်သမားခြောက်ဦးက တိုက်ခိုက်ခဲ့ကြောင်း သတင်းများထွက်ပေါ်ခဲ့ပြီး အကြမ်းဖက်သမားအလောင်းငါးလောင်းကိုတွေ့ရှိရကာ ကျန်တစ်ဦးမှာ အပျက်အစီးများအောက်၌ သေဆုံးနေဖွယ်ရှိသည်ဟု ယူဆရသည်။ **ဆင်ဟွာ။**

# ဂါဘွန်နိုင်ငံရှိ အမျိုးသားဥယျာဉ်အတွင်းမှ ဆင်စွယ် ကီလို ၃၀ ဖမ်းဆီးမိ

**လီဗရီဗယ်လီ ဇန်နဝါရီ ၅**

ဥယျာဉ်အစောင့်များက ဂါဘွန်နိုင်ငံမြောက်ပိုင်း မင်ကဲဘီဥယျာဉ်အတွင်း တရားမဝင်တိရစ္ဆာန်ဖမ်းဆီးသူများထံမှ ဆင်စွယ် ကီလို ၃၀ ဖမ်းဆီးမိခဲ့ကြောင်း လီဗရီဗယ်လီမြို့ရှိ အစိုးရသတင်းရပ်ကွက်တစ်ခုက ပြောကြားသည်။

ကင်းလှည့်နေသည့်ဥယျာဉ်အစောင့်များက ဂါဘွန်နှင့်ကင်မရွန်းနယ်စပ်အနီး၌ တရားမဝင်တိရစ္ဆာန်ဖမ်းဆီးသူများ၏ စခန်းတစ်ခုကို ရှာဖွေတွေ့ရှိခဲ့ကြောင်း အဆိုပါသတင်းရပ်ကွက်က ထုတ်ပြန်ချက်တစ်ခုတွင် ပြောကြားသည်။ ဖမ်းဆီးမည်ကိုကြောက်ရွံ့သောကြောင့် သံသယဖြစ်ဖွယ်ရာ တိရစ္ဆာန်ခိုးဖမ်းဆီးသူခြောက်ဦးမှာ ထွက်ပြေးသွားခဲ့ပြီး တစ်ဦးကိုသာ ဖမ်းမိခဲ့သည်။

ဖမ်းဆီးမိသူမှာ ၎င်းနှင့်တစ်နိုင်ငံတည်းသား ကင်မရွန်းလူမျိုး ဂျင်းကလောက်အဘိုလီ မင်ကော်မူဆိုသူဖြစ်သည်။ ရှာဖွေမှုများပြုလုပ်ပြီးနောက် ဥယျာဉ်အစောင့်များက စခန်းအတွင်းမှ လက်နက်အချို့အပြင် ဆင်စွယ်ကီလို ၃၀ ရှာဖွေတွေ့ရှိခဲ့ပြီး ဆင် ၁၄ ကောင်ထက်မနည်း သတ်ဖြတ်ခံထားရသည်ဟု သိရသည်။

ဆင်များမှာ ဂါဘွန်နိုင်ငံ၌ ကာကွယ်စောင့်ရှောက်မှုပေးထားသည့် တိရစ္ဆာန်များတွင် ပါဝင်သည်။ ဂါဘွန်နိုင်ငံ၏ သစ်တောဥပဒေတွင် ကာကွယ်စောင့်ရှောက်ထားသော တိရစ္ဆာန်မျိုးစိတ်များ သတ်ဖြတ်ခြင်း၊ ချုပ်နှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် တိရစ္ဆာန်ထွက်ပစ္စည်းများရောင်းချခြင်းတို့ကို ပိတ်ပင်တားမြစ်ထားပြီး ထောင်ဒဏ်ခြောက်လ သို့မဟုတ် အများဆုံးဒဏ်ကြေးငွေ စီအက်ဖ်အေဖရန့်စ် ၁၀ သန်း(အမေရိကန်ဒေါ်လာ ၁၆၀၀၀) ချမှတ်ခံရနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်းများက ပြစ်ဒဏ်မှာ အလွန်ပင်သက်ညှာသည်ဟုဆိုပြီး တိရစ္ဆာန်ခိုးဖမ်းဆီးမှုကို ဟန့်တားရန် ပိုမိုပြင်းထန်သောပြစ်ဒဏ်များ ချမှတ်ရန်မေတ္တာရပ်ခံလျက်ရှိသည်။ **ဆင်ဟွာ။**



ဆော်ဒီနိုင်ငံခြားရေးဝန်ကြီး အဒယ်အယ်လ် ဂျူဘီယာ။

# ဆော်ဒီအာရေဗျနိုင်ငံက အီရန်နှင့် ကုန်သွယ်မှု ရပ်ဆိုင်းဖွယ်ရှိ

**ရီယတ် ဒီဇင်ဘာ ၅**

ရှီးယိုက်ဘာသာရေးခေါင်းဆောင်တစ်ဦး ကွပ်မျက်ခံရမှုနှင့် ဆက်နွှယ်သော နောက်ဆက်တွဲတင်းမာမှုများ မြင့်တက်လာသောကြောင့် အီရန်နိုင်ငံနှင့်ကုန်သွယ်မှုကို ရပ်ဆိုင်းသွားဖွယ်ရှိကြောင်း ဆော်ဒီအာရေဗျနိုင်ငံက ပြောကြားသည်။

အဆိုပါ ကွပ်မျက်မှုကို ဆန့်ကျင်ကန့်ကွက်သူများက အီရန်နိုင်ငံရှိ ဆော်ဒီအာရေဗျသံရုံးကို တိုက်ခိုက်ခဲ့ပြီးနောက် ဆွန်နီအများစုလွှမ်းမိုးသည့် ဆော်ဒီအာရေဗျနိုင်ငံက အီရန်နိုင်ငံနှင့် သံတမန်ဆက်သွယ်မှု ဖြတ်တောက်လိုက်သည်။ တင်းမာမှုအရှိန်မြင့်တက်လာမှုနှင့်ပတ်သက်၍ ဆော်ဒီနိုင်ငံခြားရေးဝန်ကြီး အဒယ်အယ်လ် ဂျူဘီယာက အီရန်နိုင်ငံကို ပြစ်တင်ဝေဖန်ခဲ့ပြီး ဆော်ဒီအာရေဗျနိုင်ငံအနေဖြင့် အီရန်နိုင်ငံနှင့် ကုန်သွယ်မှု၊ လေကြောင်းဆက်သွယ်သွားလာမှုများပါ ရပ်ဆိုင်းသွားဖွယ်ရှိကြောင်း ဇန်နဝါရီ ၄ ရက်တွင် ပြောကြားသည်။

ဆော်ဒီနှင့် အီရန်ကြားတွင် ပဋိပက္ခဖြစ်ပွားစေနိုင်သော ကိစ္စရပ်များနှင့် ဒေသတွင်းမတည်မငြိမ်ဖြစ်ပွားစေနိုင်သော ပြဿနာပေါင်းများစွာရှိသည်။ အီရန်၏ အိမ်နီးချင်း အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင်လည်း ကွပ်မျက်မှုနှင့်ပတ်သက်၍ ဆန့်ကျင်မှုများရှိခဲ့ပြီး ဆွန်နီဘာသာရေးအဆောက်အအုံတစ်ခု တိုက်ခိုက်ခံရမှုသည် ရှီးယိုက်ဘာသာရေးခေါင်းဆောင်ကွပ်မျက်ခံရမှုအတွက် လက်တုံ့ပြန်တိုက်ခိုက်ခြင်းဖြစ်ဖွယ်ရှိသည်။ **အင်န်အိတ်ချ်ကေ။**



# မြန်မာနိုင်ငံ၏ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံခေါင်းဆောင်များထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

**လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် လာအိုပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့် မြန်မာပြည်သူများအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သပါကြောင်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ ကျူမာလီဆိုင်ညဆွန်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ သဝဏ်လွှာပေးပို့သည်။

ကျွန်ုပ်တို့နှစ်နိုင်ငံကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့သည် အာဆီယံမိသားစုကြီး၏ တည်ငြိမ်မှုအတွက်သာမက ဒေသတွင်းနှင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ တည်ငြိမ်အေးချမ်းမှုအတွက်ပါ လာမည့်နှစ်များအတွင်း ပိုမိုတိုးတက်လာမည်ဟု ကျွန်ုပ်အနေဖြင့် ခိုင်မာစွာ ယုံကြည်ပါသည်။ ယခုကဲ့သို့မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယနှင့် နှစ်သစ်ကူးကာလတို့တွင် အဆွေတော် ကျန်းမာရွှင်လန်းစေရန်နှင့် မြန်မာပြည်သူများ သာယာဝပြောစေရန် ဆုတောင်းမေတ္တာ ပို့သပါသည်။

အလားတူ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် သွန်ဆင်းသမာဗောင်ကလည်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

**ဖိလစ်ပိုင်သမ္မတနိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘီနင်နို အကွီနို (၃) က မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ဖိလစ်ပိုင်အစိုးရကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုတောင်းမေတ္တာပို့သပါသည်။

လွန်ခဲ့သောနှစ်သည် မြန်မာနိုင်ငံအတွက် အမှန်တကယ် အသိအမှတ်ပြုဖွယ် နှစ်တစ်နှစ်ဖြစ်ခဲ့ပါသည်။ အဆွေတော်တို့အနေဖြင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သကဲ့သို့ အထွေထွေရွေးကောက်ပွဲများကိုလည်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ ယင်းအောင်မြင်မှုများအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရပြီး မြန်မာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖိလစ်ပိုင်နိုင်ငံအနေဖြင့် အပြည့်အဝထောက်ခံကူညီသွားမည်ဖြစ်ပါသည်။

၂၀၁၆ ခုနှစ်အတွင်း မိမိတို့နှစ်နိုင်ငံကြား သံတမန်ဆက်သွယ်မှု နှစ် (၆၀)ပြည့် အထိမ်းအမှတ် အခါသမယကို ဆင်နွဲရန်ပြင်ဆင်ဆောင်ရွက်လျက်ရှိသကဲ့သို့ မြန်မာ-ဖိလစ်ပိုင် ချစ်ကြည်ရင်းနှီးမှုဆက်ဆံရေးသည် ဆက်လက်ခိုင်မာလာမည်ဟု ယုံကြည်ပါသည်။ ယခုအချိန်အခါတွင် အာဆီယံအဖွဲ့အစည်းကြီးသည် တစ်ခုတည်းသော စီးပွားရေးအသိုက်အဝန်းဖြစ်လာသည့်အတွက် မိမိတို့နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်စေရန် အလားအလာကောင်းများစွာကို ပိုင်ဆိုင်လာမည်ဖြစ်ပါသည်။

**ကမ္ဘောဒီးယားနိုင်ငံ**

ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဟွန်ဆန်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘောဒီးယားအစိုးရနှင့်ပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်သမ္မတကြီး၊ မြန်မာအစိုးရနှင့် မြန်မာပြည်သူများအတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဝဏ်လွှာပေးပို့ပါသည်။

ကျွန်ုပ်တို့နှစ်နိုင်ငံ၏ ဘုံရည်မှန်းချက်များနှင့်အညီ နှစ်နိုင်ငံကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်မှုတို့သည် နှစ်နိုင်ငံပြည်သူများ၏ အပြန်အလှန်အကျိုးစီးပွားအတွက် လာမည့်နှစ်များအတွင်း ပိုမိုတိုးတက်လာမည်ဟု ကျွန်ုပ်အနေဖြင့် ဇကန်မုချယုံကြည်ပါသည်။

အာဆီယံအသိုက်အဝန်းကြီး ဆတက်ထမ်းပိုးတိုးတက်လာစေရန်နှင့် အာဆီယံခေါင်းဆောင်များအကြား ရင်းနှီးသောဆက်ဆံမှု ဖြစ်ပေါ်လာစေရန်အတွက် မိမိတို့နှစ်နိုင်ငံဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကတိပြုအပ်ပါသည်။

**တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ တော်မာတန်ရောက်ခ်က မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယအတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အဆွေတော်သမ္မတကြီး ကျန်းမာရွှင်လန်းစေရန်နှင့် မြန်မာပြည်သူများ သာယာဝပြောစေရန် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဂျာမနီနိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိနှင့် ဂျာမန်ပြည်သူများက အဆွေတော်နှင့် မြန်မာပြည်သူများအတွက် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဂျာမနီနိုင်ငံ သမ္မတ ဂျိုဝါချင် ဂေါက်ခ်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ သဝဏ်လွှာပေးပို့သည်။

၂၀၁၅ ခုနှစ်သည် အဆွေတော်တို့ နိုင်ငံအတွက် သမိုင်းဝင်နှစ်တစ်နှစ်ဖြစ်ပါသည်။ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အတွက် အဆွေတော် ဦးဆောင်သည့် အစိုးရအဖွဲ့ကို ကမ္ဘာတစ်ဝန်းလုံးက ထိုက်တန်စွာ အသိအမှတ်ပြုခဲ့သည်။ ရွေးကောက်ပွဲရလဒ်ကို ပါတီအားလုံးက ဂုဏ်သိက္ခာရှိစွာ လက်ခံခဲ့ခြင်းကို မိမိနှစ်ထောင်းအားရဖြစ်မိပါသည်။

အသွင်ကူးပြောင်းရေးဖြစ်စဉ်သည် အဆုံးသတ်ခြင်းမရှိသေးပါ။ မြန်မာနိုင်ငံကြုံတွေ့ရမည့် နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲရေးစိန်ခေါ်မှုများကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ပါစေကြောင်း ဆုတောင်းပေးပါသည်။ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလမ်းစဉ်တွင် ဂျာမနီနိုင်ငံအနေဖြင့် ယုံကြည်စိတ်ချရသော မိတ်ဖက်နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေမည် ဖြစ်ပါသည်။

**ချက်သမ္မတနိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ချက်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မီလော့စ်ဇီမန်းက သဝဏ်လွှာပေးပို့သည်။

မြန်မာနိုင်ငံမှကြိုးပမ်းဆောင်ရွက်ခဲ့သည့်ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ်များ၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် လွတ်လပ်သောရွေးကောက်ပွဲများ ကျင်းပသည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို မိမိစိတ်ဝင်တစား လေ့လာခဲ့ပါသည်။ မြန်မာနိုင်ငံက ဖော်ဆောင်လျက်ရှိသော လုပ်ငန်းစဉ်များကို ရွေးကောက်ပွဲလွန်ကာလတွင်လည်း ဆက်လက်ဖော်ဆောင်သွားမည်ဟု ယုံကြည်ပါကြောင်းနှင့် အားပေးတိုက်တွန်းပါကြောင်း ဖော်ပြအပ်ပါသည်။

အလားတူ ချက်သမ္မတနိုင်ငံဝန်ကြီးချုပ် ဘိုဟူစလပ်ဗ် ဆိုဘော့ကာကလည်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခဲ့သည်။

□□

# တရုတ်နိုင်ငံမှ ရေခဲရေတံခွန် (သို့မဟုတ်) စိတ်ဝင်စားဖွယ် ရေခဲပန်းဆွဲများ

ဘာသာပြန်
မောင်သာယာ

ကျွန်ုပ်တို့ လူအများစုသည် ရေတံခွန်ဟုဆိုလျှင် တဝေါဝေါ တဝုန်းဝုန်းဖြင့် လှုပ်ရှားစီးဆင်းနေသည့် ရေတံခွန်များကိုသာ မြင်ဖူးလေ့ရှိကြသည်။ သို့သော် ယခုကဲ့သို့ ဆောင်းရာသီကာလများတွင် အပူချိန်နည်းပါးသည့် ဒေသများရှိ ရေတံခွန်များမှာ အံ့ဩမှင်တက်စရာ ကောင်းလောက်အောင် လှုပ်ရှားမှုကင်းမဲ့သည့် ရေခဲရေတံခွန်များ သို့မဟုတ် ရေခဲပန်းဆွဲများအဖြစ်သို့ ပြောင်းလဲသွားလေ့ရှိကြသည်။ ယင်းကဲ့သို့ ပြောင်းလဲသွားသည့် ရေခဲရေတံခွန်များအောက်တွင် ဖြတ်သန်းသွားလာသော်လည်း ရေစိုမည်မဟုတ်ပေ။ ဖြူဖွေးနေသော ရေခဲစိုင်များနှင့် တောင်ကမ်းပါးယံများမှ တွဲလောင်းကျနေသော ရေခဲမျှင်များသည် တောင်တက်သမားများကို သာမက ကမ္ဘာလှည့်ခရီးသွားဧည့်သည်များကိုပါ ဆွဲဆောင်နိုင်စွမ်းရှိသည်။



တရုတ်နိုင်ငံ ဟူပေပြည်နယ်ရှိ တိုင်ဟန်တောင်တန်းပေါ်မှ ရေခဲရေတံခွန်။



အီတလီနိုင်ငံမှ မာမိုလာဒါရေခဲရေတံခွန်။

တရုတ်နိုင်ငံမြောက်ပိုင်း ဟူပေပြည်နယ်ရှိ တိုင်ဟန်တောင်တန်းပေါ်မှ ရေတံခွန်များမှာလည်း ယခုကဲ့သို့ ဆောင်းရာသီကာလများတွင် အေးခဲသွားလေ့ရှိသည်။ ဟူပေပြည်နယ်၏ ရာသီဥတုအခြေအနေသည် ဆောင်းရာသီတွင် အနုတ် ၁၂ ဒီဂရီအထိ ရောက်ရှိလေ့ရှိပြီး မိုင် ၂၅၀ ရှည်လျားသည့် တိုင်ဟန်တောင်တန်းပေါ်ရှိ ရေတံခွန်များသည် ဆောင်းရာသီတွင် အစိုင်အခဲများအဖြစ်သို့ ပြောင်းလဲသွားလေ့ရှိသည်။ တိုင်ဟန်တောင်တန်းသည် ဟူပေပြည်နယ်တွင် မြောက်မှတောင်သို့ သွယ်တန်းလျက်ရှိပြီး ပျမ်းမျှအမြင့်ပေ ၄၉၀၀ မှ ၆၆၀၀ အထိရှိပြီး ရှီအာဝူတိုင်ရှန်ဒေသရှိ တောင်ထိပ်သည် ၉၄၅၅ ပေအထိ မြင့်မားသည်။

တိုင်ဟန် တောင်တန်းပေါ်မှ သဘာဝအလျောက် အေးခဲသွားသည့် ရေခဲရေတံခွန်များ၏ အလှအပများကို ကြည့်ရှုခံစားရန်နှင့် ဓာတ်ပုံရိုက်ကူးရန် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ နှစ်စဉ်လာရောက်လေ့ရှိကြသည်။ ရေခဲရေတံခွန်များကို နက်ရှိုင်းသော တောင်ကြားများ၊ ချောက်ကမ်းပါးများနှင့် မြင့်မားသော တောင်ကမ်းပါးယံများတွင် တွေ့နိုင်သည်။

ကမ္ဘာပေါ်ရှိ ထင်ရှားသည့် အခြားသော ရေခဲရေတံခွန်များမှာ အိုက်စလန်နိုင်ငံရှိ ဂိုဒါဖော့စ် ရေခဲရေတံခွန်၊ အီတလီနိုင်ငံ အနောက်မြောက်ပိုင်းရှိ မာမိုလာဒါ ရေခဲရေတံခွန်၊ နော်ဝေနိုင်ငံရှိ အက်ဂျီးယော့ဒ် ရေခဲရေတံခွန်၊ ပြင်သစ်နိုင်ငံရှိ ဘော်လန်ဒါဂျော့ဂ် ရေခဲရေတံခွန်၊ အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ်ရှိ ရိုင်ဖယ် ရေခဲရေတံခွန်နှင့် အော်ရာ ရေခဲရေတံခွန်တို့ဖြစ်ကြသည်။

**Ref: Wikipedia; Frozen waterfall and Taihang Mountain's waterfalls frozen.**

# မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေးတိုးတက်မှုအတွက် ဖော်ဆောင်ပေးမည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေးအစမ်းတွင်း "ရွှေရည်ထွန်း"အမှတ်(၁)၏ အောင်မြင်မှု

ပြည်ထောင်စုမြန်မာနိုင်ငံတော် ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-6 ၏ ရေနက်ပိုင်း (Ultra Deepwater) တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေးအစမ်းတွင်းဖြစ်သော "ရွှေရည်ထွန်း"တွင်းအမှတ်-၁ ကို Saung-W Prospect ဟုခေါ်တွင်သော နေရာတွင် Transocean's Deepwater Millennium Drillship တွင်းတူးစက်ဖြင့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် စတင်တူးဖော်ခဲ့ပါသည်။ အဆိုပါအစမ်းတွင်းကို ပင်လယ်ရေအနက်ပေ ၆၆၇၀ (မီတာ ၂၀၃၀)ခန့်တွင် တွင်းအနက် ၁၇၄၀၈ ပေ (၅၃၀၆ မီတာ)အထိ တူးဖော်ခဲ့ပြီး သဘာဝဓာတ်ငွေ့ကော်လံ ၄၂၃ ပေခန့်ရှိသည့် သဘာဝဓာတ်ငွေ့ခိုအောင်းနေသည့် သဲကြောကြီးကို ရှာဖွေတွေ့ရှိခဲ့ပါသည်။ နောက်ဆုံးတိုင်းတာရရှိထားသော အချက်အလက်များ (Pressure & Sampling Results) အရ အဆိုပါ ၄၂၃ ပေ ရှိသော သဘာဝဓာတ်ငွေ့ကော်လံတွင် သဲကြောသုံးကြောပါဝင်ပြီး ၎င်း၏ Net Pay မှာ အနည်းဆုံး ပေ ၅၀(၁၅ မီတာ)ခန့်ရှိပါသည်။ ၎င်းရှာဖွေတွေ့ရှိမှုသည် မြန်မာ့ကမ်းလွန်ရေနက်ပိုင်း သမိုင်းတစ်လျှောက်တွင် ပထမဆုံးကြီးမားသည့် ရှာဖွေတွေ့ရှိမှု(Major Discovery) ဖြစ်ပါသည်။

လုပ်ကွက် A-6 ၏ Operator ဖြစ်သူ MPRL E & P Pte Ltd. သည် မြန်မာအမျိုးသားများဦးစီး၍ မြန်မာဘူမိဗေဒပညာရှင်နှင့် ရေနံအင်ဂျင်နီယာများဖြင့် ရေနံရှာဖွေရေးနှင့် ထုတ်လုပ်ရေး (Exploration & Production) လုပ်ငန်းကို လွန်ခဲ့သော (၁၇)နှစ်၊ ၁၉၉၈ ခုနှစ်မှစ၍ မန်းရေနံမြေအထွက်တိုးရေးအတွက် PCC စာချုပ်ဖြင့် MOGE နှင့် တွဲဖက်ဆောင်ရွက်ခဲ့ပြီး မြန်မာ့ပင်လယ်ပြင် ရခိုင်ကမ်းလွန်ဒေသလုပ်ကွက် A-6 ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းများကို ၂၀၀၇ ခုနှစ်မှစ၍ ရင်းနှီးမြှုပ်နှံဆောင်ရွက်ခဲ့ပါသည်။

MPRL E & P သည် လုပ်ကွက်အမှတ် A-6 ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းများဖြစ်သည့် 2 D ဆိုက်စမစ်တိုင်းတာရေးလုပ်ငန်းကို ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလတွင်လည်းကောင်း၊ 3 D ဆိုက်စမစ်တိုင်းတာရေးလုပ်ငန်းကို ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလ၌ ရေတိမ်ပိုင်းတွင်လည်းကောင်း အသီးသီးတိုင်းတာရယူခဲ့ပါသည်။ ထိုတိုင်းတာရရှိသော အချက်အလက်များအရ MPRL E&P သည် အဆိုပါ Saung Prospect ကို ၂၀၁၀ ခုနှစ်မှ စတင်တွေ့ရှိ Mapping ပြုလုပ်နိုင်ခဲ့ပြီး ရေနက်ပိုင်း၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ခိုအောင်းနိုင်ဖွယ်နေရာ-၁ (Deepwater Lead-1)အဖြစ် သတ်မှတ်ခဲ့ပါသည်။ သို့ရာတွင် ပင်လယ်ရေနက်ပိုင်းအတွင်း ရှာဖွေလေ့လာရေးအစမ်းတွင်း (Ultra Deepwater Well) တူးဖော်စမ်းသပ်နိုင်ရန်မှာ အဆင့်မြင့်နည်းပညာနှင့် အရင်းအနှီးများစွာလိုအပ်သဖြင့် MPRL E&P အနေဖြင့် ရေတိမ်ပိုင်း (Shallow Water)တွင် ပိုမိုအာရုံစိုက်လေ့လာရှာဖွေခဲ့ပါသည်။ ရခိုင်ကမ်းလွန်ဒေသ၏ ဘူမိဗေဒဆိုင်ရာ အချက်အလက်များကို ပိုမိုသိရှိနားလည်စေရန်နှင့် မြန်မာနိုင်ငံ မုတ်သုံရာသီကာလအတားအဆီးများကြောင့် စူးစမ်းလေ့လာမှုများကို အချိန်တိုးမြှင့်(Work Program Time Extension)ရယူ၍ လေ့လာခဲ့ရပါသည်။ လေ့လာတွေ့ရှိရသော ဘူမိဗေဒအချက်အလက်များအရ MPRL E&P အနေဖြင့် လုပ်ကွက် A-6 တွင် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ၌ အစမ်းတွင်း Pyi Thar-1 နှင့် Pyi Thar-1 ST တို့ကို ရာနှုန်းပြည့်စွန့်စားရင်းနှီး၍ တူးဖော်ခဲ့ပြီး ပြည်သာတွင်း (Pyi Thar-1 ST)မှာ ရခိုင်ကမ်းလွန်တောင်ပိုင်းတွင် Hydrocarbon Discovery တွေ့ရှိကြောင်း ကြေညာနိုင်ခဲ့သည့်အပြင် အဆိုပါအစမ်းတွင်းများကို လုပ်ငန်းခွင်နှင့် သဘာဝပတ်ဝန်းကျင်အန္တရာယ်ထိခိုက်မှုမရှိစေဘဲ သတ်မှတ်ထားသောအချိန်ထက် ၁၇ ရက်စော၍ ချောမောအောင်မြင်စွာ တူးဖော်နိုင်ခဲ့ကာ တွင်းတူးကုန်ကျစရိတ်ကိုလည်း အမေရိကန်ဒေါ်လာ




စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင် "ရွှေရည်ထွန်း"တွင်းအမှတ်(၁)ကို အောင်မြင်စွာတူးဖော်ခဲ့သည့် ပညာရှင်များအား ဇန်နဝါရီ ၃ ရက်က သစ်သီးခြင်းလက်ဆောင်ပေးအပ်စဉ်။

သန်းပေါင်း ၂၄ ဒသမ ၇ သန်းမျှသာ သုံးစွဲခဲ့ပါသည်။

Pyi Thar အစမ်းတွင်း၏ အောင်မြင်မှုမှာ နိုင်ငံတော်အတွက် ကြီးမားသောအကျိုးကို ဖြစ်စေခဲ့ပါသည်။ ဤစူးစမ်းလေ့လာမှုများကို ဆောင်ရွက်နိုင်ရန် လုံလောက်သောအချိန်တိုးမြှင့် (Work Program Time Extention)ကို MPRL E&P မှ တောင်းဆိုခဲ့သည့်အတိုင်း စွမ်းအင်ဝန်ကြီးဌာနနှင့် MOGE တို့မှ လုပ်ငန်းသဘောကို နားလည်သဘောပေါက်စွာဖြင့် ခွင့်ပြုပေးခဲ့ခြင်းသည်လည်း Block A-6 အောင်မြင်မှု၏ အဓိကကျသော အကြောင်းတစ်ခုဖြစ်ပါသည်။

မူလက ရခိုင်ကမ်းလွန်ဒေသတွင် ယခင်တွင်းတူးရလဒ်များနှင့် Daewoo ၏ ရွှေသဘာဝဓာတ်ငွေ့လုပ်ကွက်၏ မြေ၊ ဘူမိအနေအထားတို့အရ အဓိကအနည်ပို့ချမှုသည် ရခိုင်ကမ်းလွန်အနောက်မြောက်ပိုင်း (Bengal Fan System)မှ လာသည်ဟု ယူဆခဲ့ကြပြီး ရခိုင်ကမ်းလွန်တောင်ပိုင်း လုပ်ကွက် A-5 နှင့် A-7 တို့တွင် ဆောင်ရွက်ခဲ့သည့် ရှာဖွေရေးအစမ်းတွင်းများ၏ ရလဒ်များမှာ အားရကျေနပ်ဖွယ်မကောင်းခြင်းကြောင့် ရခိုင်ကမ်းလွန်တောင်ပိုင်းလုပ်ကွက်များကို နိုင်ငံတကာရေနံကုမ္ပဏီများအနေဖြင့် စိတ်ဝင်စားမှုနည်းပါးခဲ့ကြပါသည်။ သို့ရာတွင် MPRL E&P ၏ Pyi Thar အစမ်းတွင်းများ၏ အောင်မြင်မှုများကြောင့် ရခိုင်ကမ်းလွန်တောင်ဘက်ပိုင်းတွင်လည်း အရှေ့မြောက်ဘက်မှ အနောက်တောင်ဘက်သို့ အဓိကအနည်ပို့ချနိုင်မှုသီးခြား (Southern Rakhine Depositional System)ရှိကြောင်း သက်သေပြနိုင်ခဲ့ပါသည်။

အဆိုပါအကျိုးဆက်ကြောင့်လည်း ၂၀၁၃ ခုနှစ် Offshore Bidding Round တွင် Birtish Gas, Woodside, Shell, Chevron ကဲ့သို့သော နိုင်ငံတကာ၏ ထိပ်တန်းရေနံကုမ္ပဏီကြီးများမှ Signature Bonus များ မြောက်မြားစွာပေးကာ ရခိုင်ကမ်းလွန်ဒေသတွင် ရေနံရှာဖွေရေးလုပ်ငန်းများဆောင်ရွက်ရန် အဆိုပြုလွှာများ အပြိုင်အဆိုင်တင်ပြ၍ စိတ်ပါဝင်စားချဉ်းကပ်ဝင်ရောက်လာမှုနှင့်အတူ ယခင်ကမမျှော်မှန်းခဲ့ဖူးသော ကုန်ကျစရိတ်လွန်စွာကြီးမားပြီး ကျွမ်းကျင်မှုပိုင်းဆိုင်ရာ အဆင့်မြင့်အတတ်ပညာလိုအပ်သော ကမ်းလွန်ပင်လယ်ရေနက်ပိုင်း (Deepwater) ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများကို မြန်မာနိုင်ငံတွင်မြင်တွေ့နေရပြီဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်း ရေနံဈေးနှုန်းကျဆင်းမှုကြောင့် ရှာဖွေရေးလုပ်ငန်းများရပ်ဆိုင်းထားရသည့်အချိန်တွင် မြန်မာနိုင်ငံတွင်သာ တိုင်းတာမှုလုပ်ငန်းအများဆုံးဖြစ်နေကြောင်း တွေ့ရှိရပါသည်။ "ရွှေရည်ထွန်း"တွင်း စတင်တူးဖော်နေချိန်တွင် Rakhine Offshore Area ၌ 3D ဆိုက်စမစ် (Acquisition) လုပ်ငန်းအား Survey Vessel လေးစီးဖြင့် နိုင်ငံတကာကုမ္ပဏီများမှ တစ်ပြိုင်နက်တည်း လုပ်ကိုင်လျက်ရှိပါသည်။ ဤကဲ့သို့ ရှာဖွေရေးလုပ်ငန်းများတိုးတက်အကောင်အထည်ဖော် ဆောင်ရွက်နေသည်များမှာ နိုင်ငံတော်အတွက် ရေရှည်အကျိုးဖြစ်ထွန်းစေသည့် အခြေအနေများအဖြစ် လက်တွေ့ရှုမြင်သုံးသပ်နိုင်ပါသည်။

စွမ်းအင်ကဏ္ဍ ကမ်းလွန်ရေနံရှာဖွေရေးလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ရာတွင် အထူးသဖြင့် "စောင်း" (Saung) ကဲ့သို့သော ရေနက်ပိုင်း (Ultra Deep Water) တွင် စွန့်စားရှာဖွေတူးဖော်ရမည့်တွင်းမျိုးကို တူးဖော်ရာ၌ Operator တစ်ဦးတည်းရာခိုင်နှုန်းပြည့် စွန့်စားရင်းနှီးမြှုပ်နှံရှာဖွေတူးဖော်ခြင်းထက် အတွေ့အကြုံရှိ ရေနံကုမ္ပဏီများအချင်းချင်းပူးပေါင်းကာ Risk Dilution ပြုလုပ်လေ့ရှိပါသည်။ ထိုကဲ့သို့ ပူးပေါင်းဆောင်ရွက်နိုင်ရန် အကျိုးအမြတ်ခွဲဝေခံစားမှုနှင့် ငွေကြေးထည့်ဝင်ဆောင်ရွက်မှု (Participating Interest) ကို အသစ်ပါဝင်လာမည့် Partner အသစ်သို့ ခွဲဝေပေးခြင်းဖြင့် စွန့်စားရင်းနှီးမြှုပ်နှံပါဝင်မှုကို သဘောတူညီမှုအရမျှဝေစွန့်စားကြရပြီး အကျိုးအမြတ်ဖြစ်ထွန်းလာလျှင်လည်း ပါဝင်မှုအချိုးအစားအတိုင်း နိုင်ငံတော်နှင့်အတူ မျှဝေခံစားကြရမည်ဖြစ်ပါသည်။

MPRL E&P အနေဖြင့် မိမိ၏စွန့်စားရင်းနှီးမြှုပ်နှံမှုနှင့် အကျိုးအမြတ်ခံစားမှု Risk and Rewards ကို အတွေ့အကြုံရှိ Operator များနှင့် မျှဝေနိုင်ရန်အတွက် Farm-out Process ကို ၂၀၁၁ ခုနှစ်တွင် စတင်ခဲ့ပါသည်။ သို့ရာတွင် ပြည်သာတွင်းများတူးဖော်ပြီးနောက်ပိုင်း ၂၀၁၃ ခုနှစ်တွင်မှ Woodside ကုမ္ပဏီသည် MPRL E&P ယခင်ကတွေ့ရှိထားသောလုပ်ကွက် A-6 ရေနက်ပိုင်းရှိ Deepwater Lead-1 ၏အလားအလာကိုသိရှိနိုင်ရန်အတွက် 3D ဆိုက်စမစ်တိုင်းတာခြင်းဖြင့် စတင်ပါဝင်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ရတနာဓာတ်ငွေ့မြေ၏ Operator ဖြစ်သော ပြင်သစ်နိုင်ငံအခြေစိုက် Total E&P မှလည်း "ရွှေရည်ထွန်း"တွင်း အမှတ်-၁ ၏ ကုန်ကျစရိတ်တစ်စိတ်တစ်ပိုင်းအားပါဝင်ခြင်းဖြင့် ယခု"ရွှေရည်ထွန်း"တွင်း အမှတ်-၁ ကို သုံးပွင့်ဆိုင်ပူးပေါင်းတူးဖော်ခဲ့ခြင်းဖြစ်ပါသည်။

"ရွှေရည်ထွန်း"တွင်း၏ အောင်မြင်မှုသည် လုပ်ကွက်အမှတ် A-6 ၏ Partner များဖြစ်သော MPRL E&P၊ Woodside နှင့် Total E&P တို့၏ အောင်မြင်မှုသာမကဘဲ မြန်မာနိုင်ငံတော်နှင့် မြန်မာနိုင်ငံသားအားလုံး၏ အောင်မြင်မှုပင်ဖြစ်ပါသည်။ ထို့အပြင် "ရွှေရည်ထွန်း"တွင်း-၁ သည် မြန်မာ့ကမ်းလွန်ပင်လယ်ပြင်၏ Ultra Deepwater တွင် ပထမဦးဆုံးတူးဖော်စမ်းသပ်နိုင်ခဲ့သည့် အစမ်းတွင်းအဖြစ် သမိုင်းဝင်သောတွင်းဖြစ်သကဲ့သို့ ရေနက်ပိုင်းရှိသဲကြောများမှ သဘာဝဓာတ်ငွေ့ စတင်စမ်းသပ်တွေ့ရှိသောကြောင့် နောင်တွင်သမိုင်းတွင်ကျန်ရစ်မည့် အစမ်းတွင်းလည်းဖြစ်ပါသည်။ "ရွှေရည်ထွန်း"မှရရှိလာမည့် သဘာဝဓာတ်ငွေ့များသည် မြန်မာနိုင်ငံ၏အနာဂတ်စီးပွားရေးတိုးတက်မှုအတွက် အဓိကအင်အားတစ်ခုဖြစ်လာမည်မှာ မလွဲဧကန်ဖြစ်ပါတော့သည်။

**ဦးစိန်လှိုင်(ဘူမိ)**

MAP SHOWING THE LOCATION OF *BLOCK A-6* GAS DISCOVERIES AND MPRL E&P'S ASSETS




84-85 Hlaing Myint Moh Lane #1, 10th Quarter, Hlaing Township, Yangon, Myanmar
Tel : ( 95-1 ) 521 471, 521 472, 521 473, 521 461, 521 462 / Fax : ( 95-1 ) 521 156
email : mprlstaff@mprlexp.com

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အစီရင်ခံစာများ ဖတ်ကြား

**နေပြည်တော်  ဇန်နဝါရီ  ၅**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် အစီအစဉ်(၁၀) ခုဖြင့်ကျင်းပရာ **၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီတို့၏ အစီရင်ခံစာများဖတ်ကြားခြင်း၊ **ဥပဒေကြမ်းနှစ်ခု** အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် **၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ **ငွေကြေးဆိုင်ရာသုံးသပ်ချက်အစီရင်ခံစာ**ကို ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ အတွင်းရေးမှူး မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုးက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေ ငွေစာရင်းများနှင့်စပ်လျဉ်း၍ **အခြေခံရေးဆွဲသောနည်းလမ်း (Analytical Method)**ဆန်းစစ်ချက်နည်းဖြင့် ဆန်းစစ်ပါက လိုငွေသည် ငွေကျပ် ၅၃၀၂ ဘီလီယံဖြစ်ပြီး လိုငွေနှင့် ဂျီဒီပီ(GDP)အချိုးသည် ၆ ဒသမ ၃၀ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်၏ လက်ရှိအခြေအနေ အရပ်ရပ်ကို သုံးသပ်ပါက ဘတ်ဂျက်လိုငွေကို ပြည်ထောင်စုလွှတ်တော်အနေဖြင့် လျှော့ချခွင့်ပြုသင့်ပါကြောင်း။

နိုင်ငံ၏စီးပွားရေးကို အရှိန်အဟုန်ဖြင့် တိုးတက်စေရန် မျှော်မှန်း၍ နှစ်စဉ်ဘတ်ဂျက်ရေးဆွဲရာ၌ လိုငွေဘတ်ဂျက်စနစ်ဖြင့် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းကိုရေးဆွဲပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရာတွင် ဘတ်ဂျက်လိုငွေအား မည်ကဲ့သို့ ဖြည့်ဆည်းမည်ကို လျာထားဖော်ပြ၍ လွှတ်တော်၏ အတည်ပြုချက်ကိုရယူရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ အခြေအနေအရပ်ရပ်ကို ပြည်ထောင်စုလွှတ်တော်သို့ ပြည့်စုံစွာတင်ပြထားရန် လိုအပ်သည့်အပြင် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများကို နိုင်ငံတော်ဘတ်ဂျက်၌ ထည့်သွင်းရေးဆွဲမှုမပြုရန်နှင့် စီးပွားရေးဆန်ဆန် ဆောင်ရွက်ရေးအတွက် စီမံချက်ရေးဆွဲတင်ပြဆောင်ရွက်ရန် လိုအပ်ပါကြောင်း။



မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး။



ချောင်းဦးမဲဆန္ဒနယ်မှ ဦးစောလှထွန်း။

ရငွေသုံးငွေများစိစစ်ရေး ပူးပေါင်းအဖွဲ့(၁၉)ဖွဲ့မှ လျှော့ချခွင့်ပြုရန် အဆိုပြုသည့် ငွေကျပ် ၃၇၅၀၉ ဒသမ ၉၇၅ သန်းကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပါက ပြည်ထောင်စု၏လိုငွေသည် မူလလျာထားသည့် ငွေကျပ် ၃၉၂၂၂၇၄ ဒသမ ၃၄၃ သန်းမှ ငွေကျပ် ၃၈၈၄၇၆၄ ဒသမ ၃၆၈ သန်းသို့ ပြောင်းလဲသွားမည်ဖြစ်ပြီး လိုငွေနှင့် ဂျီဒီပီအချိုးသည် မူလလျာထားသည့် ၄ ဒသမ ၆၆ ရာခိုင်နှုန်းမှ ၄ ဒသမ ၆၁ ရာခိုင်နှုန်းသို့ ပြောင်းလဲသွားမည်ဖြစ်ပါကြောင်း စသဖြင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်ကို ဖတ်ကြားတင်ပြသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ **ဥပဒေဆိုင်ရာ သုံးသပ်ချက်အစီရင်ခံစာ**ကို ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူး ချောင်းဦးမဲဆန္ဒနယ်မှ ဦးစောလှထွန်းက ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ ထောက်ခံတင်ပြချက်အရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေ ငွေစာရင်းအပေါ် စိစစ်ရေးပူးပေါင်းအဖွဲ့များမှ လျှော့ချခွင့်ပြုရန် အဆိုပြုသည့် ငွေကျပ် ၃၇၅၀၉ ဒသမ ၉၇၅ သန်းကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပါက ပြည်ထောင်စု၏လိုငွေသည် မူလလျာထားသည့် ငွေကျပ် ၃၉၂၂၂၇၄ ဒသမ ၃၄၃ သန်းမှ ငွေကျပ် ၃၈၈၄၇၆၄ ဒသမ ၃၆၈ သန်းသို့ ပြောင်းလဲသွားမည်ဖြစ်ပြီး လိုငွေနှင့် ဂျီဒီပီအချိုးသည် မူလလျာထားသည့် ၄ ဒသမ ၆၆ ရာခိုင်နှုန်းမှ ၄ ဒသမ ၆၁ ရာခိုင်နှုန်းသို့ ပြောင်းလဲသွားမည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ဥပဒေကြမ်းပူးပေါင်းကော်မတီအနေဖြင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်ဖြည့်စွက်ချက်များကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသင့်ပါကြောင်း ဖတ်ကြားတင်ပြသည်။

**၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ မူနှင့် အခြေခံသဘောများ၊ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက က ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲသော အချက် (၁၆)ချက်ရှိသည့် **ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်က တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုရာ၌ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် (၁၂)ချက်နှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်(၄) ချက်တို့ကို အတည်ပြုခဲ့ပြီး ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက လွှတ်တော်၏ ဥပဒေ၊ နည်းဥပဒေများအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ပြည်ထောင်စုလွှတ်တော်က နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များ အတိုင်း အတည်ပြုသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# အငြိမ်းစားဝန်ထမ်းများ ပင်စင်လစာ တစ်ပြေးညီခံစားခွင့်ပြုရန် အစီအစဉ်နှင့်ပတ်သက်၍ မေးမြန်းဖြေကြား

**နေပြည်တော် ဇန်နဝါရီ ၅**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ မေးခွန်း(၃)ခု မေးမြန်းဖြေကြားခြင်း၊ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ဥပဒေကြမ်း (၃)ခုအား လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊ ဥပဒေကြမ်း(၂)ခု အတည်ပြုခြင်းနှင့် အစီရင်ခံစာ(၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း၏ **ဖလမ်းမြို့နယ် ဗာရ်တံတားအထက်မှ ရေအားလျှပ်စစ်တည်ဆောက်ပြီး ထွက်ရှိလာမည့် ဓာတ်အား မဂ္ဂါဝပ် ၃၀ ကို ကျေးလက်ဒေသများသို့ ဖြန့်ဝေပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက အဆိုပြုနေရာ၏ မြေမျက်နှာသွင်ပြင် အနေအထားသည် မြစ်ကမ်းပါးများ မတ်စောက်ခြင်းကြောင့် ဘေးနံရံတည်ငြိမ်မှု ထိန်းသိမ်းရန် ခက်ခဲပါကြောင်း၊ မြစ်ကမ်းပါးနှင့် မြစ်ကြမ်းပြင်တို့၌ တွေ့ရသည့် ကျောက်သား အနေအထားမှာလည်း ပျက်စီးကြေမွလွယ်သည့် ရွှံ့ကျောက်ထပ်လွှာများ ဖြစ်သည့်အတွက် တမံနှင့် ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် ခက်ခဲပါကြောင်း၊ နည်းပညာအရလည်းကောင်း၊ ကုန်ကျစရိတ်နှင့် အကျိုးရှိမှု မမျှတခြင်းကြောင့် လည်းကောင်း



မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးနိုင်ထွန်းအုံ။

အကောင်အထည်ဖော်ဆောင်ရွက်ရန် သင့်လျော်မှုမရှိပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျံလွင်၏ **မတူပီမြို့နယ် ရေဇွာမြို့တွင် အားကစားရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က မတူပီမြို့နယ် ရေဇွာမြို့တွင် မိုးလုံလေလုံ အားကစားရုံ တည်ဆောက်ပေးနိုင်ရေးအတွက် အားကစားဝန်ကြီးဌာနအနေဖြင့် ချင်းပြည်နယ်အစိုးရအဖွဲ့ထံ စီစဉ်ဆောင်ရွက်ပေးရန် ညှိနှိုင်းခဲ့ပြီးဖြစ်ပါကြောင်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့၏ ပြန်ကြားချက်အရ ချင်းပြည်နယ် မတူပီမြို့နယ် ရေဇွာမြို့တွင် ပေ ၆၀၀၊ ပေ ၃၅၀ အတိုင်းအတာရှိသည့် ပွဲကြည့်စင်ပါ ဘောလုံးကွင်းအသစ်တည်ဆောက်ရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေကျပ်သန်း ၁၅၀ လျာထားပြီးဖြစ်ပါကြောင်း၊ သို့ပါ၍ မိုးလုံလေလုံ အားကစားရုံ တည်ဆောက်ပေးရန် အစီအစဉ် မရှိပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) မှ ဦးနိုင်ထွန်းအုံ၏ **အငြိမ်းစားဝန်ထမ်းများ ပင်စင်လစာ တစ်ပြေးညီခံစားခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က နိုင်ငံတော်အနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပင်စင်လစာနှင့် ဆုကြေးအတွက် ကျပ် ၃၅၂ ဘီလီယံ သုံးစွဲခဲ့ပါကြောင်း၊ ၂၀၁၅ ခုနှစ် ဧပြီလ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများ တိုးမြှင့်စဉ်တွင် ပင်စင်လစာနှင့်ဆုကြေးကို တိုးမြှင့်ပေးခဲ့ခြင်းကြောင့် ကျပ် ၆၅၁ ဘီလီယံ တိုးမြှင့်သုံးစွဲခဲ့ရသဖြင့် ယခင်နှစ်ထက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၂၉၉ ဘီလီယံ ပိုမိုကျခံ သုံးစွဲရမည်ဖြစ်ပါကြောင်း။

၂၀၁၅ ခုနှစ် ဧပြီ ၁ ရက် နောက်ပိုင်း ပင်စင်ခံစားသည့် ဝန်ထမ်းများအား နောက်ဆုံးထုတ် လစာ × လုပ်သက် × ၁ ဒသမ ၅ ရာခိုင်နှုန်းဖြင့် တွက်ချက်၍ ပင်စင်အကျိုးခံစားခွင့် ပြုပေးလျက်ရှိပြီး ၂၀၁၅ ခုနှစ် ဧပြီ ၁ ရက် မတိုင်မီ အငြိမ်းစားများအား လက်ရှိ ပင်စင်စားလစာအပြင် ထပ်မံတိုးမြှင့် သတ်မှတ်သည့် လစာကျပ် ၄၅၀၀၀ အပေါ်မူတည်ပြီး တွက်ချက်၍ ထပ်ဆောင်းခွင့်ပြုရမည့် တိုးမြှင့်ပင်စင်လစာများကို ခွင့်ပြုပေးခဲ့ပါကြောင်း။



ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်။

နိုင်ငံတော်၏ ဘဏ္ဍာရေး အခြေအနေ၊ အငြိမ်းစားဝန်ထမ်းအင်အား အရေအတွက် လစဉ်ကျခံသုံးစွဲလျက်ရှိသည့် လစာစရိတ်အခြေအနေတို့အား နှိုင်းယှဉ်သုံးသပ်ပြီးမှ ဆောင်ရွက်နေရပါသဖြင့် ယခုအချိန်တွင် အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာခံစားခွင့်အတွက် ပြင်ဆင်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော **၁၉၅၁ ခုနှစ် အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ၂၀၁၅ ခုနှစ် ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်း**နှင့် **အခကြေးငွေပေးရေး ဥပဒေကြမ်းတို့ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား လွှတ်တော်သို့ အသိပေးပြီး ယင်းဥပဒေကြမ်း**များနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့် **တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**တို့ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ထို့နောက် **အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလများအတွင်း ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် အစီရင်ခံစာ**ကို ကော်မတီဥက္ကဋ္ဌ ဦးသိန်းဝင်းက လွှတ်တော်သို့ ဖတ်ကြားတင်သွင်းရာ လွှတ်တော်ဥက္ကဋ္ဌက ယင်းအစီရင်ခံစာများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

## နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**ရန်ကုန်  ဇန်နဝါရီ  ၅**

ကမ္ဘာ့သာသနာပြု အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အောင်ဆန်းဆရာတော်ကြီးမှူး၍ ပညာရေးဝန်ကြီးဌာနနှင့် မြတ်မိဘကုမ္ပဏီတို့ ပူးပေါင်းကာ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အမှတ်(၂၉)အခြေခံပညာမူလတန်းကျောင်း RC နှစ်ထပ်ကျောင်းဆောင်သစ်(၁၃၂ × ၃၀)ပေ ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် အောင်ဆန်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းရီ၊ အလှူရှင် ဦးဝင်းလွင်နှင့်ဇနီး ဒေါ်မြတ်မြတ်မော်၊ မြို့နယ်ပညာရေးမှူး ဒေါ်အေးအေးစမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် မြတ်မိဘကုမ္ပဏီက ကျောင်းဆောင်သစ်နှင့် စာရွက်စာတမ်းတို့ကို လွှဲပြောင်းပေးအပ်ရာ ညွှန်ကြားရေးမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါ နှစ်ထပ်ကျောင်းဆောင် ကုန်ကျငွေမှာ သိန်း ၁၅၀၀ ကျော်ရှိပြီး ကျောင်းဆောင်သစ် မဆောက်လုပ်ခင်က ကျောင်းသား ကျောင်းသူ ၆၀၀ ကျော်ရှိသည့်အတွက် နေရာမလုံလောက်၍ မြေကြီးပေါ်တွင် စာသင်ခဲ့ရကြောင်း သိရသည်။

**(ရာဇဘွား)**





❒ **ရှမ်းပြည်နယ်မှ**

လိုအပ်ချက်အတွက် ဖြည့်ဆည်းပေးနိုင်ရန် စီမံဆောင်ရွက်နေခြင်းဖြစ်သည်။

နိုင်ငံတော်လျှပ်စစ်ဓာတ်အားလိုအပ်ချက်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဖြည့်ဆည်းပေးနိုင်မည့် တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်းများအနက် တပ်ဆင်စက်အင်အားအကြီးမားဆုံးဖြစ်သည့် ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်း၏ ဒီဇိုင်းပုံစံရေးဆွဲခြင်းကို ဆွစ်ဇာလန်နိုင်ငံ AF-Colenco အတိုင်ပင်ခံအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းအကောင်အထည်ဖော်တည်ဆောက်ခြင်းကို ပြင်သစ်နိုင်ငံ Electricite De France SA (EDF)နှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်သည်။

အဆိုပါ စီမံကိန်းကို ၂၀၁၀ ခုနှစ်တွင် စတင်အကောင်အထည်ဖော်တည်ဆောက်၍ ၂၀၂၀ ခုနှစ်အတွင်းပြီးစီးရန် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။ ၎င်းတွင် အလျားပေ ၃၃၃၀၊အမြင့် ၃၉၄ ပေရှိ RCC ကွန်ကရစ်တမံ(Roller Compacted Concrete Dam)တည်ဆောက်မည်ဖြစ်ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တည်ဆောက်သည့် တတိယမြောက် RCC ကွန်ကရစ်တမံအဖြစ် ပေါ်ထွက်လာမည်ဖြစ်သည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ပထမဆုံးသော RCC ကွန်ကရစ်တမံဖြစ်သည့် ရဲရွာရေလှောင်တမံကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာလတွင်လည်းကောင်း၊ ဒုတိယမြောက် RCC ကွန်ကရစ်တမံဖြစ်သည့် အထက်ပေါင်းလောင်းရေလှောင်တမံကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင်လည်းကောင်း အသီးသီး အကောင်အထည်ဖော်တည်ဆောက်ပြီးဖြစ်ကြောင်းလည်း နှိုင်းယှဉ်သိရှိရသည်။

ယခုအခါ ရေလွှဲရေထုတ်ပြွန် ကွန်ကရစ်သွန်းလောင်းနေမှုနှင့် ဘိလပ်မြေဖိသွင်းခြင်းလုပ်ငန်းများ၊ ပင်မတမံယာဘက်ကမ်းနှင့် ဓာတ်အားပေးစက်ရုံမြေကြီး ကျောက်သားတူးဖော်ခြင်းလုပ်ငန်းများ တည်ဆောက်ရေးလုပ်ငန်းခွင်တွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် (၃၃)ကေဗွီဓာတ်အားလိုင်းသွယ်တန်းထားမှုနှင့် (၃၃/၁၁)ကေဗွီ(၁၀)အမ်ဗွီအေဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းများကို တိုင်းရင်းသားကုမ္ပဏီများက ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်းသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဒုတိယဝန်ကြီး ဦးမော်သာထွေး၊ တာဝန်ရှိသူများနှင့်အတူ**(အပေါ်ပုံ)** ဒီဇင်ဘာ ၂ ရက်တွင် သွားရောက်ပြီး တည်ဆောက်ရေးလုပ်ငန်းများအနက် ဆောင်ရွက်ဆဲဖြစ်သည့် ရေလွှဲရေထုတ်ပြွန်လုပ်ငန်း၊ ပင်မတမံမြေကြီး ကျောက်သားတူးဖော်ခြင်းလုပ်ငန်း၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံလုပ်ငန်း၊ တမံနှင့် ဆက်စပ်ရေအားအဆောက်အအုံများတွင် အသုံးပြုမည့် ခွဲကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို လည်းကောင်း၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများဖြစ်သော ကုန်းကြောတမံလုပ်ငန်း၊ ရေပိုလွှဲလုပ်ငန်း၊ ရေယူအဆောက်အအုံလုပ်ငန်း၊ ဖိအားမြှင့် သံမဏိပိုက်လိုင်းလုပ်ငန်း၊ ဓာတ်အားပေးစက်ရုံလုပ်ငန်းနှင့် စက်ရုံရေထုတ်မြောင်းလုပ်ငန်းအခြေအနေများကိုလည်းကောင်း၊ တည်ဆောက်ရေးလုပ်ငန်းခွင်တွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် (၃၃)ကေဗွီဓာတ်အားလိုင်းမိုင် ၂၀ သွယ်တန်းခြင်းနှင့် (၆၆/၃၃)ကေဗွီ၊ (၂၀)အမ်ဗွီအေဓာတ်အားခွဲရုံနှင့် (၃၃/၁၁)ကေဗွီ၊ (၁၀)အမ်ဗွီအေ ဓာတ်အားခွဲရုံများ တည်ဆောက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယခုအခါ အလျားပေ ၆၂၀၊ အကျယ် ၃၃ ပေ၊ တန် ၈၀ ခံနိုင်ဝန်ရှိသည့် ရွှေလီမြစ်ကူးသံကူကွန်ကရစ်တံတားတည်ဆောက်ပြီးစီး၍ ဒေသခံပြည်သူများ မိုးမိတ်မြို့နှင့် မဘိမ်းမြို့တို့သို့ မြစ်ကူးတံတားကြီးပေါ်မှ အချိန်မရွေး ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ခြင်းကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

ရွှေလီမြစ်ပေါ်ရှိ ရေအားလျှပ်စစ်စီမံကိန်းသုံးခုအနက် ရွှေလီ(၁)မှာ ရေအားလျှပ်စစ်မဂ္ဂါဝပ် ၆၀၀ ထွက်ရှိပြီး ရွှေလီ(၂)မှာ မဂ္ဂါဝပ် ၅၂၀ နှင့် ယခုတည်ဆောက်လျက်ရှိသည့် ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်းဓာတ်အားပေးစက်ရုံတွင် ၂၆၂ ဒသမ ၅ မဂ္ဂါဝပ်ရှိ စက်လေးလုံးဖြင့် တပ်ဆင်စက်အင်အား မဂ္ဂါဝပ် ၁၀၅၀ တပ်ဆင်၍ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အားကီလိုဝပ်နာရီသန်းပေါင်း ၃၄၀၀ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ရာ စီမံကိန်းမှထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားကိုနိုင်ငံတော်ဓာတ်အားစနစ်နှင့် ချိတ်ဆက်၍ ပြည်တွင်းသို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

သို့ပါ၍ ရွှေလီရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများပြီးစီးသွားပါက အထက်ပါစီမံကိန်းသုံးခုမှ စုစုပေါင်းမဂ္ဂါဝပ် ၂၁၇၀ ကျော်ရရှိလာမည်ဖြစ်၍ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်များကို ထပ်မံဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်သည်။ **(သတင်းစဉ်)**

# ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း

(ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ )

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို
ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်    ။)

၁၃၇၇ ခုနှစ်    လ    ရက်
(၂၀၁၆ ခုနှစ်    လ    ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၉ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၉။ (က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ သက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်။ ယင်း၏သက်တမ်းသည် သုံးကြိမ်ထက် မပိုစေရ။

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် သက်တမ်းသစ်အတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအသစ်များ ခန့်အပ်တာဝန်ပေးပြီးသည့် အချိန်အထိ ယင်းတို့၏လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။"

# နန်းကြည့်ကုန်းနေရာ၌ လူနေအိမ်အဆောက်အအုံများ ဆောက်လုပ်မှု သတိပေးကြေညာ

**နေပြည်တော် ဇန်နဝါရီ ၅**

ညောင်ဦးမြို့ အမှတ်(၅) ရပ်ကွက်အတွင်း တည်ရှိနေသည့် နန်းကြည့်ကုန်းနေရာသည် ရွှေစည်းခုံဘုရား၏ ဝတ္တကမြေဖြစ်သည့်အပြင် ကျန်စစ်သားမင်းကြီးလက်ထက် ရွှေစည်းခုံစေတီတော်မြတ်ကြီးကို ဆက်လက်တည်ဆောက်ခဲ့စဉ် ယခုနန်းကြည့်ကုန်းနေရာတွင် ယာယီနန်းတော်တည်ဆောက်၍ ကြီးကြပ်စီမံတော်မူသည့် မြေနေရာဖြစ်သည်။

သမိုင်းအရတန်ဖိုးရှိသည့် ရှေးဟောင်းအမွေအနှစ် နေရာတစ်ခုဖြစ်ကာ ယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံများ မြေပေါ်မြေအောက် ကြွင်းကျန်တည်ရှိနေပါသဖြင့် ၁၉၉၀ ပြည့်နှစ်ခန့်မှစတင်၍ မိမိဌာနက တားမြစ်ထိန်းသိမ်းမှုပြုလာခဲ့သည့် ရှေးဟောင်းသုတေသနဆိုင်ရာ နေရာတစ်ခုဖြစ်သည်။

အဆိုပါနေရာသည် သမိုင်းတန်ဖိုး၊ ရှေးဟောင်းသုတေသနဆိုင်ရာတန်ဖိုးကြီးမားမှုကြောင့် ယဉ်ကျေးမှုအမွေအနှစ်ဇုန် သတ်မှတ်ချက်တွင် ကာကွယ်ထိန်းသိမ်းရေးအတွက် အဓိကအကျဆုံးဖြစ်သည့် ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန် (Ancient Monumental Zone) အတွင်းတွင် တည်ရှိသည်။

ယခုအခါတွင် နန်းကြည့်ကုန်းနေရာ၌ လူနေအိမ်အဆောက်အအုံများ၊ ဝင်းခြံများ ကျူးကျော်ဆောက်လုပ်နေခြင်းကို ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များက စိစစ်တွေ့ရှိရသည်။

ထိုသို့ ဆောက်လုပ်နေထိုင်လာခဲ့ကြခြင်းနှင့်အတူ မြေနေရာများကို ရောင်းဝယ်ယူမှုများရှိနေကြောင်း တွေ့ရှိရသည်။ ထိုနေရာသည် အဆောက်အအုံဆောက်လုပ်ရန် ခွင့်ပြုနိုင်သည့် မြေနေရာမဟုတ်သဖြင့် ရောင်းမှား၊ ဝယ်မှားပြုလုပ်ပါက ပြည်သူများ နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်သည်။ သမိုင်းဝင်နေရာတစ်ခုမှာ ယခုအခါ ပျောက်ကွယ်လုအခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။

နန်းကြည့်ကုန်းပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားရှိသည့် လူနေအိမ်များ၊ ကာရံထားသည့် ဝင်းခြံများကို ကြေညာသည့်နေ့မှစ၍ (၉)ရက်အတွင်း ဖျက်သိမ်းပေးရန်နှင့် ဖျက်သိမ်းခြင်းမပြုပါကတည်ဆဲတရားဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ အသိပေးထားကြောင်း သိရသည်။**(ကြေးမုံ)**

✳ **ကျောဖုံးမှ**

"လတ်တလောမှာတော့ ခရီးသည်တွေ အကုန်လုံးလေဆိပ်မှာပဲရှိပါတယ်။ အဲဒီလေကြောင်းလိုင်းကပဲ သူတို့အစီအစဉ်နဲ့ ခရီးသည်တွေကို နေ့ချင်းလာရောက်ခေါ်မယ်လို့သိရပါတယ်။ အခု လေယာဉ်ကိုတော့ ဘယ်လို ဆက်လုပ်မယ်ဆိုတာ မသိရသေးပါဘူး။ လေယာဉ်ကတော့ ခရီးသည်မပါရင် ပျံလို့ရပါတယ်"ဟု အဆိုပါလေဆိပ်မှ အဆင့်မြင့်အရာရှိတစ်ဦးက ပြောသည်။

ယခုအခါ အဆိုပါလေယာဉ်မှတာဝန်ရှိသူများနှင့် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ အင်ဂျင်နီယာနှင့်အဖွဲ့တို့ ညှိနှိုင်းပေါင်းစပ်၍ လေယာဉ်ကို ပြုပြင်စစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည့်အပြင် ခရီးသည်များအတွက် Myanmar Aviation Center နှင့် လေဆိပ်မှတာဝန်ရှိသူများက လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ နောက်ဆုံးသိရချက်အရ အဆိုပါလေကြောင်းလိုင်းရှိ လေယာဉ်တစ်စင်းအား နယူးဒေလီမှ ရန်ကုန်မြို့သို့စေလွှတ်ပြီး ဗန်ကောက်မြို့သို့ ဆက်လက်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း နယူးဒေလီရှိ ယင်းလေကြောင်းလိုင်းက ပြောကြားသည်။ **ဇော်ကြီး(ပဏီတ)**

# မအူပင်မြို့သို့ နိုင်ငံခြားခရီးသည်များ လာရောက်

**မအူပင် ဇန်နဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့သို့ အမေရိကန်နိုင်ငံ နယူးယောက်မြို့မှ ကမ္ဘာလှည့်ခရီးသွားဧည့်သည် ၄၁ ဦးသည် ဇန်နဝါရီ ၄ ရက်က အမရပူရသုံးထပ်ရေယာဉ်ဖြင့် ရောက်ရှိပြီး မအူပင်မြို့ အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

နိုင်ငံခြားသားဧည့်သည်များသည် မအူပင်မြို့ရှိ ဘုရားပုထိုးစေတီများ၊ မြို့မဈေး၊ လွတ်လပ်ရေးကျောက်တိုင်ကွင်းနှင့် အမှတ်(၄)ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အလက(၁) ယခင် ယမုံနာကျောင်း၏ နဝမအကြိမ်မြောက်ဆရာပူဇော်ပွဲနှင့် ကျောင်းသားကျောင်းသူဟောင်းများ တွေ့ဆုံပွဲ အခမ်းအနားသို့ ဝင်ရောက်လေ့လာကြပြီး ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ပျော်ရွှင်စွာတွေ့ဆုံပြီး ဧည့်သည်အမှတ်တရ မှတ်တမ်းရေးသားကြကာ အမှတ်တရဓာတ်ပုံရိုက်ကြောင်း သိရသည်။**(ခရိုင်ပြန်/ဆက်)**

❖ **ရန်ကုန်မြို့မှ**

TRAM လျှပ်စစ်ရထားပြေးဆွဲခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။

လျှပ်စစ်ရထားပြေးဆွဲနိုင်ရန် ဝါးတန်းလမ်းတွင် Depot တစ်ခုတည်ဆောက်၍ Substation များဆောင်ရွက်ပေးခဲ့ပြီး လျှပ်စစ်ဓာတ်အားသွယ်တန်းမှုအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကမ်းနားလမ်းတစ်လျှောက် လျှပ်စစ်ရထားပြေးဆွဲမည့် ဘူတာများမှာ ဝါးတန်းဘူတာ၊ စဉ့်အိုးတန်းဘူတာ၊ ပန်းဆိုးတန်းဘူတာ၊ ဗိုလ်တထောင်ဘူတာ၊ လင်းစဒေါင်းဘူတာတို့ဖြစ်ပြီး ဝါးတန်းဘူတာမှ နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၃ နာရီ ၁၅ မိနစ်ထိ ပြေးဆွဲသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားရုံးချုပ်မှ သိရသည်။

ယခုပြေးဆွဲမည့် လျှပ်စစ်ရထား၏လက်မှတ်ခနှုန်းထားမှာ တစ်စောင်လျှင် ငွေကျပ် ၁၀၀ ဖြစ်ပြီး တစ်နေ့လျှင် ခေါက်ရေ ၁၀ ကြိမ်ပြေးဆွဲမည်ဖြစ်ကာ တစ်ခေါက်လျှင် လူ ၂၀၀ ခန့် စီးနင်းလိုက်ပါနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ရထားခက ယခင်ကလည်း ကျပ် ၁၀၀၊ အခုလည်း ကျပ် ၁၀၀ ပါပဲ။ မနက် ၇ နာရီကနေ ညနေ ၃ နာရီ ၁၅ မိနစ်အထိ တစ်နေ့ ၁၀ ခေါက်ပြေးမှာပါ။ မြန်မာ့မီးရထားအနေနဲ့ တကယ့်ကို ပြည်သူတွေကို ဝန်ဆောင်မှုပေးချင်တာပါ။ မျှော်မှန်းချက်ကတော့ ခရီးသည်တွေ လိုရာခရီးကို ကုန်ကျစရိတ်သက်သက်သာသာနဲ့ သွားနိုင်အောင် ငွေကျပ် ၁၀၀ ထက် ပိုတင်ဖို့မရှိပါဘူး။ အထူးသဖြင့် ပြည်သူလူထုကို ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် ဆောင်ရွက်တာဖြစ်ပါတယ်" ဟု အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းက ဆက်လက်ပြောသည်။

လျှပ်စစ်ရထားပြေးဆွဲရန်လျာထားခရီးစဉ်မိုင်မှာ ထော်လီကွေ့မှ ကြည့်မြင်တိုင်အထိ ၇ ဒသမ ၃၄ မိုင်ဖြစ်ပြီး ပြေးဆွဲမည့် ခရီးစဉ်မှာ ထော်လီကွေ့မှ ပန်းဆိုးတန်းလမ်းထိ ၂ ဒသမ ၄၆ မိုင်၊ ပန်းဆိုးတန်းမှ လင်းစဒေါင်းအထိ ၁ ဒသမ ၅၈ မိုင် စုစုပေါင်း ၄ ဒသမ ၀၄ မိုင်ပြေးဆွဲသွားမည်ဖြစ်ပြီး နောက်ပိုင်းတွင် လင်းစဒေါင်းမှ ပုဇွန်တောင်ဘူတာထိ၊ ထော်လီကွေ့မှ ကြည့်မြင်တိုင်ဘူတာထိ တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

အဆိုပါ လျှပ်စစ်ရထားပြေးဆွဲမှုအတွက် နိုင်ငံတော်မှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ သန်း အကုန်ကျခံခဲ့ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဆိပ်ကမ်းရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာဌာနတို့ကလည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - သီသီမင်း**
**ဓာတ်ပုံ - စိုးဝင်း(MLA)**

# ကလေးပြိုင်ပွဲနှင့် စံပြမိခင်ဆုပေးပွဲ ကျင်းပ

**ပျဉ်းမနား ဇန်နဝါရီ ၅**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ကလေးပြိုင်ပွဲနှင့် စံပြမိခင် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက ပျဉ်းမနားမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရုံးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပျဉ်းမနားမြို့ ခုတင်(၂၀၀)ဆံ့ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ဒေါက်တာဒေါ်အေးအေးမာက ကလေးပြိုင်ပွဲနှင့် စံပြမိခင်ပြိုင်ပွဲအမှတ်ပေးစည်းကမ်းများနှင့် လိုအပ်ချက်များ ရှင်းလင်းပြောကြားပြီး အသက်တစ်နှစ်မှ တစ်နှစ်ခွဲအထိ ကလေးများ၊ မွေးကင်းစမှ အသက်ခြောက်လထိ ကလေးများ၊ အသက်ခြောက်လမှ တစ်နှစ်အထိ ကလေးများအားလည်းကောင်း၊ စံပြမိခင်ဆု ပထမ၊ ဒုတိယ၊ တတိယဆုများ၊ အမြွှာကလေးများအားလည်းကောင်း တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **ကိုကိုရှုပ(မန်းတက္ကသိုလ်)**

# စကြာတောင်ဒေသကျောက်ထွင်းလိုဏ်ဂူများနှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည်



**မန္တလေး ဇန်နဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ခံစပ်ကုန်း(အရှေ့)ရွာအနီး စကြာတောင်ဒေသရှိ ကျောက်ထွင်းလိုဏ်ဂူများတွင် တွေ့ရှိရသည့် ဗုဒ္ဓဆင်းတုတော်များနှင့် နံရံဆေးရေးပန်းချီများသည် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအတွက် တန်ဖိုးမဖြတ်နိုင်သော မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် သတိပေးဆိုင်းဘုတ်ဗီနိုင်းများ စိုက်ထူခဲ့ကြောင်း သိရသည်။

စကြာတောင်ဒေသ ကျောက်ထွင်းလိုဏ်ဂူများရှိ ယဉ်ကျေးမှုအမွေအနှစ်များ၏ တန်ဖိုးကို သိရှိနားလည်၍ ပူးပေါင်းထိန်းသိမ်းစောင့်ရှောက်နိုင်စေရန် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ၂၃ ရက်က ၎င်းဒေသသို့ သွားရောက်၍ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ရှေးဟောင်းပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေအမိန့်ကြော်ငြာစာများကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ပြောသည်။

သဲကျောက်အမျိုးအစား ကျောက်ထွင်းလိုဏ်ဂူတွေဖြစ်ပြီး ဂူတွေမှာရှိနေကြတဲ့ ဆင်းတုတော်တွေ၊ ရုပ်ထုတွေနဲ့ နံရံဆေးရေးပန်းချီတွေရဲ့ ဗိသုကာလက်ရာတွေဟာ နှစ်ပေါင်း ၂၀၀ ကျော် သက်တမ်းရှိတဲ့ ကုန်းဘောင်ခေတ် လက်ရာတွေလို့ ယူဆရတဲ့အတွက် ဓာတုဗေဒနည်းနဲ့ အမြန်ဆုံးထိန်းသိမ်းသွားမှာပါဟု ၎င်းကဆိုသည်။

ကျောက်ထွင်းလိုဏ်ဂူနေရာ အမှတ်(၁)သည် စကြာတောင်၏ အနောက်ဘက်အဆုံးတွင်ရှိသော ကျောက်တုံးကြီးပတ်လည်တွင် လိုဏ်ဂူပေါင်း ၁၁ ဂူနှင့် မုခ်တံကဲများ၊ ဆင်းတုတော်များ၊ ရုပ်တုများ ထွင်းထုထားပြီး လိုဏ်ဂူသည် အရှေ့အနောက် ပေ ၃၀ ခန့်ရှိ၍ တောင်မြောက် ပေ ၂၀ ခန့်ရှိသည်။ ဂူအမှတ် (၁)တွင် စုစုပေါင်း ကျောက်ထွင်းလိုဏ်ဂူ ၁၁ ဂူ၊ ဗုဒ္ဓဆင်းတုတော် ၆၉ ဆူ၊ ရဟန္တာ ရှစ်ပါး၊ သုမေဓာရှင်ရသေ့ တစ်ပါးတို့ကို တွေ့ရှိရပြီး အချို့မှာ ကောင်းမွန်၍အချို့မှာ ကျိုးပဲ့ပျက်စီးနေသည်။ ကျောက်လိုဏ်ဂူရှိ မူရင်းလက်ရာများကို ဆေးခြယ်၍ ပြုပြင်မွမ်းမံထားသည်။

ကျောက်ထွင်းလိုဏ်ဂူအမှတ်(၂)သည် အမှတ်(၁)၏ အရှေ့ဘက် ပေ ၅၀၀ ခန့်အကွာတွင် တည်ရှိပြီး အရှေ့အနောက် ပေ ၆၀ ခန့်ရှိ၍ မြောက်ဘက်သို့ မျက်နှာလှည့်ထားပါသည်။ ဂူအမှတ် (၂)သည် လမ်းမဖောက်မီက တစ်ဝက်တစ်ပျက် မြေပြင်ပေါ်သို့ပေါ်ထွက်ခဲ့ပြီး ၂၀၁၅ခုနှစ် ဒီဇင်ဘာလဆန်းတွင် စကြာတောင်သို့ တောင်တက်လမ်းဖောက်လုပ်ချိန်တွင် ပို့ချဖုံးအုပ်နေသောမြေများကို ဒေသခံများက ရှင်းလင်းရာမှ ပြည့်စုံစွာပေါ်ထွက်လာခြင်းကြောင့် ကျောက်ထွင်းလိုဏ်ဂူ အမှတ် (၂)သည် မူရင်းလက်ရာအတိုင်း ကျန်ရှိနေပြီး လိုဏ်ဂူပေါင်း ၁၆ ဂူနှင့် မုခ်တံကဲများ၊ ဆင်းတုတော်များ၊ ရုပ်တုများ ထွင်းထုထားသည်။ စုစုပေါင်း ကျောက်ထွင်းလိုဏ်ဂူ ၁၆ ဂူ၊ ဗုဒ္ဓဆင်းတုတော် ၇၁ ဆူ၊ ဆင်းတုအကျိုးအပဲ့ ခုနစ်ခု၊ ဝသုန္ဓြေနတ်ရုပ်တုများကိုလည်း တွေ့ရပါသည်။

ကျောက်ထွင်းလိုဏ်ဂူ အမှတ်(၂)အနီးတွင် ဆုတောင်းပြည့်ဘုရားတည်ရှိပြီး နံရံဆေးရေးပန်းချီများ နှစ်ကျိပ်ရှစ်ဆူဆင်းတုတော်များ၊ အဆောက်အအုံများ၊ ပန်းခက်များ၊ ဘီလူးပန်းကိုက်များ ရေးဆွဲထား၍ ဇာတ်တမ်းစာများ ပါရှိသည်။

စကြာတောင်ဒေသသည် ကျောက်ထွင်းလိုဏ်ဂူများ၊ ကျောက်ထွင်းလမ်းများနှင့် လှေကားထစ်များ၊ ဆင်းတု၊ ရုပ်တုများ ပေါများစွာတွေ့ရှိရသော နေရာဒေသဖြစ်သည်။ လက်ရှိအခြေအနေတွင် ကြွင်းကျန်တည်ရှိနေသော ယဉ်ကျေးမှုအမွေအနှစ်များက ထိုနေရာဒေသသည် အတိတ်ကာလကယဉ်ကျေးမှုအဆင့် အတန်းမြင့်မားခဲ့ကြောင်းကို ဖော်ပြနေသော ပြယုဂ်တစ်ခုဖြစ်သောကြောင့် ရေရှည်တည်တံ့အောင် စနစ်တကျ ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# လောက်ကိုင်မြို့တွင် MNDAA သောင်းကျန်းသူများကို ရှုတ်ချပွဲအခမ်းအနားပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့၌ ယမန်နေ့နံနက် ၉ နာရီတွင် လောက်ကိုင်မြို့မှ ရပ်မိရပ်ဖများနှင့် ကိုးကန့်လူငယ်အသင်းတို့ ဦးဆောင်၍ MNDAA သောင်းကျန်းသူများကို ရှုတ်ချပွဲအခမ်းအနား ပြုလုပ်ရာ လောက်ကိုင်မြို့ပေါ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ တိုင်းရင်းသားပြည်သူလူထု ၈၀၀၀ ခန့်တက်ရောက်ခဲ့ကြသည်။



ရှေးဦးစွာ ရှုတ်ချပွဲသို့ တက်ရောက်လာကြသော တိုင်းရင်းသားပြည်သူများသည် လောက်ကိုင်မြို့ ရပ်ကွက် (၃) ပြည်ထောင်စုလမ်းမကြီးရှိ အေးငြိမ်းချမ်းသာ ပြည်သူ့ဥယျာဉ်တွင် စတင်စုဝေးကြပြီး လက်ကိုင်ဆောင်ပုဒ်များ၊ ကြွေးကြော်သံများဖြင့် ဘုံခုနစ်ဆင့်အဝိုင်းမှ တစ်ဆင့် ပြည်ထောင်စု လမ်းမကြီးအတိုင်း ထွက်ခွာကာ လူထုကဇာတ်ရုံကွင်းပြင်တွင် ပြန်လည်စုဝေးပြီး အခမ်းအနားကို ဆက်လက်ကျင်းပကြသည်။

အခမ်းအနားတွင် တိုင်းရင်းသားတစ်ဦးက MNDAA သောင်းကျန်းသူများအနေဖြင့် မြို့ရွာများကို ဝင်ရောက်နှောင့်ယှက်ပစ်ခတ်ခြင်း၊ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်း၊ အတင်းအဓမ္မ လူသစ်စုဆောင်းခြင်း၊ အကြောင်းမဲ့ ဖမ်းဆီးသတ်ဖြတ်ခြင်းတို့ကြောင့် အပြစ်မဲ့ပြည်သူများ သေကျေပျက်စီးကာ လူမှုစီးပွား တည်ငြိမ်မှုမရှိအောင် ဆောင်ရွက်လျက်ရှိသဖြင့် ကိုးကန့်ဒေသနှင့် ပြည်သူလူထု၏ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ကို အကြမ်းဖက်လုပ်ရပ်များဖြင့် နှောင့်ယှက်ဖျက်ဆီးနေသော MNDAA သောင်းကျန်းသူအဖွဲ့အား ကိုးကန့်ပြည်သူလူထု တစ်ရပ်လုံးအနေဖြင့် နိုင်ငံတော်နှင့် ပူးပေါင်း၍ ဆန့်ကျင်တိုက်ဖျက်ကြမည်ဖြစ်ကြောင်း ပြောကြားပြီး ဒေသခံပြည်သူနှစ်ဦးက ထောက်ခံဆွေးနွေးကြသည်။

ယင်းနောက် "ကိုးကန့်ပြည်သူ့အကျိုးစီးပွား ဖျက်ဆီးနေတဲ့ MNDAA ကျဆုံးပါစေ၊ ကျဆုံးပါစေ"၊ "နယ်စပ်ဒေသကို အခြေခံပြီး ကိုးကန့်ဒေသကို တိုက်ခိုက်နေသော MNDAA တိုက်ဖျက်ပစ်၊ တိုက်ဖျက်ပစ်"၊ "နယ်စပ်ဒေသ တည်ငြိမ်ပါစေ၊ MNDAA ကျဆုံးပါစေ၊ ကျဆုံးပါစေ"၊ "ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ အကြမ်းဖက်သမား အလိုမရှိ၊ အလိုမရှိ" စသည့် ကြွေးကြော်သံများ ကြွေးကြော်ကြပြီး အခမ်းအနားကို ရုပ်သိမ်းကာ နေရပ်အသီးသီးသို့ စနစ်တကျ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။ **(မင်းလွင်)**

# ကမ္ဘောဇဘဏ်(ပခုက္ကူ)အိမ်သာအတွင်းမီးလောင် သံသယရှိသူအား ဖမ်းဆီးစစ်ဆေး

**ပခုက္ကူ ဇန်နဝါရီ ၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၈)ရပ်ကွက် လွတ်လပ်ရေးလမ်းရှိ ကမ္ဘောဇဘဏ်(ပခုက္ကူ) တွင် ယနေ့မွန်းလွဲ ၁ နာရီခွဲခန့်က မီးလန့်မှုဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်အား မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာ ကမ္ဘောဇဘဏ် (ပခုက္ကူ)၏ အများသုံး(ကျား) အိမ်သာခန်းတွင် မီးလောင်နေသဖြင့် ဘဏ်ဝန်ထမ်းများက မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်ခဲ့ကြောင်း၊ ယင်းနေရာတွင် မီးလောင်ထားသည့် ဓာတ်ဆီနံ့ရသော တစ်လီတာဝင် ပလတ်စတစ် တစ်ဘူးတွေ့ရှိရပြီး မီးလောင်မှုကြောင့် အိမ်သာသုံး ပလတ်စတစ်ပိုက် နှစ်လက်မခန့် ပျက်စီးခဲ့ကြောင်း၊ မီးလောင်မှုဖြစ်ပွားချိန်တွင် မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် ဘဏ်ဝန်ထမ်းများက ဘဏ် ဝင်/ထွက်ပေါက်များကို ပိတ်ဆို့ဖမ်းဆီးခဲ့ရာ CCTV မှတ်တမ်းအရ မီးလောင်မှုဖြစ်ပွားချိန်တွင် (ကျား) အိမ်သာအတွင်းမှ မီးလောင်နေကြောင်း အော်ဟစ်၍ အိမ်သာအတွင်းမှ ထွက်ပြေးကာ ငွေစုပုံထားရှိရာ အခန်းအတွင်းသို့ ပြေးဝင်သွားသည့် မျိုးဆက်(အဘ) ဦးတင်ထွန်းအား ဖမ်းဆီးရမိခဲ့ကြောင်း၊ ယင်းအမှုနှင့်ပတ်သက်၍ ပခုက္ကူမြို့နယ်ရဲတပ်ဖွဲ့ မြို့မစခန်းက ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# သဘော်တိုက်မိ၍ ငါးဖမ်းလှေ တိမ်းမှောက်၊ တစ်ဦးပျောက်ဆုံး

**ကျောက်ဖြူ ဇန်နဝါရီ ၅**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့နယ် လိပ်ခမော်ကျေးရွာအုပ်စု လိပ်ခမော်ကျေးရွာ အနောက်ဘက် လေးမိုင်ခန့်ကွာဝေးသော ပင်လယ်ပြင်တွင် ပိုက်ချငါးဖမ်းလုပ်ငန်း လုပ်ကိုင်နေသော ငါးဖမ်းလှေတစ်စင်းကို သဘော်တစ်စင်းက ဇန်နဝါရီ ၅ ရက် နံနက် ၂ နာရီခွဲခန့်တွင် ဝင်ရောက်တိုက်မိခဲ့ရာ ငါးဖမ်းလှေတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ငါးဖမ်းလှေတွင် ဦးမောင်ဝေနု၊ ဦးမောင်မျိုးမျိုးလွင်၊ ဦးမော်ဝင်းအောင်တို့ သုံးဦး ပိုက်ချကာ ငါးဖမ်းလျက်ရှိစဉ် သဘော်တစ်စင်းက ဝင်ရောက်တိုက်မိခဲ့ခြင်းကြောင့် ဦးမောင်မျိုးမျိုးလွင်မှာ သတိလစ်မေ့မြောနေ၍ ကျောက်ဖြူဆေးရုံသို့ ပို့ဆောင်ကာ ဆေးဝါးကုသမှုများပြုလုပ်ခဲ့ပြီး ညနေပိုင်းတွင် သတိပြန်ရလာခဲ့ကြောင်း လိပ်ခမော်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမောင်တင့်ရင်က ပြောကြားသည်။

ငါးဖမ်းလှေပေါ်ပါ အမျိုးသား သုံးဦးအနက် ဦးမောင်ဝေနုမှာ ငါးဖမ်းလှေတိမ်းမှောက်ခဲ့ပြီးနောက် ဇန်နဝါရီ ၅ ရက် ညပိုင်းအထိ ပျောက်ဆုံးနေကြောင်း လိပ်ခမော်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမောင်တင့်ရင်က ပြောကြားခဲ့သည်။

အဆိုပါငါးဖမ်းလှေအား ဝင်တိုက်ခဲ့သည့် သဘော်မှာ ညအချိန်ဖြစ်၍ မည်သည့်သဘော်ဖြစ်သည်ကို မသိရှိခဲ့ရကြောင်း ငါးဖမ်းလှေပေါ်တွင် ပါရှိသည့် ဦးမော်ဝင်းအောင်က ပြောကြားသည်။

**(ကြေးမုံ)**

# မကွေးမြို့တွင် အော်ရီဒူး ဆက်သွယ်ရေးကုမ္ပဏီရုံး မီးလောင်မှုဖြစ်ပွား

**မကွေး ဇန်နဝါရီ ၅**

မကွေးမြို့ ရန်မျိုးလုံရပ်ကွက် အမှတ်(၃၁၁) သုခိတာလမ်းရှိ သွပ်မိုးအုတ်ကာ ပျဉ်ခင်း နှစ်ထပ် အော်ရီဒူး ဆက်သွယ်ရေးကုမ္ပဏီရုံးတွင် ဇန်နဝါရီ ၃ ရက် ည ၁၀ နာရီ ၂၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ မီးလောင်ရာသို့ မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်ခြောက်စီး၊ ရေသယ်ယာဉ်နှစ်စီး၊ ခေတ်မီမီးငြိမ်းသတ်ယာဉ် water Mist တစ်စီး၊ အထောက်အကူပြုယာဉ် တစ်စီး စုစုပေါင်း ၁၀ စီးဖြင့် သွားရောက်ငြိမ်းသတ်ရာ ည ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် မီးငြိမ်းသွားသည်။

ယင်းမီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာ၊ သေဆုံးခြင်းမရှိကြောင်းနှင့် မီးလောင်မှုဖြစ်စဉ်အား စုံစမ်းစစ်ဆေးလျက်ရှိပြီး မကွေးမြို့နယ်ရဲစခန်းက အမှုဖွင့်ခဲ့ကြောင်း သိရသည်။

**ညီညီမောင် (မကွေး)**

# စိတ်ချမ်းမြေ့သာယာစွာ အနားယူနိုင်မည့် အပန်းဖြေရာနေရာလေးတစ်ခုကိုဖန်တီးကြရမည်



ဓာတ်ပုံ-ဟိုတယ်/ခရီး

**ရောင်စုံမီးများ၊ မီးရောင်စုံအလှအပများဖြင့် ရင်သပ်ရှုမောဖွယ်ဖြစ်နေသည့် ရေပန်းများ၊ မြူးကြွသွက်လက်သည့် တေးသီချင်းသံများအကြား "ခါးပိုက်နှိုက်ဗျို့၊ ခါးပိုက်နှိုက်. . "ဆိုပြီး လူအုပ်ကြီး ရုတ်ရုတ်သဲသဲဖြစ်သွားသည်။ ပြေးသူကပြေး၊ လိုက်သူကလိုက်၊ ကြောက်သူက ကြောက်နှင့် အေးချမ်းသာယာစွာအပန်းဖြေနေသည့် စိတ်အာရုံထက် လူအုပ်ကြီးဆီသို့ အားလုံး၏အာရုံများ စုစည်းရောက်ရှိသွားသည်။**

"ဒီမှာက တစ်ခါတလေ လူငယ်အချင်းချင်း စိတ်အခန့်မသင့်လို့ ရန်ဖြစ်တာ၊ စကားများ တာမျိုးတွေနဲ့ ဒီလိုအလစ်သုတ်မှုလေးတွေ ဖြစ်တတ်ပါတယ်။ အခါကြီးရက်ကြီးတွေဆို လူလည်းစည်တယ်။ တချို့အတွဲတွေကလည်း မှောင်ရိပ်ခိုကြတော့ အလစ်ချောင်းသူတွေ အတွက် အကွက်ကောင်းပေါ့"ဟု စနေ၊ တနင်္ဂနွေပိတ်ရက်များနှင့် အခါကြီးရက်ကြီး များတွင် ရေပန်းဉယျာဉ်သို့ မကြာခဏ လာရောက်လည်ပတ်လေ့ရှိသူ ကိုနေမျိုးက ပြောသည်။

နေပြည်တော် ရေပန်းဉယျာဉ်သည် နှစ်သစ်ကူး၊ ခရစ္စမတ်၊ အခါကြီးရက်ကြီးများနှင့် စနေ၊တနင်္ဂနွေအားလပ်ရက်များတွင် ဒေသခံ များသာမက အနယ်နယ်အရပ်ရပ်မှ ခရီးသွား ဧည့်သည်များဖြင့် တစ်ဦးတစ်ယောက်တည်း လာရောက်အပန်းဖြေနေသူများရှိသလို အုပ်စု လိုက် သွားလာလှုပ်ရှားနေကြသူများကိုလည်း အမြောက်အမြားတွေ့ရသည်။

နေပြည်တော်၏ အထင်ကရနေရာများ အနက်တစ်ခုဖြစ်သည့် နေပြည်တော်ရေပန်း ဉယျာဉ်ကို နေပြည်တော် စည်ပင်သာယာရေး ကော်မတီက တာဝန်ယူကာ အများပြည်သူတို့ စိတ်အပန်းဖြေ လာရောက်အနားယူနိုင်ရန် ရေပန်း၊ သစ်ပင်၊ ပန်းပင်၊ မီးရောင်စုံအလှအပ များ၊ ရေတံခွန်များနှင့် သဘာဝကျကျ အနားယူနိုင်ရန် စီစဉ်ပေးထားသည်။

ရေပန်းဉယျာဉ်သို့ နေ့စဉ် ပုံမှန်လာရောက် အပန်းဖြေသူ ၇၀၀၀ နှင့် ၈၀၀၀ ကြားတွင်ရှိပြီး ဒီဇင်ဘာကျောင်းပိတ်ရက်များတွင် လာရောက် အပန်းဖြေသူ ပိုမိုများပြားလေ့ရှိကာ ယခုနှစ်ကူး New Year ရက်များတွင် လာရောက်အပန်း ဖြေသူများမှာ ပုံမှန်ထက် အနည်းငယ်သာ ပိုသည်ဟု သိရသည်။

"New Year ရက်က လာရောက်တဲ့သူက ပုံမှန်ထက် နည်းနည်းလောက်ပဲပိုပါတယ်။ New Year အတွက် ဆိုပြီး ည ၁၂ နာရီထိ ဖွင့်ပေးတာမျိုးမရှိပါဘူး။ ပုံမှန် ည ၉ နာရီခွဲ ဆို ပိတ်ပါတယ်။ ဒီဇင်ဘာကျောင်းပိတ်ရက် တွေဆိုရင် လာတဲ့ဧည့်သည်ပိုများပြီး ပြီးခဲ့တဲ့ ခရစ္စမတ်တုန်းက လာရောက်အပန်းဖြေသူ ၁၅၀၀၀ လောက်လာကြပါတယ်" ဟု နေပြည် တော် စည်ပင်သာယာရေးကော်မတီမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲလွင်က ပြောပြသည်။

လူစည်ကားရာ နေရာတစ်ခုလည်းဖြစ်ပြီး အများပြည်သူ စိတ်လွတ်လပ်စွာ လာရောက် အပန်းဖြေကြသည့် ယင်းကဲ့သို့နေရာမျိုးတွင် ခိုက်ရန်ဖြစ်ပွားမှုနှင့် လုယက်မှုများအတွက် လုံခြုံရေးပိုင်းဆိုင်ရာများကိုလည်း လိုအပ်လျှင် လိုအပ်သလို ဖြည့်ဆည်းပေးထားကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

"ဒီမှာ တစ်ခါတစ်ရံ လုယက်မှုလေးတွေ လည်းဖြစ်တတ်ပါတယ်။ ဒါမျိုးကလည်း များသောအားဖြင့် အတွဲတွေမှာ အဖြစ်များပါ တယ်။ တချို့က မှောင်တဲ့နေရာမျိုးတွေမှာ လွတ်လွတ်လပ်လပ်နေကြတော့ အလစ်မှာ အလစ်သုတ်တာလေးတွေတော့ တစ်ခါတစ်ရံ မှာ ရှိတတ်ပါတယ်။ ဒါကြောင့် ပုံမှန်ထက် လူစည်ကားတဲ့ နေ့တွေမှာ လုံခြုံရေးအင်အား ကို ထပ်တိုးပေးပါတယ်။ အခါကြီးရက်ကြီး တွေဆိုရင်လည်း လာတဲ့ဧည့်သည်များတဲ့ အတွက် လုံလုံလောက်လောက်ဖြည့်တင်းပေး ထားပါတယ်"ဟု ဦးရဲလွင်က နေပြည်တော် ရေပန်းဉယျာဉ်၏ လုံခြုံရေးနှင့်ပတ်သက်ပြီး ရှင်းပြသည်။

"ရေပန်းဉယျာဉ်ကိုလာတာ အများစုက လူငယ်တွေများတယ်လေ။ ဘာပဲဖြစ်ဖြစ် တချို့လူငယ်တွေက သောက်စားထားတာတွေ ရှိတော့ အချင်းချင်း ဘာမဟုတ်တာလေးကနေ ရန်ထဖြစ်မှာလည်းစိုးနေရတယ်။ အများစုက စိတ်လွတ်ကိုယ်လွတ် အပန်းဖြေဖို့လာတာဆို တော့ ကိုယ့်အတွက်၊ သူ့အတွက် စိတ်အနှောင့် အယှက်ဖြစ်စရာတွေ မလိုချင်ဘူး"ဟု အဆိုပါ ရေပန်းဉယျာဉ်သို့ လာရောက်အပန်းဖြေသူ တစ်ဦးက ဆိုသည်။

အဆိုပါဉယျာဉ်သို့ အခြားမြို့နယ်များမှ တကူးတက အုပ်စုဖွဲ့လာရောက်အပန်းဖြေခြင်း မျိုးလည်းရှိပြီး ယင်းတို့အနက်မှ မိဘမဲ့ ချင်းတိုင်းရင်းသားငယ်များနှင့် ပတ်ဝန်းကျင်ရှိ ဆင်းရဲနွမ်းပါးသည့် မိဘမဲ့ကလေးများကို အခမဲ့ပညာသင်ကြားပေးပြီး ၎င်းတို့၏ ဒေသန္တရဗဟုသုတအတွက် နေပြည်တော် ရေပန်းဉယျာဉ်သို့ ပို့ဆောင်ပေးသည့် ပဲခူး တိုင်းဒေသကြီး ကဝမြို့နယ် ပခုက္ကိုင်ကျေးရွာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ကျောင်းသား၊ကျောင်းသူများကလည်း "နေပြည် တော်ရဲ့ အထင်ကရနေရာတစ်ခုဖြစ်တဲ့ ဒီရေပန်းဉယျာဉ်ကို လာရောက်အပန်းဖြေရ တဲ့အတွက် အလွန်ပျော်တယ်။ ကြည်နူးမိ ပါတယ်။ ကိုယ့်နိုင်ငံထဲမှာ ဒီလိုရေပန်းတွေ၊ သစ်ပင်၊ ပန်းပင်တွေနဲ့ ရောင်စုံမီးအလှတွေကို အလှဆင်ထားတာ အလွန်လည်းအံ့ဩရပါ တယ်"ဟု ပြောပြသည်။

နေပြည်တော် ရေပန်းဉယျာဉ်သည် နေပြည်တော်-တောင်ညိုသွားကားလမ်းပေါ်ရှိ နေပြည်တော်မြို့တော်ခန်းမအနီးတွင် တည်ရှိ ကာ အကျယ်အဝန်းအားဖြင့် ၁၆၅ ဧကရှိ သည်။

အဆိုပါဉယျာဉ်ကို ပြည်သူအများ စိတ်လက်ပေါ့ပါးစွာ အပန်းဖြေနိုင်ရန်အလို့ငှာ ၂၀၀၈ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး မီးအလှဆင်ခြင်း၊ ရေပန်း၊ ရေတံခွန်များနှင့် အလှအပများအတွက် နည်းပညာဆိုင်ရာများ ကို တရုတ်နိုင်ငံမှ အကူအညီပေးထားခြင်းဖြစ် ကြောင်း သိရသည်။

နေပြည်တော် ရေပန်းဉယျာဉ်သည် ကလေး၊ လူငယ်၊ လူကြီးမရွေး စိတ်လက်ပေါ့ပါး စွာ အပန်းဖြေအနားယူနိုင်ရန် စီစဉ်ပေးထား သည့်နေရာတစ်ခုဖြစ်ပြီး ညပိုင်းတွင် ပိုမိုစည်ကားတတ်သည့် ယင်းနေရာမျိုးတွင် လွတ်လပ်စွာနေထိုင်လာကြသည့် ယနေ့ခေတ် လူငယ်များ၏လွတ်လပ်မှုအပေါ် အခွင့် ကောင်းယူသူများ၏ အလစ်သုတ်အန္တရာယ်နှင့် လူငယ်ပီပီ စိတ်လွတ်ကိုယ်လွတ် အနားယူ နေချိန် ဒေါသမထိန်းနိုင်သည့် ခိုက်ရန်ဖြစ်ပွား မှုများကိုလည်း ရှောင်ကြဉ်ကာ အားလုံးစိတ် ချမ်းမြေ့သာယာစွာ အနားယူနိုင်မည့် ခေတ္တ အပန်းဖြေရာနေရာလေးတစ်ခုကို အားလုံး စုပေါင်းကာ ဖန်တီးကြရမည်ဖြစ်သည်။

သတင်း-ဖြိုးစန္ဒာမြင့်၊
သက်ပိုင်စိုး၊ ကောင်းဇော်ထက်



**ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်း ပြေးဆွဲလျက်ရှိသော ခရီးသည်တင်ယာဉ်လိုင်းများမှ ယာဉ်အစီး ၄၀ အား ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်၊ ဝိုးတက်များ၊ ခရီးစဉ်အစအဆုံးပြေး ဆွဲသည့်လမ်းကြောင်း မှတ်တမ်းစာရွက်များ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိ ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက ယာဉ်ထိန်းတပ်ဖွဲ့စု (၆၈)မှ တပ်ဖွဲ့မှူး ဒု-ရဲမှူးငွေတင်ဦးစီးအဖွဲ့က ရှောင်တခင်စစ်ဆေးစဉ်။** (၃၂၉)



**(၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အမျိုးသား အလွတ်တန်း W-ball ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲပွဲစဉ်ကို ဇန်နဝါရီ ၄ ရက်က လယ်ဝေးမြို့၌ ကျင်းပခဲ့ရာ ပထမဆုရရှိခဲ့သော All Star အသင်းအား လယ်ဝေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရှောင်က ဆုပေးအပ်ချီးမြှင့်စဉ်။** ဇင်ဘို

## ပညာရေးစုံညီပွဲတော် မလှိုင်မြို့၌ ကျင်းပ

**မလှိုင် ဇန်နဝါရီ ၅**

မလှိုင်မြို့နယ် ပညာရေးကြီးကြပ်မှု ကော်မတီက ကြီးမှူး၍ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ပညာရေးစုံညီ ပွဲတော်ကို ဒီဇင်ဘာ ၄ ရက် နံနက် ၁၀ နာရီတွင် မလှိုင်မြို့ ပန်းလှိုင်ရွှေဝါ ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်ရာနှုန်း အကောင်းဆုံးဖြစ်သည့် မြို့သစ် အထက(ခွဲ)မှ ရိုး အထကနှင့် မလှိုင် အထက ကျောင်းသုံးကျောင်းမှ ကျောင်းအုပ်ကြီးများအား မြို့နယ် ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ က ဆုများချီးမြှင့်ပေးခဲ့သည်။

ထို့နောက် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် စတုတ္ထတန်း ၊အဋ္ဌမတန်းနှင့် ဒသမတန်းတို့တွင် ထူးချွန်အောင်သင် ကြားပေးခဲ့သောဆရာ ဆရာမများ၊ ဘက်စုံ၊ စာပေ၊ ဘာသာရပ်တွင် ထူးချွန်ဆုရရှိခဲ့သော ကျောင်းသား ကျောင်းသူများနှင့် အခြေခံပညာ (ထက်၊ လယ်၊ မူ) ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများတွင် ဆုရရှိ သူများကို တာဝန်ရှိသူများက ဆုများ အသီးသီး ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

## ပြည်ပတင်ပို့ရန်နှင့် ပြည်တွင်းစားသုံးသူဈေးကွက်တွင် မွေးမြူရေးငါးများ ဈေးကွက်ကျယ်ပြန့်လာ

**ဖျာပုံ ဇန်နဝါရီ ၅**

မြန်မာနိုင်ငံအနေဖြင့် ရေချို၊ ရေငန် ငါး၊ ပုစွန် မွေးမြူထုတ်လုပ်ခြင်း ကို ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်း စားသုံးမှုအပြင် ပြည်ပနိုင်ငံများသို့ ရောင်းချလျက်ရှိရာ နိုင်ငံတော် အတွက် နိုင်ငံခြားငွေရရှိမှုတွင် ပြည် တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး (Gross Domestic Products-GDP) ၏ စတုတ္ထနေရာ၌ ရပ်တည် လျက်ရှိကြောင်း သိရသည်။

ငါးထုတ်လုပ်မှုတွင် ပင်လယ်နှင့် မြစ်၊ ချောင်း၊ အင်း၊ အိုင်များမှ သဘာဝအလျောက် ဖမ်းဆီးခြင်းနှင့် မွေးမြူဖမ်းဆီးခြင်း နှစ်မျိုးရှိရာ ယခုအခါ သဘာဝအလျောက် ဖမ်းဆီးရရှိမှုမှာ နည်းပါးသဖြင့် တိုးတက်လာသည့် လူဦးရေအညီ အချိုးညီ စားသုံးရန်နှင့် ပြည်ပ ဈေးကွက်များသို့ တင်ပို့ရန် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် ဈေးကွက် လိုအပ်ချက်အရ ခေတ်မီ ငါး၊ ပုစွန် မွေးမြူထုတ်လုပ်ရေးများ တိုးချဲ့ ဆောင်ရွက်လျက်ရှိကြောင်း မြန်မာ နိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ သတင်းမှတ်တမ်းများအရ သိရသည်။

ဖျာပုံမြို့နယ်သည် ပင်လယ်ပြင် နှင့် တစ်ဆက်တစ်စပ်တည်းရှိနေ၍ ရေချို၊ ရေငန်ငါးနှင့် ပုစွန်နှစ်မျိုးစလုံး ဖမ်းဆီးရရှိနိုင်သော မြို့နယ်ဖြစ်သော် လည်း ဒေသမှထွက်ရှိသည့် ငါး၊ ပုစွန်များကို စီးပွားရေးမြို့တော် ရန်ကုန်မှတစ်ဆင့် ဈေးကွက်ရှိရာ ပြည်ပနိုင်ငံများသို့ တင်ပို့ ရောင်းချ နေသည့်အတွက် "ချဉ်သီးပင်အောက် ချဉ်သီးရှား"ဆိုသကဲ့သို့ ရေချို၊ ရေငန် ငါး၊ ပုစွန်အသေးများကိုပင် တစ်ပိဿာကျပ် ၃၅၀၀ မှအထက် ဝယ်ယူစားသုံး နေရကြောင်း သိရသည်။

ရေချိုရေငန် ငါး၊ ပုစွန်များ ဈေးနှုန်း မြင့်မားလာမှုကြောင့် ဒေသခံငါးမွေး ကန်များနှင့် ရန်ကုန်တိုင်းဒေသကြီး တို့မှ မွေးမြူရေးငါးများ ဖျာပုံငါးဈေး ကွက်တွင် ဈေးကွက် ကျယ်ပြန့်လာ ပြီဖြစ်သည်။

ဇန်နဝါရီလ ပထမရက်များက မွေးမြူရေးငါးများဖြစ်သည့် ငါးမြစ် ချင်းတစ်ပိဿာကျပ် ၂၅၀၀-၂၈၀၀၊ တီလားပီးယားငါး တစ်ပိဿာကျပ် ၁၆၀၀-၂၀၀၀၊ ငါးမှတ်တစ်ပိဿာ ကျပ် ၂၁၀၀ နှင့် ငါးတန်တစ်ပိဿာ ကျပ် ၂၂၀၀ လက်လီရောင်းချနေ ကြောင်း ဖျာပုံငါးဈေးမှ ဒေါ်အုန်းမြင့် က ပြောသည်။

နေ့စဉ် ငါး၊ ပုစွန်ဝယ်နေသူ အိမ်ရှင်မတစ်ဦး ပင်လယ်ငါးနှင့် ရေချိုငါးတွေကြိုက်နှစ်သက်ပေမယ့် ဈေးမြင့်နေသလို အသားဈေးလည်း ဈေးမြင့်မားနေချိန် ဈေးနှုန်း သက်သာသည့် မွေးမြူရေးငါးများကို အားထားစားသုံးနေရကြောင်း ပြော သည်။

ရေလုပ်ငန်းကဏ္ဍမှ နှစ်စဉ်ပြည်ပ ဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၇၀၀ ရရှိရေး မျှော်မှန်းဆောင်ရွက် လျက်ရှိရာ ၂၀၁၀-၂၀၁၂ နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်များတွင် အမေရိကန်ဒေါ်လာ သန်း ၆၅၀ ကျော်ရရှိခဲ့ပြီး ၂၀၁၃-၂၀၁၄ နှစ်တွင် ၅၄၆ သန်း ရရှိခဲ့၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၏ နှစ်ဝက်ထိ အမေ ရိကန်ဒေါ်လာ သန်း ၄၅၀ သာရှိနေ သေးကြောင်းသိရသည်။

**အောင်ဝင်း (ဖျာပုံ)**

# ပညာရေးစုံညီပွဲတော် ပဲခူး၌ ကျင်းပ

**ပဲခူး ဇန်နဝါရီ ၅**

ပဲခူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သီရိပညာခန်းမ၌ ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ပဲခူးတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော် အခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ဌေး၊ တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူး ဦးဌေးဝင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဦးတို့က ပညာရေးစုံညီပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်စိုးနှင့် ဌာနဆိုင်ရာမှ ဖိတ်ကြားထားသူများက ပြခန်းများနှင့် စျေးရောင်းပွဲတော် ဆိုင်ခန်းများအား ကြည့်ရှုခဲ့ကြသည်။

ထို့နောက် အထက(၂)မှ ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း"သီချင်းဖြင့် သီဆိုဖျော်ဖြေပြီး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားကာ တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးက ပညာရေးစုံညီပွဲတော်ကျင်းပရခြင်းအကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အထက(၁)ကျောင်းသား ကျောင်းသူများက "ပန်းကလေးများပွင့်စေချင်" သီချင်းတေးသရုပ်ဖော်ဖြင့်လည်းကောင်း၊ အထက(၃) ကျောင်းသား ကျောင်းသူများက "ရွှေးရေစက်"သီချင်း တေးသရုပ်ဖော်ဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့၊ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များက အလှူငွေများပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ဗဟိုအဆင့်နှင့် တိုင်းဒေသကြီးအဆင့်တို့တွင် ထူးချွန်ဆုရရှိကြသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **ရွှေဘုန်းအောင်(ပဲခူး)**

# ကျေးလက်ရေပေးဝေရေးလုပ်ငန်းများဆောင်ရွက်

**ထားဝယ် ဇန်နဝါရီ ၅**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်ရေပေးရေးလုပ်ငန်းအား တင်ဒါအောင်မြင်သည့်(စိမ်းလဲ့ကန်သာ) ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သော ပြင်းထိန်ကျေးရွာ ရေပေးရေးလုပ်ငန်းအား (တွင်းတိမ်) ပေ ၂၀၀၊ မြင်းကောင်ရေ( ၆-၈ )၊ အင်ဂျင်တစ်လုံး၊ လေမှုတ်စက်တစ်လုံး စုစုပေါင်း တန်ဖိုးငွေကျပ် ရှစ်သန်းဖြင့် တူးဖော်ခြင်းလုပ်ငန်းကို ထားဝယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးငွေသိန်းနှင့် အဖွဲ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ပြင်းထိန်ကျေးရွာရေပေးရေး တွင်းတိမ်တူးဖော်ခြင်းကြောင့် ပြင်းထိန်ကျေးရွာရှိ အိမ်ခြေ ၂၉၇၊ လူဦးရေ ၉၇၃၇ ဦးတို့၏ သောက်သုံးရေများ အဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**



မင်းဘူးဈေးကြီးလမ်းဘေး ဝဲ၊ ယာများတွင် စည်းကမ်းမဲ့ ယာဉ်ရပ်နားခြင်းများ ထိန်းသိမ်းကြပ်မတ်ပေးရန်လို

**မင်းဘူး ဇန်နဝါရီ ၅**

မင်းဘူးမြို့ မြို့မဈေးကြီးသည် အမှတ်(၃)နှင့် အမှတ်(၄)ရပ်ကွက်ထောင့်တွင်တည်ရှိပြီး အသား၊ငါး၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံမျိုးစုံနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံဝယ်ယူရရှိနိုင်ပြီး ဒေသခံများ အထူးအားထားရသောဈေးကြီးဖြစ်သည်။ မြို့ပေါ်ရပ်ကွက်များနှင့် မြို့နယ်ကျေးရွာများမှ ဈေးဝယ်၊ ဈေးရောင်းတို့ဖြင့် နံနက်တိုင်း စည်ကားလေ့ရှိပြီး ရောင်းသူ ဝယ်သူ အဆင်ပြေလှသည်။

သို့ရာတွင် ဈေး၏ဝင်ပေါက်လမ်းမကြီးများတွင် စက်ဘီး၊ ဆိုင်ကယ်များ ရပ်နားခြင်း၊ ဆိုင်ခန်းများရှေ့တွင် ပိတ်၍ရပ်ခြင်း၊ ကုန်တင်/ကုန်ချကားများနှင့် လူစီးကားများ ဘေးချင်းယှဉ်၍ ရပ်ချင်သလိုရပ်ခြင်းများနှင့် သုံးဘီးယာဉ်များ စည်းကမ်းမဲ့အပြိုင်မောင်းနှင်မှုတို့ကြောင့် ယာဉ်အန္တရာယ်ကြီးမား၍ စိတ်အနှောင့်အယှက်ဖြစ်ကြရသည်။

"ဒီလမ်းတွေက ဥပုသ်ထွက်နေ့၊ ဈေးအဖိတ်နေ့၊ ကျောင်းဖွင့်ရက်၊ ရုံးဖွင့်ရက်တွေဆိုရင် မနက်တိုင်း အသွားအလာရှုပ်ထွေးတယ်။ ယာဉ်အန္တရာယ်ကြောင့် ရုံးသွားရုံးပြန် ဝန်ထမ်းတွေ၊ ကျောင်းသားတွေနဲ့ ဈေးဝယ်သူတွေအတွက် စိုးရိမ်စရာကောင်းတယ်။ ဒီနေရာမှာ နေ့စဉ်ယာဉ်ထိန်းရဲတစ်ယောက်တော့ရှိနေသင့်တယ်။ သူတို့ရှိနေရင် စည်းကမ်းမဲ့ယာဉ်ရပ်နားသူတွေကို ကြပ်မတ်ထိန်းသိမ်းနိုင်မှာပါ"ဟု မင်းဘူး ဈေးဆိုင်ခန်းရှင်တစ်ဦးက ပြောသည်။

မင်းဘူးမြို့မဈေးကြီးသည် ဒေသခံများအထူးအားထားရသောဈေးဖြစ်သည့်အပြင် ရွှေစက်တော်ဘုရားဖူးခရီးသွားရာသီများတွင် ပြည်တွင်း ပြည်ပ ဘုရားဖူးဧည့်သည်များ လာရောက်သည့်အခါ အဆိုပါဈေးကိုလည်း ဝင်ရောက်ဝယ်ယူလေ့လာကြသည်။ ထို့ကြောင့် ဒေသခံများနှင့် ပြည်တွင်း ပြည်ပခရီးသွားများ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ယာဉ်ရပ်နားရန် သီးသန့်နေရာများသတ်မှတ်ပေးပြီး စည်းကမ်းမဲ့ယာဉ်ရပ်နားခြင်းများကို သက်ဆိုင်ရာမှ အမြန်ဆုံး ထိန်းသိမ်းကြပ်မတ်သင့်ကြောင်း ဒေသခံများက ဆိုသည်။ **ဖူးပွင့်နေခြည်(မကွေး)**



# ရန်ကင်းတောင်ဂေဟစနစ်နှင့် မျောက်လေးများကို ကမ္ဘာလှည့်ခရီးသွားများ လာရောက်လေ့လာ

**မန္တလေး ဇန်နဝါရီ ၅**

၂၀၁၅ ခုနှစ်အတွင်း မန္တလေးမြို့သို့ နိုင်ငံတကာခရီးသွားဧည့်သည်များစွာ လာရောက်လျက်ရှိသည်။ ခရီးသွားဧည့်သည်များမှာ သမိုင်းဝင်နေရာများစွာနှင့်အတူ ရန်ကင်းတောင်၊ မန္တလေးတောင်၊ ရေတံခွန်တောင်တို့ကို သွားရောက်လေ့လာကြသည်။ လက်ရှိကာလတွင် သဘာဝဂေဟစနစ်ဖြင့်လှပနေသော ရေတံခွန်တောင်တော်နှင့် သဘာဝအတိုင်း ကျင်လည်ကျက်စားနေသော မျောက်လေးများ၏ ပြုမူလှုပ်ရှားပုံများကို မှတ်တမ်းယူလေ့ရှိသည်။ လူနှင့်ယဉ်ပါးနေသော မျောက်လေးများ အုပ်စုဖွဲ့ကာ အစာလာရောက်စားသောက်သည့်မြင်ကွင်းကို နိုင်ငံတကာခရီးသွားဧည့်သည်များ အထူးနှစ်ခြိုက်သဘောကျလျက်ရှိကြောင်း သိရသည်။

ရှမ်းရိုးမတောင်တန်းနောက်ခံနှင့် ပြာလဲ့လဲ့ရေတံခွန်တောင်တော်ပေါ်တွင် မျောက်များစွာ သဘာဝအတိုင်း ကျင်လည်ကျက်စားနေသည်မှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။ ခရီးသွားများကို အန္တရာယ်မပြုပေ။ ရေတံခွန်တောင်ခြေရှိ ကျောင်းထဲတွင်မျောက်လေးများကို ဘုရားဖူးများက မျောက်စာကျွေးမွေးကြသည်။ မျောက်များကိုကျွေးမွေးသည့်နေရာကို သတ်မှတ်ထားသည်။ စည်းကမ်းတကျ ကျွေးမွေးခြင်းဖြင့် ဘုန်းတော်ကြီးကျောင်းသန့်ရှင်းမှုနှင့် ကျောင်းတွင်လှူဒါန်းထားသောပစ္စည်းများ ပျက်စီးမှုမရှိအောင် ဆောင်ရွက်ထားခြင်းဖြစ်သည်။

လူနှင့်ယဉ်ပါးနေသော မျောက်များမှာ တောင်ပေါ်မှ တောင်အောက်သို့ အုပ်စုလိုက်ခွဲကာ သူ့အချိန်နှင့်သူ ဆင်းလာတတ်သည်။ အစာကျွေးသည်နှင့်ကြုံသည့်အခါ မျောက်များ အလုအယက်စားသောက်ကြသည်။ ဘုရားဖူးများ အစာကျွေးခြင်းနှင့်မကြုံသော မျောက်များမှာ လက်ကျန်အစားအစာများကို စားလေ့ရှိသည်။ မျောက်ထီး၊ မျောက်မ၊ မျောက်ငယ်များစုံလင်သလို မိခင်မျောက်များက သားသမီးမျောက်များကို ကျွေးမွေးစောင့်ရှောက်သည့် မေတ္တာဘွဲ့မြင်ကွင်းကို လက်တွေ့မြင်တွေ့နိုင်သော တောင်တော်ပင်ဖြစ်သည်။ သဘာဝအတိုင်း ကျလာသောရေများကို ပိုက်များဖြင့် သွယ်တန်းထားသည့်နေရာတွင် မျောက်များ အတက်၊ အဆင်းပြုလုပ်ကာ ရေသောက်ဟန်၊ စားသောက်ဟန်၊ အော်မြည်သံနှင့်အတူ မျောက်များ၏သဘာဝအတိုင်း လှုပ်ရှားစားသောက်မှုကိုမြင်တွေ့ရသည်မှာ ကြည်နူးဖွယ်ဖြစ်သည်။

လက်ရှိကာလတွင် မန္တလေးမြို့အနီးမှ သဘာဝဂေဟစနစ်နှင့် ရေတံခွန်တောင်တော်သို့ ဘုရားဖူးများနေ့စဉ် သွားရောက်ဖူးမြော်သလို မျောက်များကို အစာကျွေးခြင်းများလည်းပြုလုပ်ကြသည်။ ရေတံခွန်တောင်တော်ကို သွားရောက်ခြင်းဖြင့် တောတောင်ရေမြေသဘာဝ၊ မျောက်သတ္တဝါတို့၏ နေထိုင်စားသောက်ဟန်၊ သားသမီးများကို ကျွေးမွေးစောင့်ရှောက်ထိန်းသိမ်းသည့် သဘာဝကျသော မိဘမေတ္တာဘွဲ့သရုပ်ဟန်များကို လက်တွေ့မြင်တွေ့နိုင်သည်။ ရေတံခွန်တောင်တော်သည် ထူးခြားသောနေရာတစ်ခုအဖြစ် ထင်ရှားလျက်ရှိပြီး နိုင်ငံတကာခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုများပြားလျက်ရှိကြောင်း သိရသည်။ **(တိမ်တမန်)**

# နှစ်သစ်ကူးလက်ဆောင်အဖြစ် အိန္ဒိယကြက်သွန်နီ တစ်ပိဿာ ကျပ် ၇၀၀ နှုန်းဖြင့် ၁၀ အိတ်ဝယ်လျှင် တစ်အိတ်ပေးမှုများရှိလာ

**ရန်ကုန် ဇန်နဝါရီ ၅**

၂၀၁၆ ခုနှစ် နှစ်သစ်လက်ဆောင်အဖြစ် အိန္ဒိယကြက်သွန်နီ တစ်ပိဿာ လက်ကားဈေးနှုန်း ကျပ် ၇၀၀ ဖြင့် ၁၀ အိတ်ဝယ်ပါက တစ်အိတ် လက်ဆောင်ပေးသည်ဟု ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ငုဝါလမ်းသွယ်ရှိ ကြက်သွန်နီပွဲရုံတွင် ကြေညာထားသည်။ ဝယ်ယူလိုသော် ဆက်သွယ်ရမည့် ပွဲရုံဖုန်းနံပါတ်များနှင့် ဝယ်ယူလိုသည့် အရေအတွက်အတိုင်း ရောင်းချပေးမည်ဟု သိရသည်။

၂၀၁၀ ပြည့်နှစ်ဝန်းကျင် နှစ်လယ်ပိုင်းတွင်လည်း ကြက်သွန်နီဈေးကျမှုကြောင့် အပိုပေးရောင်းချမှုရှိခဲ့ဖူးသည်။ ဘုရင့်နောင်ပွဲရုံဝင်းအတွင်းသို့ ဒီဇင်ဘာ ၂၈ ရက်မှ ဇန်နဝါရီ ၂ ရက်ထိ နေ့စဉ် ကုန်စည်ဒိုင်ဖွင့်ရက်များတွင် နယ်စုံကြက်သွန်နီ ပိဿာချိန် နှစ်သိန်းဝန်းကျင် ဝင်ရောက်မှုရှိသည်။ ပြည်ပမှတင်သွင်းသော ကြက်သွန်နီများသည်လည်း ဝင်ရောက်ဆဲဖြစ်သည့်အတွက် တစ်ပတ်အတွင်း ဆိပ်ဖြူ လတ်ချောအရွယ်အစား အလုံးသေး တစ်ပိဿာကျပ် ၂၅၀၊ အလုံးကြီးရှယ် အရွယ်အစား တစ်ပိဿာ ကျပ် ၄၅၀ ဈေးကျလာသည်။

ဒီဇင်ဘာ ၂၈ ရက်တွင် ဆိပ်ဖြူအမျိုးအစား ကြက်သွန်နီ တစ်ပိဿာ ကျပ် ၇၀၀၊ ၁၂၀၀၊ ၁၁၀၀၊ ၁၄၀၀ ဖြင့် ဈေးနှုန်းနှစ်မျိုးဖွင့်ပြီး ဇန်နဝါရီ ၂ ရက်တွင် ကျပ် ၄၅၀၊ ၆၅၀၊ ၇၅၀ နှုန်းသာရှိသည်။ အလားတူ မြင်းခြံ၊ မြစ်သားအမျိုးအစားများလည်း ဈေးနှုန်းကျမှုပမာဏများလာသည်။ ပြည်တွင်းတွင် ကြက်သွန်နီဈေးနှုန်းသည် ၂၀၁၅ ဒီဇင်ဘာ ၄ ရက်တွင် ဆိပ်ဖြူတစ်ပိဿာ ကျပ် ၃၀၀၀၊ ၃၃၀၀၊ ၃၅၀၀၊ ၃၇၀၀ နှုန်းဖြင့် ဈေးအမြင့်ဆုံးဖြစ်ခဲ့ချိန်တွင် အိန္ဒိယကြက်သွန်နီ တစ်ပိဿာ ကျပ် ၂၅၀၀၊ ၂၆၀၀၊ တရုတ်ကြက်သွန်နီ ကျပ် ၃၀၀၀၊ ၃၁၀၀၊ ၃၁၅၀၊ ၃၂၀၀ နှုန်းရှိခဲ့သည်ဟု ကုန်စည်ဒိုင်ဈေးနှုန်းတွင် ဖော်ပြခဲ့သည်။

ပြည်တွင်းစိုက်ပျိုးသော မိုးကြက်သွန်နီအသစ်များ နယ်စုံမှ ရန်ကုန်ဈေးကွက်သို့ ဝင်ရောက်မှုများလာသဖြင့် ဈေးနှုန်းကျဆင်းမှုနှင့်အတူ ပြည်ပကြက်သွန်နီများသည်လည်း ဈေးနှုန်းကျဆင်းလာခြင်းဖြစ်သည်။ ယင်းသို့ ဈေးကျလာချိန်တွင် အရောင်းမြှင့်တင်သည့်အနေဖြင့် ပြည်ပကြက်သွန်နီရောင်းချသည့် ပွဲရုံအချို့တွင် နှစ်သစ်ကူးလက်ဆောင်ပေးခြင်းဖြစ်သည်ဟု ကြက်သွန်နီဝယ်ယူသူများက ဆိုသည်။

ပြည်တွင်းတွင် မိုးကြက်သွန်နီအသစ်များ ဝင်ရောက်မှုများပြားလာမှုနှင့်အတူ ပြည်ပကြက်သွန်နီဝင်ရောက်မှုရှိဆဲဖြစ်သဖြင့် ပြည်တွင်းဈေးနှုန်း အမြင့်ဆုံးဖြစ်ခဲ့သော ၂၀၁၅ ဒီဇင်ဘာ လေးရက်မှ တစ်လမပြည့်မီ ရက်ပိုင်းအလိုတွင် လတ်ချောအလုံးသေး တစ်ပိဿာ ကျပ် ၂၅၅၀၊ ရှယ်အလုံးကြီးတစ်ပိဿာ ကျပ် ၂၉၅၀ အထိ ကျဆင်းလာသည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ဆိပ်ဖြူကြက်သွန်နီတစ်ပိဿာ ကျပ် ၂၀၀၊ ၅၀၀၊ ၇၂၅၊ ၉၂၅၊ မြင်းခြံကြက်သွန်နီ တစ်ပိဿာ ကျပ် ၁၅၀၊ ၅၀၀၊ ၇၅၀၊ ၈၂၅၊ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် မြစ်သားကြက်သွန်နီ တစ်ပိဿာ ကျပ် ၆၅၀၊ ၉၂၅၊ ၁၀၂၅၊ ၁၀၇၅ နှုန်းရှိခဲ့သည်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ဆိပ်ဖြူကြက်သွန်နီ တစ်ပိဿာ ကျပ် ၆၀၊ ၁၂၅၊ ၂၇၅၊ ၃၅၀ နှုန်းရှိခဲ့သည်ဟု နှစ်ဟောင်းကုန်ဒိုင်ဈေးနှုန်းစာရင်းများတွင် ဖော်ပြထားသည်။

သို့ဖြစ်ရာ ဇန်နဝါရီ ၂ ရက် ကြက်သွန်နီဈေးနှုန်းမှာ ယခင်နှစ်ကာလများထက် ဈေးပိုရရှိနေဆဲဖြစ်သည်ဟု သိရသည်။ ဇန်နဝါရီ ၅ ရက် ဘုရင့်နောင်ဈေးကွက်တွင် အိန္ဒိယကြက်သွန်နီ လက်ကားဈေးနှုန်း တစ်ပိဿာ ကျပ် ၆၅၀ ရှိသည်ဟု မြစ်ဝကျွန်းပေါ်ဒေသသို့ ကုန်ဝယ်ပို့နေသူ ကိုဇော်က ဈေးကွက်အခြေအနေကို ပြောပြသည်။

**(မောင်စေအောင်)**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၆ - ၁ -၂၀၁၆ (ဗုဒ္ဓဟူးနေ့)]

## မြန်မာ့ရုပ်မြင်သံကြား New Channel

၆:၀၀ မင်းကွန်းဆရာတော်၏ ပရိတ်တရားတော်
၇:၃၅ မြန်မာ့ငွေကြေးဈေးကွက် ဆိုင်ရာစကားဝိုင်း (စွမ်းဆောင်ရည်ပြည့်ဝသော စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦး ဖြစ်လာရန် လိုအပ်ချက်များ)
၈:၃၅ ပြည်သူတို့ရဲ့စကားသံများ
၉:၃၅ သိပ္ပံနှင့် နည်းပညာအစီအစဉ်
၁၀:၃၅ အောင်မြင်သူနှင့်အတူ
၁၂:၅၀ "လူမှန်နေရာမှန်"(အပိုင်း-၁)
၁:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု" (အပိုင်း-၆၁)
၂:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်စင်ခတဲ့နှလုံးသား" (အပိုင်း-၄၁)
၂:၃၅ မြန်မာ့ရိုးရာဓလေ့လက်ဝှေ့ (တူးတူး(မြန်မာ)နှင့် အက်ဝပ် (အမေရိကန်))
၃:၃၅ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(သင်္ချာအထူးပြု) (သင်္ချာ)
၄:၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း(စွမ်းဆောင်ရည်ပြည့်ဝသော စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦး ဖြစ်လာရန်လိုအပ်ချက်များ (အပိုင်း-၂))
၅:၃၅ ဂျပန်နိုင်ငံ၏ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဒေသများ (ဟိမဲဂျိရဲတိုက်နှင့် အီဆုကူရှိုးမားဗိမာန်ကြီး)
၆:၃၅ ဘဝထဲကဝတ္ထု၊ဝတ္ထုထဲကဘဝ "သုသာန်၌ သနပ်ခါးလူးခြင်း"
၇:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်စင်ခတဲ့နှလုံးသား" (အပိုင်း-၄၂)
၈:၀၀ ပြည်တွင်းသတင်း၊နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ -နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု" (အပိုင်း-၆၂) -ဂီတသမား၊ ဂီတစကား -မှတ်မှတ်သားသားပုံပြင်များ "ကံဆိုသည်မှာအလုပ်"

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

နှောင်းခေတ်တေးပဒေသာ
၆:၁၅ ပြည်သူ့နီတိ "မေတ္တာလက်ကမ်း"
၆:၃၅ တေးဂီတအစီအစဉ်
၆:၄၅ ဝတ်စားဆင်ယင်မှုပြပွဲ
၇:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၃၄)
၇:၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ" (အပိုင်း-၇၃)
၈:၃၅ တေးဂီတအစီအစဉ်
၈:၄၅ Catch Asia News (Parts-24)
၉:၀၀ တေးဂီတအစီအစဉ်
၉:၁၅ ပြည်သူ့နီတိ "ပြည့်စုံစွာစောင့်ရှောက်ခြင်း" (ကျော်ဟိန်း၊ စောမြသန္တာ) (ဒါရိုက်တာ-ဝင်းဖေ)
၁၂:၀၀ အစီအစဉ်ပြီး၏။

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

## MRTV- 4

၅:၀၀ ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅:၄၀ "မိဘကျေးဇူးဆပ်ကြစို့" တရားတော် [ဆရာတော်ဘဒ္ဒန္တ ခေမိန္ဒ (စစ်ကိုင်းခင်မကန်)]
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၆၃)
၈:၁၀ Cartoon Series (English Playground)
၉:၂၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၈၆)
၁၀:၀၀ ခေတ်သစ်ပျိုမေ
၁၀:၄၅ အနုပညာမိုးကောင်းကင်
၁၁:၁၀ ဟင်းချက်ရအောင်
၁၁:၃၅ MRTV-4 Stage
၁၂:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၃၀)
၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစ်အိမ်" (အပိုင်း-၃၁)
၂:၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၆၃)
၆:၁၀ Health Fix
၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၆၄)
၇:၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစ်အိမ်" (အပိုင်း-၃၂)
၈:၁၀ ရသစုံညွှန်တမ်းများ
၈:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားက မေတ္တာများ" (အပိုင်း-၈၇)
၉:၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၃၁)
၉:၄၅ အနုပညာမိုးကောင်းကင်
၁၀:၀၅ Let's Talk
၁၀:၄၀ MRTV-4 Stage
၁၁:၁၀ World of Knowledge (Mudcats : Midnight Monsters)

## mitv

07:26 Taung Byone Nat Festival (Ep-1)
07:52 Art Students: Their Dream
08:26 Fantastic Orchid Garden From The Flower City
08:36 19 Hours
09:26 The Firefighter
09:36 Climate Context "Adaptation to Climate Change" (Part- I)
10:26 Traditional Instruments Htan Taw Drums (Part-I) "Osi"
10:39 Paper Products... Plain but Pretty
07:26 Dawei- Tavoy, Travel To The Southern Part Of Myanmar
07:44 Kyeikhteeyoe: Welcome All
07:51 Ngapali Beach: Fishing Villages
08:26 Tapestry- A Unique Combination Of Painting and Craftsmanship
08:45 Paper Flower
08:50 Crocodile Keeper




# မတ်လမှသာ Kung Fu Panda 3 ရုံတင်ပြသတော့မည်

Kung Fu Panda 3 ကာတွန်းကားကို အရင်က ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်း ရုံတင်ဖို့ စီစဉ်ထားပေမယ့် Star War ဇာတ်ကား ရုံတင်ရက်နဲ့ တိုက်နေမှာစိုးတဲ့အတွက် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၉ ရက်မှသာ ပြသမယ်လို့ Dream Works ရုပ်ရှင်ထုတ်လုပ်ရေးတာဝန်ရှိသူတွေက အစောပိုင်းကတည်းက ပြောကြားထားပြီးဖြစ်ပါတယ်။ ဒါပေမယ့် အွန်လိုင်းသတင်းစာမျက်နှာတွေမှာ ဒီကာတွန်းကားကို ကလေးတွေ ကျောင်းပိတ်ရက်ဖြစ်တဲ့ လာမယ့်မေလရောက်မှသာ ပြသမယ်လို့ ဖော်ပြခဲ့ပြီး နောက်ပိုင်း အခုနောက်ဆုံး မတ် ၁၁ ရက်မှာ ရုံတင်သွားမှာဖြစ်တယ်လို့ Dream Works တာဝန်ရှိသူတွေက ဇန်နဝါရီ ၅ ရက်က အတည်ပြုခဲ့ပါတယ်။

မတ်လအတွင်း Kung Fu Panda 3 ဇာတ်ကားအပြင် Batman Vs Superman Zoolander ဇာတ်ကားတွေကိုလည်း ပြသဖို့ရှိပါတယ်။ ဒါပေမယ့် ဒီဇာတ်ကားနှစ်ကားက ပရိသတ်ကြား ရေပန်းစားမှုနည်းပါးတာကြောင့် Kung Fu Panda 3 ဇာတ်ကားကို မတ်လအတွင်းမှာပဲ ရုံတင်ဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။

ဒီဇာတ်ကားမှာ နဂါးစစ်သည်တော် "ပို"ကို သိုင်းဆရာတစ်ဦးအနေနဲ့ မြင်တွေ့ရမှာဖြစ်သလို ပန်ဒါတွေရဲ့ ဘဝနေထိုင်မှုပုံစံကို အနီးစပ်ဆုံး ထင်ဟပ်အောင် ရိုက်ကူးထားပြီး ယခင်ဇာတ်ကားမှ အသံသရုပ်ဆောင်တွေဖြစ်တဲ့ အန်ဂျလီနာဂျိုလီ၊ ဂျက်စတင်ဟော့မင်းန်၊ ဒေးဗစ်ခရော့စ်နဲ့ ဂျက်ဘလက်ခ်တို့ ပြန်လည်ပါဝင်မှာ ဖြစ်တယ်လို့ သိရပါတယ်။

မေလှဲ့သင်း >> ရေးသားသည်

# ဂျွန်နီဒပ်နဲ့ ဝီလ်စမစ်သ်တို့ ပါဝင်သရုပ်ဆောင်မည့် အိန္ဒိယရုပ်ရှင်

ဘောလိဝုဒ်ဒါရိုက်တာ မိုဇက်ဆင်းရဲ့ Zubanna ရုပ်ရှင်ဇာတ်ကားမှာ ဟောလိဝုဒ် ထိပ်တန်းမင်းသားတွေဖြစ်တဲ့ ဂျွန်နီဒပ်နဲ့ ဝီလ်စမစ်သ်အပြင် မက်ဒေးမွန်တို့ပါဝင်သရုပ်ဆောင်မှာဖြစ်ကြောင်း The Time Of India အွန်လိုင်းကဖော်ပြပါတယ်။ မိုဇက်ဆင်းဟာ ဘောလိဝုဒ်ရုပ်ရှင်လောကမှာ ကျင်လည်နေတာကြာပြီဖြစ်ပေမယ့် ဒီလိုကမ္ဘာကျော်မင်းသားတွေနဲ့ ရိုက်ကူးမှုကတော့ သူ့အတွက် ပထမဆုံးအတွေ့အကြုံဖြစ်ပါတယ်။

အမေရိကန် ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်ကို ရောက်ရှိနေတဲ့ ဆင်းက "ဝီလ်စမစ်သ်လို ဂီတကို ချစ်မြတ်နိုးစိတ်အပြည့်ရှိတဲ့သူက ကျွန်တော့်ကားမှာ သရုပ်ဆောင်ဖို့ သဘောတူတယ်ဆိုတာက ဆုလာဘ်တစ်ခုလိုပါပဲ"လို့ ပြောပါတယ်။ ဆင်းက ဒီဇာတ်ကားကို ဇာတ်အိမ် တည်ထားတာကြာပြီဖြစ်ပြီး မနှစ်က ဘူဆန်ရုပ်ရှင်ပွဲတော်တက်ရောက်လာတဲ့ ဝီလ်စမစ်သ်၊ ဂျွန်နီဒပ်တို့ကို သူ့ရဲ့ ဇာတ်လမ်းအကျဉ်းကို နှုတ်နဲ့ အရင်ချပြပြီး ပါဝင်သရုပ်ဆောင်ဖို့ မေတ္တာရပ်ခံခဲ့တာဖြစ်ပါတယ်။





ဒီဇာတ်ကားဟာ ဂီတလောကကို အခြေခံတဲ့ အချစ်ဒရမ်မာ ဇာတ်ကားမျိုးဖြစ်ပြီး နောင်လာမယ့် အနာဂတ်ဂီတလောကမှာ ဖြစ်ပျက်လာနိုင်တဲ့ ကိစ္စရပ်တွေကို ခန့်မှန်းပုံဖော်ထားတာဖြစ်ပါတယ်။ ဂျွန်နီဒပ်လို ဇာတ်ကြမ်းကားတွေကိုသာ အရိုက်များတဲ့ မင်းသားတစ်လက်အနေနဲ့ အခုလို ဒရမ်မာဇာတ်ကားမှာ ဝင်ရောက်သရုပ်ဆောင်ဖို့ သဘောတူညီချက်ရယူနိုင်ခဲ့တာက အိန္ဒိယရုပ်ရှင်လောကအတွက် ထူးခြားချက်တစ်ရပ်လို့လည်း အိန္ဒိယသတင်းစာတွေက အကျယ်တဝင့် ဖော်ပြပါတယ်။


# ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအဆင့်ဆင့်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများနှင့် ရုံးသုံးစက်ကိရိယာ၊ ပရိဘောဂများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသားကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) တည်ဆောက်ရေးလုပ်ငန်း — အရေအတွက်
(၁) ရုံးအဆောက်အအုံ ဆောက်လုပ်ခြင်း(အာရ်စီ-၁ထပ်) ပေ(၇၆×၃၈×၃၀) — (၁)လုံး

(ခ) ရုံးသုံးစက်ကိရိယာများ ဝယ်ယူခြင်း — အရေအတွက်
(၁) ကွန်ပျူတာ Lenovo-K450(Desktop Pc) — (၁၀၀)လုံး
(၂) ပရင်တာ Canon(LBP-2900) — (၅၀)လုံး
(၃) မိတ္တူကူးစက် (Canon-IR.2002) — (၅၀)လုံး

(ဂ) ရုံးသုံးပရိဘောဂများ ဝယ်ယူခြင်း — အရေအတွက်
(၁) ကောင်တာစားပွဲ (ကျွန်းဘုတ်ပြား)ပေ(၅×၃×၂. ၅) — (၁၅၀)လုံး
(၂) အစည်းအဝေးစားပွဲ ပေ(၈×၄×၂. ၅) — (၅၀)လုံး
(၃) ခုံတန်းရှည် ပေ(၆×၁. ၅×၁. ၅) — (၁၀၀)လုံး
(၄) လက်တင်ပါကုလားထိုင် (ကြိမ်ပေါက်)(၁ပေ၈လက်မ×၁ပေ၁၀လက်မ×၁ပေ၆လက်မ) — (၅၀၀)လုံး
(၅) White Board ပေ(၄×၆) — (၁၀၀)ချပ်
(၆) သံဗီရို (၃ပေ×၆ပေ×၁. ၆လက်မ) — (၅၀)လုံး

၂။ အဆိုပါလုပ်ငန်းများအတွက် ပြည်တွင်း နိုင်ငံသားကုမ္ပဏီလုပ်ငန်းရှင်များသည် လုပ်ငန်းဆိုင်ရာအဆိုပြုလွှာကို ၆-၁-၂၀၁၆ရက်မှစတင်၍ ဝယ်ယူနိုင်ပြီး ၁၂-၁-၂၀၁၆ရက် ၁၂:၀၀နာရီ မတိုင်မီ နောက်ဆုံးထား ပေးပို့တင်သွင်းသွားရန်ဖြစ်ပါသည်။ နောက်ကျတင်သွင်းသောတင်ဒါများကို လက်ခံစဉ်းစားပေးမည်မဟုတ်ပါ။

၃။ တင်ဒါစည်းကမ်းချက်များနှင့်အညီ အဆိုပြုလွှာတွင် ပါဝင်ရမည့် အချက်အလက်များကို အလုံလမ်းနှင့်ပြည်လမ်းထောင့်ရှိ ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ ငွေစာရင်းဌာနတွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ တင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါတင်သွင်းမည့် ကုမ္ပဏီလုပ်ငန်းများအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်နှင့် ကုမ္ပဏီ Profile ကိုပါ တင်ပြရမည်ဖြစ်ပါသည်။

၄။ တင်ဒါဖွင့်လှစ်ခြင်းကို ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ တင်ဒါတင်သွင်းသူ ကိုယ်စားလှယ်များရှေ့မှောက်တွင် ပြုလုပ်မည်ဖြစ်ပါသည်။ တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်ကို တင်သွင်းသူများသို့ ထပ်မံအကြောင်းကြားမည်ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၁-၂၃၀၂၁၆၄ နှင့် ၀၁-၂၃၀၂၁၇၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုံလမ်း၊ ရန်ကုန်မြို့။**

# ရီးယဲလ်မက်ဒရစ်နည်းပြအဖြစ်

## ဘင်နီတက်ဇ်နေရာတွင် ဇီဒန်းအား အစားထိုး

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းသည် နည်းပြ ရာဖေးလ်ဘင်နီတက်ဇ်အား အသင်းတွင် ခုနစ်လကြာ တာဝန်ယူကိုင်တွယ်စေခဲ့ပြီးနောက် အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ပြီဖြစ်ပြီး အဆိုပါ နည်းပြနေရာတွင် ဇီဒန်းအား အစားထိုး ခန့်အပ်လိုက်ကြောင်း သိရသည်။



ရီးယဲလ်မက်ဒရစ် အသင်းအနေဖြင့် အသက်(၄၅)နှစ်အရွယ်ရှိ စပိန်နိုင်ငံသား ဘင်နီတက်ဇ်အား ထုတ်ပယ်ခဲ့ပြီးချိန်တွင် ရီးယဲလ်မက်ဒရစ် လူငယ်အသင်းအား ကိုင်တွယ်လျက်ရှိသည့် နည်းပြ ဇီဒန်းအား ရီးယဲလ်မက်ဒရစ်ပထမအသင်းကို ကိုင်တွယ်ခွင့်ပေးခဲ့ခြင်း ဖြစ်သည်။

ဇီဒန်းက "ကျွန်တော့်ရဲ့ နှလုံးသားနဲ့ ဝိညာဉ်ကို ဒီအလုပ်မှာပဲ မြှုပ်နှံပါတော့မယ်"ဟုလည်း ပြောကြားခဲ့သည်။ နည်းပြဘင်နီတက်ဇ် ရီးယဲလ်မက်ဒရစ် အသင်းအား ကိုင်တွယ်ခဲ့သည့် နောက်ဆုံးပွဲစဉ်မှာ ဗလင်စီယာအသင်းနှင့် တစ်ဖက်နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည့် ပွဲစဉ်ဖြစ်ပြီး ရီးယဲလ် မက်ဒရစ်အသင်းသည် လက်ရှိ လာလီဂါ အမှတ်ပေးဇယား၏ ထိပ်ဆုံးတွင် ရပ်တည်လျက်ရှိသည့် အက်သလက်တီကိုမက်ဒရစ် အသင်း၏ အောက်လေးမှတ်အကွာဖြင့် အမှတ်ပေးဇယား အဆင့်(၃)နေရာတွင် ရပ်တည်လျက်ရှိသည်။

ဇီဒန်းသည် ရီးယဲလ်မက်ဒရစ် အသင်းဥက္ကဋ္ဌအဖြစ် ဖလော်ရန်တီနိုပီရက်ဇ် ၁၂ နှစ်ကြာတာဝန်ယူခဲ့သည့် အချိန်အတွင်း ၁၁ ဦးမြောက် ခန့်အပ်ခံခဲ့ရသည့် နည်းပြလည်း ဖြစ်သည်။ ထို့ကြောင့် နည်းပြဇီဒန်း အနေဖြင့် ရီးယဲလ်မက်ဒရစ်အသင်းအား ပထမဆုံး ကိုင်တွယ်ရမည့်ပွဲစဉ်သည် ဒီပို့တီဗိုအသင်းအား ဘာနေဗျူး၌ ဧည့်ခံကစားရမည့် လာလီဂါပွဲစဉ်ဖြစ်လာမည်လည်းဖြစ်သည်။

နည်းပြရာဖေးလ် ဘင်နီတက်ဇ်သည် ရီးယဲလ်မက်ဒရစ်အသင်း နည်းပြအဖြစ် တာဝန်ယူကိုင်တွယ်စဉ် ပွဲပေါင်း ၂၅ ပွဲတွင် ၁၇ ပွဲနိုင်ပွဲ ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီး ငါးပွဲသရေပွဲဖြစ်ကာ သုံးပွဲရှုံးနိမ့်ခဲ့သည့် ရလဒ်ထွက်ပေါ်ခဲ့သည်။ စပိန်လာလီဂါ အမှတ်ပေးဇယားတွင် တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည့်အပြင် ချန်ပီယံလိဂ်တွင်လည်း ၁၆ သင်း အဆင့်တက်လှမ်းနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

မယ်လ်မိုအသင်းနှင့် ပွဲစဉ်တွင် ရှစ်ဂိုး ပြတ်ဖြင့် အနိုင်ရရှိခဲ့သည့်အပြင် ဗယ်လက် ကာနိုအသင်းနှင့် ပွဲစဉ်တွင်လည်း ၁၀ ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ၁၉၆၀ နောက်ပိုင်း ရဂိုးအများဆုံး ပွဲစဉ်ဖြစ်လာသည်အထိ ရီးယဲလ်အသင်း၏ စွမ်းဆောင်ရည်ပိုင်းကောင်းမွန်မှုကို ပြသနိုင်ခဲ့သည်။ သို့ရာတွင် နည်းပြဘင်နီတက်ဇ်အား အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်ခဲ့သည်။

ဘင်နီတက်ဇ်အား ထုတ်ပယ်ခဲ့ပြီးနောက် ရီးယဲလ်မက်ဒရစ် အသင်းနည်းပြအဖြစ်ခန့်အပ်ရန် လက်ရှိ ဘိုင်ယန်မြူးနစ် အသင်းနည်းပြ ဂွါဒီယိုလာအား ချဉ်းကပ်မှုများပြုလုပ်ခဲ့သည်။ ယင်းမှာ ဇီဒန်းအား ရီးယဲလ်အသင်းနည်းပြအဖြစ် ခန့်အပ်ရန် အသင်းဥက္ကဋ္ဌ ဖလော်ရန်တီနိုပီရက်ဇ်က ဆန္ဒမရှိခဲ့ခြင်းကြောင့်ဖြစ်သည်။ လက်ရှိတွင်မူ ဘင်နီတက်ဇ်နေရာတွင် ဇီဒန်းကိုသာ အစားထိုး ခန့်အပ်ခဲ့ကြောင်း သိရသည်။

**(ငွေကြယ်)**

## ဖယ်လိုင်နီအားအငှားဖြင့်ခေါ်ယူမည့် မီလန်၏ကမ်းလှမ်းချက်အား မန်ယူပယ်ချ

မန်ယူတွင်နေရာပျောက်နေသော ကွင်းလယ်လူ ဖယ်လိုင်နီအား အေစီမီလန်အသင်းက အငှားဖြင့်ခေါ်ယူရန် ချိတ်ဆက်ကမ်းလှမ်းမှုကို မန်ယူဘက်မှ ငြင်းဆန်ပယ်ချခဲ့ကြောင်း အီတလီသတင်းစာများ၏ ဖော်ပြချက်အရ သိရသည်။ကစားသမားကိုယ်တိုင်က ယူရို ပြိုင်ပွဲဝင်ရောက်ဆင်နွှဲခွင့်အတွက် မီလန်သို့ ဇန်နဝါရီဈေးကွက်ဖွင့်လှစ်ချိန်မှာပင် ပြောင်းရွှေ့ရန်ဆန္ဒရှိနေသော်လည်း မန်ယူဘက်မှ လက်ရှိတိုက်စစ်အင်အားထိန်းသိမ်းရန် အသင်းမှ မည်သည့်ကစားသမားကိုမျှ ထွက်ခွာခွင့်မပေးလိုခြင်းဖြစ်သည်။

ဖယ်လိုင်နီသည် ယခုနှစ် ဘောလုံးရာသီတွင် မန်ယူအတွက် စုစုပေါင်းပွဲစဉ်ရှစ်ပွဲသာ ဝင်ရောက်ကစားခွင့်ရရှိထားသောကြောင့် လာမည့်နွေဈေးကွက်တွင် အိုးထရက်ဖို့ဒ်မှ အပြီးသတ်ကျောခိုင်းထွက်ခွာရန် စိတ်ပိုင်းဖြတ်ထားသူဖြစ်သည်။ မန်ယူနည်းပြ ဗန်ဟားလ်က ဖယ်လိုင်နီမှာ အသင်းအတွက်အရေးကြီးသော အစိတ်အပိုင်းတစ်ရပ်အဖြစ်ခံယူထားပြီး မည်သည့်အသင်းကိုမှ ထွက်ခွာခွင့်ပေးရန် အစီအစဉ်မရှိကြောင်းလည်း သိရသည်။

## ဇီဒန်းအား ရီးယဲလ်နည်းပြသစ်အဖြစ်ခန့်အပ်ခြင်းကြောင့် ပရိသတ်များ၏ကန့်ကွက်မှုရှိလာ

ဇီဒန်းအား ရီးယဲလ်နည်းပြသစ်အဖြစ် ခန့်အပ်လိုက်ခြင်းအပေါ် ရီးယဲလ်၏ အမာခံပရိသတ်အတော်များများက သဘောကျနှစ်ခြိုက်ခြင်းမရှိဘဲ ကန့်ကွက်မှုများရှိနေကြောင်း Talksport အွန်လိုင်းက ဖော်ပြသည်။ ကလပ်အသင်းဥက္ကဋ္ဌ ပီရက်ဇ်က ဇန်နဝါရီ ၄ ရက် ညနေပိုင်းက လက်ရှိနည်းပြ ဘင်နီတက်ဇ်နေရာတွင် လူငယ်အသင်းနည်းပြ ဇီနက်ဒင်ဇီဒန်းအား အစားထိုးခန့်အပ်လိုက်ပြီဖြစ်ကြောင်း ကြေညာခဲ့ရာ ပရိသတ်များက အတွေ့အကြုံမရှိသည့် ဇီဒန်းအား ကိုင်တွယ်ခိုင်းခြင်းက စွန့်စားမှုများလွန်းသည့် ဆုံးဖြတ်ချက်ဖြစ်ကြောင်း ဝေဖန်ခဲ့ကြသည်။

ရီးယဲလ်သည် လက်ရှိတွင် လာလီဂါအမှတ်ပေးဇယား တတိယနေရာသို့ရောက်ရှိနေပြီး အမှားမခံသော အနေအထားသို့ ဆိုက်ရောက်နေရာ ယခုကဲ့သို့ အခြေအနေမျိုးတွင် ဇီဒန်းအားခန့်အပ်ခဲ့ခြင်းက "အနာတခြား ဆေးတခြား" အခြေအနေဟု သုံးသပ်မှုများလည်းရှိနေသည်။ ရီးယဲလ်၏ ဝက်ဘ်ဆိုက်တွင် ပရိသတ်များ၏ ဝေဖန်ချက်စာသားများသာလွှမ်းမိုးနေပြီး "ဇီဇူး ခင်ဗျားဟာ ကစားသမားကောင်းပါ။ ဒါပေမယ့် နည်းပြကောင်းဖြစ်ဖို့ အချိန်လိုသေးတယ်။ ဖိအားများနေတဲ့အချိန်မှာ ခင်ဗျားအပေါ် ကျွန်တော်တို့ ယုံကြည်မှုပေးဖို့ ခက်ပါတယ်" ဟူသော စာသားများကို တွေ့ရှိရမည်ဖြစ်သည်။

## မန်ယူကို ပြောင်းဖို့ပြင်နေပြီလား ဘေးလ်

ရီးယဲလ်နည်းပြ ဘင်နီတက်ဇ် ထုတ်ပယ်ခဲ့ရခြင်းနဲ့အတူ ဖြစ်ပေါ်လာတဲ့ နောက်ဆက်တွဲကိစ္စကတော့ ရီးယဲလ်တောင်ပံကစားသမား ဂါရတ်ဘေးလ် မန်ယူကိုပြောင်းဖို့ ခြေလှမ်းတွေ ခပ်စိတ်စိတ်လှမ်းလာခြင်းပါပဲ။ ရီးယဲလ်နည်းပြသစ်ဖြစ်လာတဲ့ ဇီဒန်းက ချယ်လ်ဆီးကွင်းလယ်ကစားသမား ဟာဇက်ကိုနှစ်သက်သူဖြစ်တာကြောင့် ဂါရတ်ဘေးလ်ကို ရောင်းချပြီး အဲဒီကရတဲ့ငွေနဲ့ ဟာဇက်ကို ပြန်ဝယ်မယ်လို့ အိပ်ပရက်စ်ဒေးလီးက အတိအကျ ဖော်ပြခဲ့ပါတယ်။ ဟာဇက်ကလည်း လာမယ့်နွေမှာ ချယ်လ်ဆီးက ထွက်ခွာဖို့ ပြင်နေသူဖြစ်တာကြောင့် ဒီရေးသားဖော်ပြချက်က အမှန်တရားနဲ့နီးစပ်တဲ့ ဖော်ပြချက်ပါပဲ။

မန်ယူကလည်း ဘေးလ်ကို စပါးမှာကတည်းက ကမ်းလှမ်းခဲ့ပေမယ့် ကစားသမားကိုယ်တိုင်က ရီးယဲလ်ကိုသာ ရွေးချယ်ခဲ့လို့ အပြောင်းအရွှေ့ ပျက်ပြယ်ခဲ့တာပါ။ မန်ယူက ဘေးလ်အတွက် တစ်ပတ်လုပ်ခယူရို ၁၇၀၀၀၀၊ ပြောင်းရွှေ့ကြေးယူရို ၇၅သန်းနဲ့ ကမ်းလှမ်းခဲ့တာဖြစ်ပါတယ်။ ဘေးလ်ကိုယ်တိုင်ကလည်း အင်္ဂလန်ပရီမီယာလိဂ်သို့ တစ်ကျော့ပြန် ပြန်လည်ခြေချကစားလိုနေတဲ့အတွက် မန်ယူကို ပြောင်းရွှေ့နိုင်တယ်လို့ သိရပါတယ်။ **(မေလဲ့သင်း)**

## အာဆင်နယ်၊ မန်ယူ၊ မန်စီးတီးနဲ့ ချယ်လ်ဆီးတို့ နောက်တစ်ဆင့်တက်မှာသေချာနေတဲ့

### အက်ဖ်အေဖလားတတိယအဆင့်ရင်ခုန်သံ

*လာမယ့်သောကြာ ည၊ စနေနေ့ညနဲ့ တနင်္ဂနွေနေ့ညတွေမှာတော့ ပရီမီယာလိဂ် ပွဲစဉ်တွေကို ကျင်းပသွားဖို့မရှိပါဘူး။ ဒါပေမယ့် အက်ဖ်အေဖလားပြိုင်ပွဲရဲ့ တတိယအဆင့်ပွဲစဉ်တွေကိုတော့ အဆိုပါအချိန်တွေမှာ ကျင်းပသွားဖို့ရှိနေပြီး မန်ယူ၊ လီဗာပူး၊ မန်စီးတီး၊ အာဆင်နယ်၊ ချယ်လ်ဆီးတို့လိုအသင်းကောင်းတွေ ပါဝင်နေလို့ စိတ်ဝင်စားဖို့ကောင်းပါတယ်။*

ရှိုင်းမင်းမင်း



**အိတ်ထရာ - လီဗာပူး နံနက် ၂း၂၅ (၉-၁-၁၆)**

လီဗာပူးဟာ ဂျာဂင်ကလော့ရဲ့ လက်အောက်မှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုလုံးဝမရှိပါဘူး။ အထူးသဖြင့် တိုက်စစ်ပိုင်းက ဂိုးသွင်းခြေအတော်လေးအားနည်းပါတယ်။ ဒါပေမယ့် ဂျာဂင်ကလော့အနေနဲ့ ဆုဖလားတစ်လုံးအတွက် အခုလိုအောက်တန်းကအသင်းမျိုးနဲ့ ရင်ဆိုင်ရချိန်မှာ အမှားခံမှာမဟုတ်တာသေချာပါတယ်။ လီဗာပူးနိုင်ပွဲရမှာပါ။

**အာဆင်နယ် -ဆန်းဒါးလန်း ည ၉း၃၀ (၉-၁-၁၆)**

ပရီမီယာလိဂ်အသင်းအချင်းချင်း ဆုံတွေ့ပွဲဖြစ်တယ်ဆိုပေမယ့် ခြေစွမ်းပိုင်းက ကွာဟမှုများလွန်းနေပါတယ်။ အာဆင်နယ်ရဲ့ အခုနောက်ပိုင်း အသင်းလိုက်ကစားပုံနဲ့ ကွင်းလယ်ကစားအားက ကောင်းမွန်နေသလို အိမ်ကွင်းလည်းဖြစ်နေလို့ ခြေစွမ်းသာမန်သာရှိတဲ့ ဆန်းဒါးလန်းကို ဖိအားပေးပြီး နိုင်ပွဲရယူသွားမှာပါ။

**ဆောက်သမ်တန် - ပဲလေ့စ် ည ၉း၃၀ (၉-၁-၁၆)**

ဒီပွဲကလည်း ပရီမီယာလိဂ်အသင်းအချင်းချင်းတွေ့တဲ့ပွဲပါ။ ဒ့ါအပြင်ဒီပွဲဟာခြေစွမ်းကွာဟမှု ကျဉ်းမြောင်းနေပါတယ်။ ဒါကြောင့် အကြိတ်အနယ်ရှိမှာ သေချာနေပြီး ဆောက်သမ်တန်က အိမ်ကွင်းအားနဲ့ ဖိအားပေးနိုင်ဖို့ကြိုးစားသွားမှာသေချာပါတယ်။ ဒါပေမယ့် ပဲလေ့စ်ရဲ့ ခံကစားပုံကောင်းမွန်မှုကြောင့် ဆောက်သမ်တန်နိုင်ရင်တောင် ပြတ်သားဖို့ခက်တယ်။

**အဲဗာတန် - ဒါဂျင်ဟန် ည ၉း၃၀ (၉-၁-၁၆)**

ဒါဂျင်ဟန်က အင်္ဂလန်ရဲ့ အသင်းငယ်လေးတစ်သင်းပါ။ အဲဗာတန်ကတော့ ရလဒ်ပိုင်းအရ မတည်ငြိမ်ပေမယ့် အသင်းလိုက်ကစားပုံအထူးကောင်းမွန်မှုရှိပါတယ်။ အထူးသဖြင့် အဲဗာတန်ဟာ အိမ်ကွင်းလည်းဖြစ်လို့ နောက်တစ်ဆင့်တက်နိုင်ဖို့ အမှားခံမှာမဟုတ်ပါဘူး။ ပွဲဆက်တွေများနေပေမယ့် အဲဗာတန်ပဲအနိုင်ရမယ်။

**နော့ဝှစ်ချ် - မန်စီးတီး ည ၉း၃၀ (၉-၁-၁၆)**

မန်စီးတီးက ပရီမီယာလိဂ်ပြိုင်ပွဲမှာ ချန်ပီယံဆုရရှိဖို့ အတော်လေးရုန်းကန်နေရပါတယ်။ ဒါပေမယ့် အဆိုပါအချက်ကြောင့် မန်စီးတီးဟာ ရှုံးထွက်ပြိုင်ပွဲတွေမှာ ပိုမိုအားစိုက်လာမှာ သေချာပါတယ်။ နော့ဝှစ်ချ်က အိမ်ကွင်းအားနဲ့ခံကစားမှာဖြစ်ပေမယ့် ခြေကုန်ထုတ်လာမယ့် မန်စီးတီးကသာနိုင်ပွဲရပြီး နောက်တစ်ဆင့်တက်သွားနိုင်မှာပါ။

**ဝက်ဖို့ဒ် - ကာဆယ် ည ၉း၃၀ (၉-၁-၁၆)**

ပရီမီယာလိဂ်အသင်းအချင်းချင်း ဆုံတွေ့တဲ့ပွဲစဉ်ဖြစ်ပါတယ်။ အသင်းရဲ့အမည်နာမအရ ကာဆယ်က ပိုမိုထင်ရှားပေမယ့် လက်ရှိခြေစွမ်းအရတော့ ဝက်ဖို့ဒ်က ပိုမိုကောင်းမွန်နေသလို ဒီပွဲမှာလည်း အိမ်ကွင်းအားနဲ့ ဖိအားပေးသွားဖို့သေချာနေပါတယ်။ အထူးသဖြင့် ကာဆယ်တိုက်စစ်က ဂိုးသွင်းခြေအားနည်းလို့ဝက်ဖို့ဒ်ကသာ နိုင်ပွဲရသွားမှာပါ။

**ဝက်စ်ဟမ်း - ဝုဖ် ည ၉း၃၀ (၉-၁-၁၆)**

ဝက်စ်ဟမ်းရဲ့ ခြေစွမ်းပိုင်းကလျှော့တွက်ဖို့ ခက်ပါတယ်။ နောက်ဆုံးပွဲစဉ်မှာ လီဗာပူးကိုအကောင်းဆုံးခြေစွမ်းနဲ့ အနိုင်ကစားနိုင်ခဲ့သလို ပါရက်စ်အတ်ရာက ပြန်လည်သက်သာလာခဲ့မှုကြောင့်လည်း ကစားသမားပိုင်း ပိုမိုပြည့်ဝလာပါတယ်။ အိမ်ကွင်းလည်း ဖြစ်လို့ နောက်တစ်ဆင့်တက်ဖို့ အားစိုက်ကစားလာမှာ သေချာသလို နိုင်ပွဲလည်းရသွားမှာပါ။

**မန်ယူ - ရှက်ဖီးလ် နံနက် ၀၀း၀၀ (၁၀-၁-၁၆)**

ပရီမီယာလိဂ်မှာ ရလဒ်ပိုင်းမတည်ငြိမ်မှုကြောင့် ဖိအားတွေများနေရတဲ့ မန်ယူဟာ ဒီအက်ဖ်အေဖလားမှာ နောက်တစ်ဆင့်တက်နိုင်ဖို့ကို ဂရုတစိုက်နဲ့ကစားသွားပါလိမ့်မယ်။ အိမ်ကွင်းဖြစ်တဲ့အပြင် ချယ်လ်ဆီးနဲ့ပွဲကစလို့ မန်ယူရဲ့ကစားပုံကလည်း ကောင်းမွန်လာတာကြောင့် ရှက်ဖီးလ်လို့အသင်းငယ်လေးကို အနိုင်ကစားသွားနိုင်မှာပါ။

**ချယ်လ်ဆီး - စကန်သော်ပီ ည ၈း၃၀ (၁၀-၁-၁၆)**

ချယ်လ်ဆီးဟာပရီမီယာလိဂ်မှာ ချန်ပီယံဆုမမျှော်မှန်းနိုင်တော့သလို ကက်ပီတယ်ဝမ်ဖလားကလည်း ထွက်ခွာခဲ့ရပြီဖြစ်တာကြောင့် ဆုဖလားမျှော်လင့်နိုင်ဖို့အတွက် ဒီပြိုင်ပွဲကိုသာ အားစိုက်လာမှာသေချာနေပါတယ်။ ဒ့ါအပြင် ချယ်လ်ဆီးရဲ့အိမ်ကွင်းဖြစ်သလို စကန်သော်ပီကလည်း အစစအားနည်းတာကြောင့် ချယ်လ်ဆီးပဲ အနိုင်ရသွားမှာပါ။

**စပါး - လက်စတာစီးတီး ည ၁၀း၃၀ (၁၀-၁-၁၆)**

ပွဲကောင်းတစ်ပွဲဖြစ်ပါတယ်။ လက်ရှိအချိန်မှာ လက်စတာရဲ့ခြေကအနည်းငယ်ကျဆင်းလာတယ်လို့ ဆိုနိုင်ပါတယ်။ ဂျေမီဗာဒီခြေကျဆင်းမှုနဲ့အတူ တိုက်စစ်က ဂိုးသွင်းခြေကျဆင်းလာပါတယ်။ ဒါပေမယ့် လက်စတာက အသင်းလိုက်ကစားပုံကောင်းမွန်ဆဲဖြစ်လို့ စပါး အခက်တွေ့နိုင်ပြီး ကပ်ပြီးသာအနိုင်ရနိုင်ပါတယ်။

# (၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့ မြို့နယ်အလိုက် လှုပ်ရှားဆောင်ရွက်မှုများ

### နတ်တလင်း

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ ကံကြီးလမ်းရှိ လွတ်လပ်ရေးကျောက်တိုင်တွင် ဇန်နဝါရီ ၄ ရက်က (၆၈) နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနားပြုလုပ်ရာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် နိုင်ငံတော်အလံတင်ခဲ့ပြီး နံနက် ၇ နာရီတွင် နိုင်ငံတော်သမ္မတထံမှပေးပို့သော (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်က ဖတ်ကြားခဲ့သည်။

ယင်းနောက် အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများ၌ ဆုရသူများကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းသီတာညွန့်၊ စီမံကိန်းဦးစီးအရာရှိ ဦးစိုးလွင်၊ရဲမှူး အောင်မိုးတို့က ဆုများအသီးသီးချီးမြှင့်ကြကြောင်း သိရသည်။ (ဝ၇၁)

### အောင်လံ

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့တွင် (၆၈) နှစ်မြောက်လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်းများကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းတွင်ပြုလုပ်ရာ နံနက် ၄ နာရီ မိနစ် ၂၀တွင် အောင်မာလာပန်ခြံအတွင်းရှိ လွတ်လပ်ရေးကျောက်တိုင်၌ အလံတင်အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့သည်။

ယင်းနောက် သဝဏ်လွှာဖတ်ကြားခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်က ဖတ်ကြားခဲ့သည်။ သိန်းလွင်(ပြန်/ဆက်)

### ဝါးခယ်မ

(၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီက ဝါးခယ်မ မြို့နယ် ဗိုလ်ချုပ်ပန်းခြံ လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဂုဏ်ပြုတပ်ဖွဲ့ဝင်များက နေရာယူကြပြီး နံနက် ၄ နာရီမိနစ် ၂၀ တွင် နိုင်ငံတော်အလံကို လွှင့်တင်ပေးကာ တက်ရောက်လာသူများက နိုင်ငံတော်အလံကို အလေးပြုခဲ့သည်။

ဆက်လက်၍ ရွှေခယ်သီရိအားကစားခန်းမ၌ နံနက် ၇ နာရီတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သည့် (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်က ဖတ်ကြားခဲ့သည်။ လှမ်းသီဟ(ပြန်/ဆက်)

### ပေါင်

(၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို မွန်ပြည်နယ် ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ လွတ်လပ်ရေးကျောက်တိုင်၌ ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင်ကျင်းပခဲ့ပြီး နိုင်ငံတော်အလံအား အလေးပြုသည့်အခမ်းအနားကို နံနက် ၇ နာရီတွင်ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် နိုင်ငံတော်သမ္မတထံမှပေးပို့သည့် လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က ဖတ်ကြားခဲ့သည်။

ယင်းအခမ်းအနားတွင် ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (၆၈) နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ မြို့နယ်( ပြန်/ဆက်)

### တိုက်ကြီး

တိုက်ကြီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့တွင် ဇန်နဝါရီ ၄ ရက်က (၆၈) နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ပွဲ အခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနား၌ နံနက် ၄ နာရီ ၂၀ မိနစ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ နိုင်ငံတော်အလံတင်အခမ်းအနားပြုလုပ်ပြီး နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများကို တက်ရောက်လာသူများက အလေးပြုကြသည်။ ယင်းနောက် နံနက် ၇ နာရီတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်စိုးက နိုင်ငံတော်သမ္မတထံမှပေးပို့သော (၆၈) နှစ်မြောက်သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။ ထွန်းလှိုင်

### ဘီးလင်း

(၆၈) နှစ်မြောက်လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် ဘီးလင်းမြို့နယ် အောင်ဇေယျခန်းမ၌ကျင်းပခဲ့ပြီး ဘီးလင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ပညာ့အားမာန်ခန်းမ၌ နိုင်ငံတော်သမ္မတထံမှပေးပို့သော (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမောင်မောင်က ဖတ်ကြားခဲ့သည်။

ယင်းနောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတို့တွင်ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူအသီးသီးတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

### မင်းတပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှပေးပို့သော သဝဏ်လွှာဖတ်ကြားခြင်းနှင့် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ကာတွန်း၊ ပန်းချီယှဉ်ပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီတွင် မင်းတပ်မြို့ စံပြရပ်ကွက်ရှိ လွတ်လပ်ရေးကျောက်တိုင်ရှေ့တွင် ပြုလုပ်ကြသည်။

ယင်းအခမ်းအနားတွင် တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ရပ်မိရပ်ဖများမှ နိုင်ငံတော်အလံကို အလေးပြုကြပြီး မင်းတပ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်အံ့မောင်က နိုင်ငံတော်သမ္မတထံမှပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။ ခရိုင်(ပြန်/ဆက်)

### ကျွန်းလှ

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့၌ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက မြို့နယ်စုပေါင်းရုံးတွင်ကျင်းပရာ နိုင်ငံတော်သမ္မတထံမှပေးပို့သော သဝဏ်လွှာအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသောင်းဟိန်းက ဖတ်ကြားပြီး ကဗျာ၊ စာစီစာကုံးပြိုင်ပွဲ ဆုရကျောင်းသား၊ ကျောင်းသူများကို ဆုချီးမြှင့်ကြကြောင်း သိရသည်။ မျိုးဝင်းညို(ကျွန်းလှ)

### ချောင်းဦး

(၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့၌ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဂုဏ်ပြုတပ်ဖွဲ့ဝင်များက နေရာယူကြပြီး နိုင်ငံတော်အလံတင်အဖွဲ့က မင်္ဂလာအချိန်ရောက်ရှိသည်နှင့် နိုင်ငံတော်အလံကို လွှင့်တင်ပေးကြသည်။ ယင်းနောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်း၊ ဂုဏ်ပြုတပ်ဖွဲ့နှင့် တာဝန်ရှိသူများက နိုင်ငံတော်အလံအားလည်းကောင်း၊ ကျဆုံးလေပြီးသော ရဲဘော်အပေါင်းအားလည်းကောင်း၊ အလေးပြုခဲ့ကြသည်။

ဆက်လက်ပြီး (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာဖတ်ပွဲအခမ်းအနားကို နံနက် ၇ နာရီတွင် ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတမှပေးပို့သော သဝဏ်လွှာအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်းက ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ မြို့နယ်ပြန်/ဆက်(ချောင်းဦး)

### မြင်းမူ

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့၌ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဂုဏ်ပြုတပ်ဖွဲ့ဝင်များက နိုင်ငံတော်အလံကို လွှင့်တင်ပေးကြပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမြင့်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဂုဏ်ပြုတပ်ဖွဲ့ဝင်များက နိုင်ငံတော်အလံအားလည်းကောင်း၊ ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့အားလည်းကောင်း အလေးပြုကြကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်ပြီး (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာဖတ်ပွဲအခမ်းအနားကို နံနက် ၇ နာရီတွင် ကျင်းပရာ နိုင်ငံတော်သမ္မတမှပေးပို့သော (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာအား မြင်းမူမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးက ဖတ်ကြားခဲ့သည်။ ဖိုးခါး

### ညောင်ရွှေ

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက ညောင်ရွှေမြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇောလှက ဖတ်ကြားခဲ့သည်။ အခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက်များမှ ဒေသခံပြည်သူများတက်ရောက်ခဲ့သည်။ နေမျိုးသူရိန်

### ကော့သောင်း

(၆၈) နှစ်မြောက်၊လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားအား ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က ကော့သောင်းခရိုင် ကော့သောင်းမြို့ ကျောက်တိုင်ကွင်းတွင် ပြုလုပ်ရာ နိုင်ငံတော်အလံအား တိုင်ထိပ်သို့ လွှင့်ထူပြီး အလေးပြုကြသည်။

ယင်းနောက် နံနက် ၇ နာရီတွင် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားအား ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတမှပေးပို့သော (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာအား ကော့သောင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇာနည်လွင်က ဖတ်ကြားခဲ့သည်။ ကျော်စိုး(ကော့သောင်း-ပြန်/ဆက်)

### လွိုင်ကော်

ကယားပြည်နယ် လွိုင်ကော်မြို့၌ ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ ၂၀ က ကန္တာယောဝန်ပန်းခြံရှိ ကျောက်သားရင်ပြင်၌ (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားပြုလုပ်ရာ နိုင်ငံတော်အလံအားအလေးပြုခြင်းနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြုကြပြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်မျိုးတင်က နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။ ကိုစိုင်း(လွိုင်ကော်)

### နမ့်စန်

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်တွင် (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲကို ဇန်နဝါရီ ၄ ရက်က မြို့နယ်အားကစားကွင်းတွင် ကျင်းပခဲ့သည်။

နံနက် ၄ နာရီ မိနစ် ၂၀ တွင် အလံတင်အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ကျင်းပခဲ့ပြီး နံနက် ၇ နာရီတွင် မြို့နယ်အားကစားကွင်း၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသူရက ဖတ်ကြားခဲ့သည်။ သူရအောင်(ပြန်/ဆက်)

### မြစ်ကြီးနား

(၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အစိုးရအဖွဲ့ရုံး အဆောက်အအုံရှေ့မြက်ခင်းပြင်၌ကျင်းပသည့် ဆက်လက်၍ နံနက် ၇ နာရီတွင် နိုင်ငံတော်အလံအလေးပြုကြပြီး နိုင်ငံတော်သမ္မတထံမှပေးပို့လာသည့် (၆၈) နှစ်မြောက် လွပ်လပ်ရေးနေ့သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ်က ဖတ်ကြားခဲ့သည်။ ပြည်နယ်(ပြန်/ဆက်)

### လားရှိုး

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် (၆၈) နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က နန်းဟောဝန်ပန်းခြံရှိ လွတ်လပ်ရေးအထိမ်းအမှတ်ကျောက်တိုင်တွင် အလံတင်အခမ်းအနား ပြုလုပ်ခဲ့သည်။

ယင်းနောက် လွတ်လပ်ရေးအထိမ်းအမှတ်ကျောက်တိုင်ကွင်းတွင် နံနက် ၇ နာရီက နိုင်ငံတော်သမ္မတထံမှပေးပို့သော (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိန်အုပ်က ဖတ်ကြားခဲ့သည်။ ဟန်ဌေး(လားရှိုး)

### စဥ့်ကိုင်

(၆၈) နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုခြင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ကြားခြင်းကို စဥ့်ကိုင်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ဇန်နဝါရီ ၄ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် တက်ရောက်လာသူများက နိုင်ငံတော်အလံအား အလေးပြုကြပြီး နိုင်ငံတော်သမ္မတထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးသိန်းစိုးက ဖတ်ကြားခဲ့သည်။ တင်တင်ထွေး(စဥ့်ကိုင်)

### သာစည်

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ပြုလုပ်ရာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် နိုင်ငံတော်အလံလွှင့်တင်ပြီး တက်ရောက်လာသူများက အလေးပြုခဲ့ကြသည်။

ဆက်လက်၍ နံနက် ၇ နာရီတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှပေးပို့သော (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ငွေက ဖတ်ကြားခဲ့သည်။ ထွန်းထွန်း(သာစည်)

### ဘားအံ

ကရင်ပြည်နယ် ဘားအံမြို့ သိရိကွင်းကျောက်တိုင်ရှေ့ မြက်ခင်းပြင်တွင် ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင်အခမ်းအနားကိုကျင်းပရာ အခမ်းအနားသို့တက်ရောက်လာသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြပြီးနောက် ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့အား အလေးပြုကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှပေးပို့သော (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို ကရင်ပြည်နယ် အစိုးရအဖွဲ့ ခေတ္တပြည်နယ်ဝန်ကြီးချုပ် ဦးစောဝင်းထိန်က ဖတ်ကြားခဲ့ကြောင်း သိရသည်။ နေမျိုးလွင်(ပြန်/ဆက်)

### ဘုတ်ပြင်း

ဘုတ်ပြင်းမြို့ (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲအခမ်းအနားအား ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က မြို့နယ်လွတ်လပ်ရေးကျောက်တိုင်ရှေ့တွင်ကျင်းပရာ ပြည်တောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား လွှင့်တင်၍ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၊ ဒေသခံပြည်သူများက တက်ရောက်အလေးပြုကြသည်။

ဆက်လက်၍ နံနက် ၇ နာရီတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းသာက ဖတ်ကြားခဲ့သည်။ ဘုတ်ပြင်း(ပြန်/ဆက်)

### ကျောက်ဆည်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့တွင် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာ ရီ ၁၀ မိနစ်တွင် ခရိုင်ပြည်သူ့အားကစားကွင်းတွင်ကျင်းပခဲ့ပြီး နိုင်ငံတော်သမ္မတထံမှပေးပို့သော (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူးက ဖတ်ကြားခဲ့သည်။ ခင်မောင်လွင်

### ဘူးသီးတောင်

(၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီတွင် ဘူးသီးတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားတက်ရောက်လာကြသူများက နိုင်ငံတော်အလံအား အလေးပြုကြသည်။ ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းရွှေက နိုင်ငံတော်သမ္မတထံမှ ပေးပို့သောသဝဏ်လွှာအား ဖတ်ကြားခဲ့သည်။ ဇော်နိုင်ထွန်း(ပြန်/ဆက်)

### ဆိပ်ဖြူ

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို မြို့နယ်အားကစားကွင်း၌ နံနက် ၄ နာရီ မိနစ်၂၀ တွင်ပြုလုပ်ခဲ့သည်။

ဆက်လက်၍ နံနက် ၇ နာရီတွင် နိုင်ငံတော်သမ္မတကပေးပို့သည့်သဝဏ်လွှာအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်မျိုးက ဖတ်ကြားပေးခဲ့သည်။ စိုးလင်းနိုင်(ပြန်/ဆက်)

ကျန်းမာရေးဆောင်းပါး

# ချောင်းဆိုးသံများက ပြောပြသော သင့်ကျန်းမာရေးအကြောင်း

ခ ပေါက်ပေါက်

### ချောင်းဘာကြောင့်ဆိုးရတယ်

ကျား၊ မ အသက်အရွယ်ပိုင်းခြားမရွေး ချောင်းဆိုးတတ်ကြပါတယ်။ လည်ပင်းရောင်ခြင်း၊ လည်ချောင်း၊ အသံအိမ်၊ လေပြွန်ငယ်များနဲ့ အဆုတ်အတွင်း မအီမသာဖြစ်ခြင်းတို့ကြောင့် ဖြစ်ပေါ်လာတဲ့ ခန္ဓာကိုယ်၏ တုံ့ပြန်မှုကို 'ချောင်းဆိုးတယ်' လို့ခေါ်ပါတယ်။

### ချောင်းဆိုး ဝေဒနာများ

ချောင်းဆိုးခြင်းကို ချောင်းခြောက်နှင့် ချွဲသလိပ်တို့စုဝေးပိတ်ဆို့ခြင်းဟူ၍ အဓိကအားဖြင့် နှစ်မျိုးနှစ်စား ခွဲခြားထားပါတယ်။ ၎င်းတို့ကိုအခြေခံ၍ -

(၁) ချောင်းခြောက်ဆိုးခြင်းနှင့်

(၂) ချွဲသလိပ်ပါသော ချောင်းဆိုးခြင်းဟု ပိုင်းခြားထားပါတယ်။ အမှတ်စဉ် (၂) ဖြစ်တဲ့ ချွဲသလိပ်ပါသော ချောင်းဆိုးခြင်းဟာ ရင်ကျပ်ရောဂါကြောင့်ဖြစ်လာရပါတယ်။ အအေးမိတုပ်ကွေးဖြစ်ခြင်း၊ လေပြွန်ပိုးဝင်ခြင်း၊ နှာခေါင်းအနီးရှိ လေအိတ်ခန်းများရောင်ခြင်း၊ ပြင်ပမှဝင်ရောက်လာသော ဖုန်နှင့် အမှုန်အမွှားတို့ကြောင့် ချွဲ၊ သလိပ်ပါသော ချောင်းဆိုးခြင်းကို ဖြစ်ပေါ်စေပါတယ်။ ဖုန်မှုန့်၊ ပန်းဝတ်မှုန်နှင့် ဓာတုပစ္စည်းများက ချောင်းဆိုးခြင်းရဲ့ အဓိကအကြောင်းရင်းဖြစ်ပါတယ်။ ချွဲ သလိပ်ဖြင့် ချောင်းဆိုးခြင်း၏ ၁၀ ရာခိုင်နှုန်းမှာ ရင်ပူခြင်းကို ဖြစ်ပေါ်စေပါတယ်။ ချောင်းဆိုးသံကို နားထောင်ကြည့်ခြင်းဖြင့် မည်သည့်အတွက်ကြောင့် ချောင်းဆိုးရခြင်းကို ပိုင်းခြားဝေဖန်နိုင်ပါတယ်။

### ချောင်းဆိုးသံများက ပြောပြသော သင့်ကျန်းမာရေးအကြောင်း

#### (၁) ချောင်းခြောက်ဆိုးခြင်း

ချောင်းခြောက်ဆိုးခြင်းကို ဆေးသိပ္ပံနည်းအရ Chronic Dry Cough လို့ ခေါ်ပါတယ်။ ရာသီဥတုအပြောင်းအလဲကြောင့် အပူ အအေး မမျှတခြင်း၊ လေထုခြောက်သွေ့ခြင်း (သို့) စိုထိုင်းခြင်း၊ နှာချေခြင်း၊ နှာစေးခြင်း၊ နှာရည်ယိုခြင်း၊ လေပြွန်ပွခြင်းတို့ကြောင့် ချောင်းခြောက်ဆိုးခြင်းကို ဖြစ်လာရပါတယ်။ ချောင်းခြောက်က တော်တော်နှင့် အမြစ်ပြတ်ပျောက်သွားတာမျိုးမဟုတ်ဘဲ ပေါ်လိုက်ပျောက်လိုက်ဖြစ်တတ်သော နာတာရှည်ချောင်းဆိုးရောဂါဖြစ်ပါတယ်။ အထူးသဖြင့် နေ့ဖက်တွေမှာ ပိုဆိုးလေ့ရှိပြီး တစ်ကြိမ်ဆိုးလျှင် ၃ မိနစ်မှ ၁၀ မိနစ်ခန့်ထိ ဆက်တိုက်ချောင်းဆိုးလေ့ရှိပါတယ်။

အိမ်တွင်းကုထုံးများမှာ -

(က) ငရုတ်ကောင်း ၁၀ စေ့ကို သောက်ရေ ၁ ဖန်ခွက်ဖြင့် ပြုတ်ပါ။ ရေထက်ဝက်ခန့်ကျသွားတဲ့အခါ မီးဖိုပေါ်မှချ၍ အထဲက ငရုတ်ကောင်းစေ့တွေကိုဖယ်ပါ။ ပြီးရင် ၎င်းပြုတ်ရည်ထဲသို့ ပျားရည်တစ်ဇွန်းခန့်ထည့်၍ ခပ်နွေးနွေးအချိန်မှာ သောက်ပေးပါ။

(ခ) ချင်းပြုတ်ရည်ထဲသို့ ပျားရည်ထည့်သောက်ပါ။

(ဂ) ပင်စိမ်းရွက်ကို ရေနွေးစိမ်၍ သောက်ပါ။

(ဃ) ဖီးကြမ်းငှက်ပျောသီးကို ငရုတ်ကောင်းမှုန့်နှင့်တို့စားပါက သလိပ်ထွက်လာပြီး ချောင်းခြောက်ဆိုးခြင်းကို ပျောက်ကင်းစေပါတယ်။

(င) ဣသရမူလီပင်၏ အရွက်ညှစ်ရည် (သတ္တုရည်) ထမင်းစားဇွန်းတစ်ဇွန်းကို ဆားမီးဖုတ်အနည်းငယ်ရော၍ နံနက်၊ ည တစ်နေ့ နှစ်ကြိမ်စီ သောက်ပေးပါ။

(စ) ကညွတ်ဥ၊ မုရားကြီးရွက်၊ သကြားခဲတို့ဖြင့် ရော၍သောက်ပေးပါ။

(ဆ) ဖရဲသီးဖျော်ရည်ကို ဆားခပ်ပြီးသောက်ပေးပါ။

(ဇ) မဲဇလီဖူးအခါးက အသက်ရှူပြွန်ရောင်၍ ချောင်းခြောက်ဆိုးခြင်းကို သက်သာပျောက်ကင်းစေပါတယ်။

(ဈ) လိမ္မော်သီးထဲမှာပါတဲ့ ဗီတာမင်ဒီဓာတ်ပေါင်းစုများဟာ အရောင်ကျစေတဲ့ အာနိသင်ရှိတာကြောင့် ပန်းနာရင်ကျပ်၊ တီဘီအဆုတ်နာ၊ ချောင်းခြောက်၊ အဆုတ်ရောင်၊ လေပြွန်ရောင်၊ အစာမျိုပြွန်၊ ခံတွင်း၊ လည်ချောင်းနာခြင်း စတဲ့အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများကို ပျောက်ကင်းစေပါတယ်။ (ချိုသော လိမ္မော်သီးမဟုတ်ပါ။)

#### (၂) လည်ချောင်းထဲကယားပြီး ချောင်းဆိုးခြင်း။

ဤချောင်းဆိုးခြင်းကလည်း ချောင်းခြောက်လိုပါပဲ။ ချွဲမရှိဘဲ ဆိုးနေတာမျိုးဖြစ်ပါတယ်။ ရာသီဥတုအကူးအပြောင်းတွေမှာ ဖြစ်တတ်တဲ့ ဗိုင်းရပ်စ်ပိုးတုပ်ကွေးကြောင့် နှာရည်ယိုလာပြီး ၎င်းနှာရည်များကို လည်ချောင်းထဲသို့ မျိုချမိရာမှစ၍ ချောင်းဆိုးခြင်းကို ဖြစ်လာရပါတယ်။ ကိုယ်ခံအားနည်းသူများ၊ လူအုပ်ထဲသို့ သွားလာနေကြရသူများမှာ အဖြစ်များတာကို တွေ့ရပါတယ်။

အိမ်တွင်းကုထုံးများမှာ -

(က) ပန်းဂေါ်ဖီစိမ်းအပါအဝင် အစိမ်းရောင်ဟင်းရွက်တွေ များများစားပေးပါ။

(ခ) အဝါရောင်သီးနှံများဖြစ်ကြတဲ့ လိမ္မော်သီးနှင့် သံပရာသီးတို့ကို ဖျော်ရည်အဖြစ်သော်လည်းကောင်း၊ လိမ္မော်ခွံ (သို့) သံပရာခွံတို့ကို ရေနွေးစိမ်၍သော်လည်းကောင်း သောက်ပါ။

(ဂ) ဗီတာမင်စီနှင့် ဗီတာမင်ဒီ အားဆေးမှီဝဲပါ။

(ဃ) အသက်ရှူလမ်းကြောင်းမှ ကူးစက်ပိုးတွေကို ၂၀ ရာခိုင်နှုန်းမျှ ကာကွယ်ပေးနိုင်တဲ့ Actimel (ခေါ်) ပဋိဇီဝဆေး ကြိုတင်သောက်သုံးပါ။

(င) ရေနွေးဖြင့် ပလုတ် (အာလုတ်) ကျင်းခြင်းက လည်ချောင်း၊ လည်မျိုတို့မှ အချွဲအကျိများနှင့် ဗိုင်းရပ်(စ်)များကို သန့်စင်ပေးသဖြင့် ချောင်းဆိုးခြင်းကို သက်သာစေပါတယ်။

(စ) အအေးမိတုပ်ကွေးနှင့် ချောင်းဆိုးခြင်းအတွက် ချင်းပြုတ်ရည်က အကောင်းဆုံးဆေးတစ်ခွက်ဟု တရုတ်ဆေးသုတေသီများက ဆိုထားပါတယ်။

(ဆ) လက်ဖက်ရည်ကြမ်းသောက်ခြင်းက တုပ်ကွေးဖြစ်စေသော ဗိုင်းရပ်(စ်)ပိုးများကို နှိမ်နင်းနိုင်ပါတယ်။

(ဇ) ယူကလစ်ပင်၏အဆီဟာ အအေးမိ၊ နှာစေး၊ ချောင်းဆိုးခြင်းအတွက်၊ ပိုးသတ်ဆေးအဖြစ် အလွန်အသုံးတည့်တာကြောင့်လည်း ယူကလစ်ဆီကို ရှူဆေးအဖြစ်လည်းကောင်း၊ ယူကလစ်ပင်အရွက်နှင့်ကိုင်းတို့ကို ရေနွေးဖြော ရေချိုး၍လည်းကောင်း၊ အီတလီနိုင်ငံရိုးရာကုထုံးများတွင် အသုံးပြုလေ့ရှိကြပါတယ်။ (ယူကလစ်ဆီအစား ထင်းရှူးဆီကို သုံးနိုင်ပါတယ်။)

(ဈ) မိမိအိမ်နှင့် ပတ်ဝန်းကျင်ကို စိုစွတ်ထိုင်းမှိုင်းမှုမဖြစ်ရအောင်၊ လေဝင်လေထွက်ကောင်းအောင်၊ အလင်းရောင်ဝင်အောင်၊ မှိုနံ့ပျောက်အောင် အထူးဂရုပြုပေးပါ။

(ည) ပျားရည်သံပရာပေါင်းစားပါ (သို့) သံပရာရည်ကို ပျားရည်ဖြင့်လျက်ပါ။

(ဋ) ကျောက်ဖရုံသီးစားပါ။

#### (၃) အသံအကျယ်ကြီးဖြင့် နားနားပြီးချောင်းဆိုးခြင်း။

အသက်ရှူကျပ်တဲ့ ကြက်ညှာ ချောင်းဆိုးရောဂါဖြစ်ပါတယ်။ ညဖက်မှာ အဆိုးများပြီး နေ့ဖက်မှာလည်း ပြတ်တောင်းပြတ်တောင်း ဆိုးတတ်ပါသေးတယ်။

အိမ်တွင်းကုထုံးများမှာ -

(က) ယူကလစ်ပင်အရွက်ကို ပွတ်ချေ၍ ရှူပေးပါ (သို့) ရေနွေးဇလုံကြီးထဲကို ယူကလစ်ဆီ အစက်ချ၍ ရှူပေးပါ။

(ခ) မုရားကြီးရွက်နုကိုကြိတ်၍ရသော အရည်အား ဝိုင်အရက် နှင့်သော်လည်းကောင်း၊ ပျားရည်နှင့်သော်လည်းကောင်း သောက်ခြင်းဖြင့် ကြက်ညှာချောင်းဆိုးရောဂါကို ပျောက်စေပါတယ်။

(ဂ) လေးညှင်းပွင့်ကို မီးနှင့်လျှော်၍ ကြိတ်ပြီး ပျားရည်နှင့် ရောသောက်ပေးပါ။

(ဃ) ပထမရက်-သင်္ဘောသီးစိမ်းတစ်လုံးကို အလုံးလိုက်ရေစင်စင်ဆေးပါ။ အပေါ်ခွံကို လွှာမပစ်ဘဲ သင်္ဘောခြစ်နှင့်ခြစ်၍ ငရုတ်စိမ်း၊ ကြက်သွန်နီ၊ ပုစွန်ခြောက်၊ ငံပြာရည်နှင့် သံပရာရည်ရွှဲရွှဲဆမ်းပြီးအဝစားပါ (နေ့လည်ထမင်းလျော့စားပါ။) ဒုတိယရက်-နောက်တစ်နေ့ သင်္ဘောမယ်ဇလီပွင့်ခြောက်ကို လက်ဖက်ရည်ကြမ်းသောက်သကဲ့သို့ အကြမ်းပန်းကန်နှင့် ၅ လုံးခန့် သောက်ပါ။ အပွင့်ခြောက်မရရင် အပွင့်အစိုကို ပြုတ်၍ဖြစ်စေ၊ အရွက်နုကို ငါးပိရည်နှင့်တို့စား၍ဖြစ်စေ ဝမ်းသွားလောက်အောင်စားပါ (သလိပ်များက ဝမ်းနှင့်အတူ ဆင်းသွားပါလိမ့်မယ်။) တတိယရက်- ဝမ်းသွားပြီးနောက်တစ်နေ့မှာ အုန်းနဲ့ရွက်အစိုဖြစ်စေ၊ အခြောက်ဖြစ်စေ ထန်းလျက်နှင့် ဆတူကြိတ်ပါ။ ဆီးဖြူသီးအရွယ်ခန့်လုံးပြီး နံနက်၊ နေ့လည်-ည တစ်လုံးစီသောက်ပါ။ (ဖော်ပြပါအစီအစဉ်အတိုင်း ဆေးပတ်လည်အောင် ၃ ရက်သောက်ပါ။ ရောဂါအထူအပါး အပေါ်မူတည်ကာ တချို့ကတစ်ကြိမ်၊ တချို့က ၃ကြိမ် ဆေးပတ်လည်အောင် သောက်ခြင်းဖြင့် ရောဂါအမြစ်ပြတ်ပျောက်၏။)

#### (၄) တဟွတ်ဟွတ်ချောင်းဆိုးခြင်း။

ကလေးတွေမှာ အဖြစ်များသော ချောင်းဆိုးရောဂါဖြစ်ပါတယ်။ လေပြွန်ဖောင်းပွခြင်းကြောင့် ချောင်းဆိုးရပါတယ်။ အထူးသဖြင့် နံနက်အိပ်ရာထခါစမှာ ဆိုးလေ့ရှိပြီး အဝါ (သို့) အစိမ်း(သို့)အဖြူရော်ရော် ချွဲသလိပ်တွေထွက်ပါတယ်။ ချောင်းဆိုးတဲ့အခါတိုင်း ရင်ခေါင်းထဲကအောင့်ကာ၊ အာသီးရောင်ခြင်းနှင့် နှာခေါင်းပိတ်၍ ပါးစပ်နဲ့အသက်ရှူရပါတယ်။

အိမ်တွင်းကုထုံးများမှာ -

(က) အိပ်ရာထဲမှာ အနားယူပါ။

(ခ) ချွဲသလိပ်ကျဲစေရန်နှင့် ရေဓာတ်ခမ်းခြောက်ခြင်းမှကာကွယ်ရန်အတွက် အရည်များများသောက်ပါ။

(ဂ) ရေနွေးနွေးထဲသို့ ဆားထည့်၍ ပလုတ် (အာလုတ်)ကျင်းပါ။

(ဃ) ပျားရည်ကို နနွင်းမှုန့် (သို့) သံပုရာရည် (သို့) ကြက်သွန်နီအရည်တို့ဖြင့် ရော၍လျက်ပေးပါ။

(င) ချင်းပြုတ်ရည်ထဲသို့ ပျားရည်ထည့်သောက်ပါ (သို့) ချင်းစားပါ။

(စ) စပါးလင်၊ သစ်ကြံပိုးခေါက်၊ သံပရာသီးအခွံတို့ကလည်း လေပြွန်ဖောင်း၍ ချောင်းဆိုးခြင်းအတွက် အကောင်းဆုံးဆေးများပဲဖြစ်ပါတယ်။

(ဆ) တစ်ညသိပ်စိမ်ထားသော ကန်စွန်းရွက်အရည်ကို ပျားရည်ဖြင့်သောက်ပါ။

(ဇ) ကန်စွန်းရွက်ကို သုပ်စားပါ။ နွယ်ချိုစားပါ။ ချဉ်ပေါင်ခါးစားပါ (သို့) ချဉ်ပေါင်ဖူးဖျော်ရည်သောက်ပါ။

(ဈ) ငရုတ်သီး၊ ကင်ပွန်းချဉ်သီး၊ ကင်ပွန်းချဉ်ပွင့်၊ ကန့်ချုပ်ဖြူပင်၊ ကနဖော့ရွက်၊ ပေါက်ပင်တို့က ချွဲသလိပ်တို့ကို ကျေစေပါတယ်။

(ည) ကြိတ်မှန်အမြစ်ပါမကျန် အပင်တစ်ပင်လုံးကို ကြိတ်၍ ရရှိလာသောသတ္တုရည် နှစ်စက်ခန့်ကို ပျားရည်နှင့်ရော၍ မွေးကင်းစကလေးများကို တိုက်ကျွေးပေးခြင်းဖြင့် နှာစေးချောင်းဆိုးရောဂါတို့ကို ပျောက်ကင်းစေပါတယ်။

(ဋ) ကျီးအာပင်၏ အမြစ်ကိုသွေး၍ လျှာတွင်ပွတ်ပေးပါက တစ်ခဏတွင်းမှာပင် သလိပ်ကိုကြေစေပါတယ်။

(ဌ) လိမ္မော်ရွက် ၄ ရွက်ကို ဆူအောင်ကျိုပြီးနောက် အအေးခံပါ။ ၎င်းနောက် အရွက်များကို ဖယ်ရှားပြီး ခပ်နွေးနွေးအရည်ကို တစ်နေ့ သုံးကြိမ်သောက်ပါ။

#### (၅) ချွဲကပ်၍ ချောင်းဆိုးခြင်း။

ခံတွင်းထဲမှာ ပေါ့ရွှတ်ရွှတ် ခါးသက်သက် အရသာဖြစ်လေ့ရှိပါတယ်။ စကားပြောရင်းဖြစ်စေ၊ ရီ (ရယ်) မောရင်း ဖြစ်စေ၊ သီချင်းဆိုရင်းဖြစ်စေ၊ ဆီပါသော အစားအစာများကိုစားနေစဉ် တံတွေးသီးခြင်းကြောင့်ဖြစ်စေ စသည်တို့ကြောင့် ချွဲကပ်၍ ချောင်းဆိုးခြင်းကို ဖြစ်လာရပါတယ်။ လေ့လာစမ်းစစ်မှုမှတ်တမ်းများအရ၊ သက်ကြီးရွယ်အိုတွေမှာ အစာအိမ်အက်စစ် အထွက်များခြင်းကြောင့် ချွဲကပ်ခြင်းကို ဖြစ်စေတယ်လို့ ဆိုပါတယ်။ လည်မျိုကင်ဆာရောဂါသည်တွေမှာလည်း မကြာခဏ ချွဲကပ်လေ့ ရှိပါတယ်။

အိမ်တွင်းကုထုံးများမှာ -

(က) ရေနွေးတစ်ဝက်ထည့်ထားသော ဖန်ခွက်ထဲသို့ ဆော်ဒါမှုန့် လက်ဖက်ရည်ဇွန်းတစ်ဇွန်းထည့်၍ သောက်ပါ။

(ခ) ပန်းသီးရှာလကာရည်ကို လက်ဖက်ရည်ဇွန်းတစ်ဇွန်း (သို့) နှစ်ဇွန်းခန့်သောက်ပါ။

(ဂ) ရေနွေးကြမ်းထဲသို့ ပျားရည် (သို့) သံပရာရည်ထည့်သောက်ပါ။

(ဃ) ထမင်းစားပြီးနောက် နာရီဝက်ခန့်အကြာမှာ အနီရောင်ပန်းသီးတစ်လုံးစားပါ။

(င) စိုင်သားစားပါ။

#### (၆) တရှိုးရှိုးမြည်သံဖြင့် ချောင်းဆိုးခြင်း။

ပန်းနာရောဂါ၊ ရင်ကျပ်ခြင်း၊ လေပြွန်ရောင်ခြင်းတို့ကြောင့် ဖြစ်ပါတယ်။ တစ်ညလုံး (သို့) နံနက်အိပ်ရာထခါစမှာ ပို၍ချောင်းဆိုးလေ့ရှိပါတယ်။ ၎င်းဝေဒနာသည်တွေမှာ ပန်းဝတ်မှုန်ဓာတ်မတည့်ခြင်းကိုလည်း ဖြစ်စေပါတယ်။

အိမ်တွင်းကုထုံးများမှာ -

(က) ကင်းပုံသီး (အခါး) ကို များများစားပေးသင့်ပါတယ်။ သလိပ်ရှင်ဆေးအဖြစ် အမြစ်ပါမကျန် အပင်တစ်ပင်လုံးကို ပြုတ်၍သောက်ပေးနိုင်ပါတယ်။

(ခ) စိမ်းစားဥစားပါ၊ အထူးသဖြင့် ကလေးငယ်များ ပန်းနာရင်ကျပ်ရောဂါကို လျော့ပါးသက်သာလာစေနိုင်ပါတယ်။

(ဂ) ကန့်ချုပ်နီပင်ကို မကြာခဏ ဟင်းချိုချက်၍ သောက်ပေးပါ (သို့) ကန့်ချုပ်နီပင်၏ အရွက်အစို လတ်လတ်ဆတ်ဆတ်ကိုခူး၍ ရေနွေးဖြူဖြူဖြင့် လက်ဖက်ခြောက်ခပ်သလို သောက်ပေးနိုင်ပါတယ်။

(ဃ) ကျောက်ဖရုံပင်၏ အမြစ်ကို အခြောက်လှမ်း၍ အမှုန့်ပြုလုပ်ပြီးနောက် ထိုအမှုန့်ကို ရေနွေးဖြင့်သောက်ပေးပါ။

(င) ကင်ပွန်းချဉ်ရွက်ကို ငါးကျည်း၊ ငါးစင်ရိုင်း၊ ငါးကြင်း၊ ငါးတန် စတဲ့ငါးများဖြင့် ရောချက်စားပေးပါ။

(စ) ဖွတ်သား၊ ပဒတ်သားတို့ကို စားပါ။

(ဆ) ကွမ်းရွက်ညှစ်ရည်ထဲကို ချင်း(ဂျင်း)ပြုတ်ရည်နှင့် သိန္ဓောဆားအနည်းငယ်ထည့်သောက်ပေးပါ (သို့) ချင်းစားပါ။

(ဇ) ကွမ်းရွက်ခြောက်ကို ရေနွေးဖြင့် စိမ်သောက်ပါ (နောက်တစ်နည်း) ကွမ်းရွက်စိမ်းကို အရည်ညှစ်ပြီး တစ်ဇွန်း၊ ပျားရည်တစ်ဇွန်း၊ ဆားအနည်းငယ်ထည့်သောက်ပါ။

(ဈ) မုန်ညင်းဆီထဲ စိမ်ထားတဲ့ကွမ်းရွက်ကို ပူနွေးအောင်ကင်ပြီး အေးသွားချိန်မှာ ရင်ဘတ်ပေါ်ကပ်ပေးပါ (အင်ဒိုနီးရှားနိုင်ငံတွင် ပန်းနာရင်ကျပ်ဝေဒနာများအတွက် ၎င်းနည်းအတိုင်းကုသလေ့ရှိပါတယ်)

(ည) နာနတ်သီးစားပါ။

(ဋ) ပျားရည် ၁၀ စက်ထဲသို့ ကြက်ဟင်းခါးသီးသတ္တုရည်တစ်ဆ၊ ရေ၄ ဆ ရော၍သောက်သုံးပေးပါ။

(ဌ) ခွေးတောက်ရွက်၊ ကြိတ်မှန်ရွက်တို့ကိုစားပါ။

(ဍ) ဆယ်လ်မွန်ငါးစားပါ။

(ဎ) ပင်စိမ်းရွက်အခြောက်ကို မီးမြှိုက်၍ ရှူရှိုက်ပေးပါ။

(ဏ) ပဲစင်းငုံကို တစ်နေ့နို့ဆီဘူးတစ်ဘူး ဆားခတ်၍ပြုတ်စားပါ။

(တ) အမှုန့်ကြိတ်ထောင်းထားသော နတ်ဆေးဂမုန်း ၂ ကျပ်သားကို ပျားရည် ၁ ပုလင်း ရောစပ်မွှေ၍ ၃ ရက်နေလှန်းပါ။ ထောပတ် ၂၀ ကျပ်သားရောထည့်ပြီး နာနာမွှေကာ နောက်ထပ် ၄ ရက် နေဆက်လှန်းပေးပါ။ စုစုပေါင်း ၇ ရက်တိတိနေလှန်းပြီးပါက လက်ဖက်ရည်ဇွန်းနှင့် နံနက်၊ ည တစ်ဇွန်းကျ တစ်နေ့ နှစ်ကြိမ်စားပြီး ရေနွေးအဖန်ရည်သောက်ပေးပါ။

(ထ) ရှောက်သီးတစ်လုံးနှင့်အတူ လင်းနေမြစ်၊ ဒန့်ဒလွန်မြစ်၊ သင်္ဘောဖိုမြစ် (ထိုအမြစ် ၃ မျိုးနှင့် အလေးချိန်တူ ရှောက်သီးတစ်လုံး) တို့ကို မြေအိုးထဲထည့် လုံအောင်ပိတ်ပြီး ကျွမ်းအောင်ဖုတ်၍ အမှုန့်ကြိတ်ပါ။ ထိုဆေးမှုန့်ကို တစ်နေ့အနည်းဆုံး ၂ ကြိမ် လျက်စားပါ။

(ဒ) ဟင်းခတ်မဆလာနှင့် ပျားရည်ဆတူရောပြီးလျက်ပေးပါ။

(ဓ) ကြောင်၊ ရှူးပုံသားကို သင်္ဘောသီးစိမ်းနှင့်ချက်စားပါ။

(န) ပျားရည်ရနံ့ကိုရှူရှိုက်ပါ (သို့) ရေနွေးပူပူတစ်ခွက်ထဲမှာ ပျားရည်လက်ဖက်ရည်ဇွန်းတစ်ဇွန်းရောဖျော်၍ တနေ့ ၃ ကြိမ်ကျ စုစုပေါင်း ၃ ခွက်သောက်ပါ။

(ပ) သဖန်းသီးအခြောက်များကို ရေနွေးစိမ်၍ တစ်ညသိပ်ထားပါ။ နံနက်အိပ်ရာထ ထိုစိမ်ထားသောရေကို သောက်ပေးပါ။

(ဖ) သံပရာရည်သောက်ပေးခြင်းကလည်း ထူးခြားသက်သာစေပါတယ်။

(ဗ) ချင်းနှင့် ပဲနံ့သာပင်ပြုတ်ရည်ထဲကို ပျားရည်ခပ်၍ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် သောက်ပါ။

(ဘ) ကြက်သွန်ဖြူ ၁၀ မွှာကို နွားနို့ ၃၀ မီလီလီတာဖြင့်ပြုတ်၍ တစ်နေ့တစ်ကြိမ်သောက်ပါ (သို့) ရေနွေးဆူဆူမှာ ကြက်သွန်ဖြူ ၄ မွှာခပ်၍ ၅ မိနစ်လောက် အအေးခံပါ။ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ်သောက်ပါ။

(မ) မုန်ညင်းဆီကို ပရုတ်ဆီနှင့်ရော၍ ကျောနှင့် ရင်ဘတ်အနှံ့စိမ့်ဝင်သွားအောင် ပွတ်နယ်လိမ်းပေးပါ။ အသက်ရှူလမ်းကြောင်း ပုံမှန်အတိုင်း ပွင့်လာပါလိမ့်မယ်။

(ယ) အစေ့ထုတ်ထားသော ဆီးဖြူသီး ၅ ဂရမ်ကို ပျားရည်လက်ဖက်ရည်ဇွန်း ၁ ဇွန်းဖြင့် တို့စားပေးပါ။ ထိုသို့စားပေးခြင်းဖြင့် ရောဂါသက်သာသည့်အပြင် အားပြန်ပြည့်လာစေပါတယ်။

(ရ) ဒန့်သလွန်ရွက် လက်တဆုပ်စာပမာဏကို ရေ ၁၈၀ မီလီလီတာဖြင့် ၅ မိနစ်မျှပြုတ်ကာ ခပ်နွေးနွေးသောက်ပြီး အရွက်များပါဝါးစားပါ။

#### (၇) ပြင်းပြင်းထန်ထန်ချောင်းဆိုးခြင်း။

အသံပြွန်နှင့် အသက်ရှူလမ်းကြောင်း ကျဉ်းမြောင်းလာခြင်းကြောင့်ဖြစ်ပါတယ်။ ချောင်းဆိုးရင်း သွေးပါခြင်း၊ အစာမစားနိုင်ခြင်း၊ ကိုယ်အလေးချိန် သိသိသာသာကျဆင်းခြင်း၊ အသက်ပြင်းပြင်းရှူလိုက်တိုင်းမှာလည်း အဆုတ်နေရာကအောင့်ခြင်း စသည်တို့ဖြစ်ပေါ်လာပါက အဆုတ်ကင်ဆာရောဂါနှင့် ဆက်စပ်မှုရှိနေ၍ မပေါ့ဆသင့်ပါဘူး။

အိမ်တွင်းကုထုံးများမှာ -

(က) လတ်ဆတ်သော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တို့ကိုစားပါ။

(ခ) မြေပဲမစားရ။

(ဂ) နို့နှင့် နို့ထွက်ပစ္စည်းများကို ရှောင်ပါ။

(ဃ) ပဲပိစပ်မစားရ။

(င) သကြား၊ အကြော်အလှော်များ၊ အဆီအနှစ်များ မစားရ။

(စ) ဆေးလိပ်၊ အရက်များရှောင်ပါ။

(ဆ) ကော်ဖီကို အနည်းငယ်သာ သောက်သင့်ပါတယ်။

(ဇ) အစိမ်းရောင်ပဲများ စားပေးနိုင်ပါတယ်။

(ဈ) Glycrrhizins နှင့် flavonoids ဓာတ်များပါတဲ့ ဆေးဝါးများ သောက်သုံးသင့်ပါတယ်။

ပေးစာ

# ပြည်သူ့အသံ

## တယ်လီဖုန်းတာဝါတိုင် လူနေအိမ်ခြံဝင်းနှင့် နီးကပ်စွာဆောက်လုပ်

ရန်ကုန်(မြောက်ပိုင်းခရိုင်)ရွှေပြည်သာမြို့နယ် ဇီးကုန်းကျေးရွာ(မြောက်ပိုင်း) ခြံမြေအတွင်းတွင် တယ်လီဖုန်းတာဝါတိုင်တည်ဆောက်နေသည့်အတွက် ရပ်ကွက်နေပြည်သူများ များစွာစိတ်ဆင်းရဲမှုနှင့် ကြုံတွေ့နေရပါသည်။

အဆိုပါတည်ဆောက်နေခြင်းသည် ရပ်ကွက်နေပြည်သူများ၏ အိမ်ခြံမြေများနှင့် အလွန်နီးကပ်စွာ တည်ဆောက်ထားသည့်အတွက် တာဝါတိုင်၏ အကျယ်အဝန်း၊ တုန်ခါမှု၊ တာဝါတိုင်စွမ်းအင်၏ ဘေးထွက်ဆိုးကျိုးများနှင့် ထိပ်တိုက်ရင်ဆိုင်ရမည့် အရေးကြုံတွေ့နေရပါသဖြင့် ကွင်းဆင်းစစ်ဆေးတားမြစ်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**(ရပ်ကွက်နေပြည်သူများ)**

## မီးတားမြေပေါ်ရှိဆောက်လုပ်ထားသောအိမ်များရှင်းလင်းပေးပါ

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် (၄)ရပ်ကွက်(တောင်ပိုင်း) မြို့မ (၁)လမ်းရှေ့ အလျားပေ ၅၀၀× အနံပေ ၆၀ မီးတားမြေတွင် လူတစ်ချို့မှ နေအိမ်များဆောက်လုပ်နေထိုင်ခြင်း၊ မိမိကိုယ်ကျိုးအတွက် ငွေကြေးရယူကာ ငှားစားခြင်းရှိနေခြင်းကြောင့် ရပ်ကွက်နေပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ရပါသည်။ ၎င်းအပြင်အညစ် အကြေးများ စည်းကမ်းမဲ့ စွန့်ပစ်ခြင်း၊ အမှိုက်များမီးရှို့ခြင်း၊ သွပ်ပြားများဖြင့် ခြံခတ်ထားခြင်းကြောင့် သန့်ရှင်းသောလေကောင်းလေသန့်မရရှိခြင်း၊ မီးဘေးအန္တရာယ်ဖြစ်လျှင် ခေတ္တနေထိုင်ရန် မရှိသောကြောင့် သက်ဆိုင်ရာ တာဝန်ရှိသူများက အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**(ရပ်ကွက်နေပြည်သူများ)**

## သုသာန်မြေသာလာယံဇရပ်အနီး အမှိုက်များပုံထားသည်ကိုရှင်းပေးစေလို

ရန်ကုန်(တောင်ပိုင်းခရိုင်)တွံတေးမြို့နယ် မူလမန်းကျေးရွာရှိ သုသာန်မြေနယ်နိမိတ် ဇရပ်အနီးတွင် အမှိုက်များ ပုံထားသည့်အတွက် အသုဘအခမ်းအနားများကျင်းပရာတွင် အနှောင့်အယှက်ဖြစ်နေ၍ ဖယ်ရှားပေးစေလိုကြောင်း အယ်ဒီတာမှ တစ်ဆင့်တင်ပြအပ်ပါသည်။

**(ရပ်ကွက်သူရပ်ကွက်သားများ)**

## သက်ဆိုင်ရာမှ အမြန်ဆုံးဖယ်ရှားပေးနိုင်ပါရန်

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာ့ဂုဏ်ရည်လမ်းနှင့် သစ္စာလမ်းကြား လမ်းများပေါ်တွင် မော်တော်ယာဉ်များကို လမ်းပိတ်ဆို့ကာ နေ့ရော ညပါ ရပ်နားထားပြီး ယာဉ်ရောင်းဝယ်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါသည်။

ထို့သို့ ဆောင်ရွက်မှုကြောင့် ရပ်ကွက်နေပြည်သူများ သွားလာရေးအတွက် စိတ်အနှောင့်အယှက်များစွာဖြစ်နေ ရပါသည်။ ထိုသို့ဆောင်ရွက်နေသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်ပါသောကြောင့် သက်ဆိုင်ရာက အမြန်ဆုံး ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

**(လမ်းနေပြည်သူတစ်ဦး)**

## မီးခိုးညှော်နံ့မခံနိုင်

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ၁၀ရပ်ကွက် အထက-၄ (လှိုင်)ကျောင်း၏ အနောက်ဘက်လမ်းကြားနှင့် ဓမ္မာရုံ လမ်းသွယ်အကြားတွင် တည်ရှိသောနေရာအချို့မှ ညလုံးပေါက်မော်တာစက်လည်ပတ်သည့် ဆူညံသံနှင့် မီးခိုးညှော်နံ့များကြောင့် အနီးဝန်းကျင်မှ သက်ကြီးရွယ်အိုများကျန်းမာရေးထိခိုက်လျက်ရှိပါသည်။ ညအချိန်မတော်မီးဘေးအန္တရာယ်လည်း စိုးရိမ်ရပါသည်။

သို့ပါ၍ အထက်ဖော်ပြပါလုပ်ငန်းများကို လူနေရပ်ကွက်အတွင်းမှ ဖယ်ရှားပေးပါရန်လေးစားစွာဖြင့် တင်ပြအပ်ပါသည်။

**(မီးခိုးနံ့မခံနိုင်သူ)**

# ညောင်ဦးမြို့ ဗူးဘုရားအနီးစက်လှေဆိပ်၌ နေ့စဉ်ဘုရားဖူးလာပြည်သူများဖြင့် အထူးပင်စည်ကားလျက်ရှိ



**ညောင်ဦး ဇန်နဝါရီ ၅**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသသို့ ယခုလိုခရီးသွားရာသီချိန်များ၌ နေ့စဉ် ပြည်တွင်း၊ ပြည်ပဘုရားဖူးဧည့်သည်များ အများအပြားဝင်ရောက်လည်ပတ်လျက်ရှိသည်။ ထိုသို့ ပြည်တွင်းပြည်ပ ဘုရားဖူးဧည့်သည်များ ဘုရားဖူးလာရောက်လည်ပတ်ရာတွင် ပုဂံညောင်ဦးမြို့၏ အထင်ကရသမိုင်းဝင်ဆုတောင်းပြည့်စွယ်တော်လေးဆူဖြစ်သည့် တုရင်တောင်စွယ်တော်မြတ်စေတီ၊ လောကနန္ဒာစွယ်တော်မြတ်စေတီ၊ ရွှေစည်းခုံစွယ်တော်မြတ်စေတီနှင့် တန့်ကြည်တောင်စွယ်တော်မြတ်စေတီများသို့ အများဆုံး သွားရောက်ဖူးမျှော်ကြလေ့ရှိကြောင်းသိရသည်။ အဆိုပါ ဆုတောင်းပြည့်စွယ်တော်လေးဆူအနက် တန့်ကြည်တောင်စွယ်တော်မြတ်စေတီသို့ ဘုရားဖူးသွားရောက်လိုပါက ဗူးဘုရားစက်ဆိပ်အနီး စက်လှေများကို ငှားရမ်း၍သွားရောက်ဖူးမျှော်ရသည့်အတွက်ကြောင့် ဗူးဘုရားစက်လှေဆိပ်တွင် နေ့စဉ်ပြည်တွင်း၊ ပြည်ပဘုရားဧည့်သည်များဖြင့် အထူးပင်စည်ကားနေကြောင်း ဗူးဘုရား စက်လှေဆိပ်ရှိ လုပ်ငန်းရှင်များထံမှ သိရသည်။

"ကျွန်တော်တို့ ပုဂံညောင်ဦးမှာ ခရီးသွားရာသီချိန်ကိုအမှီပြုပြီး စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ စီးပွားရေးလုပ်ကိုင်နေ ကြရတာပါ၊ ပြီးတော့ခရီးသွားရာသီကလည်း ခြောက်လလောက်ပဲရှိတာပါ။ အခုအချိန်ကတော့ ပြည်တွင်း၊ ပြည်ပဘုရားဖူးတွေ အများအပြားလာရောက်တဲ့အချိန်ပါ၊ ပြည်တွင်းဘုရားဖူးဧည့်သည်တွေလဲ အခုရက်က ရုံးပိတ်ရက်သုံးရက်ဆိုတော့ ရုံးလုပ်ငန်း ဝန်ထမ်းတွေ တော်တော်များများကိုလာရောက် ဖူးမြော်ကြပါတယ်။ ပြည်တွင်းဘုရားဖူးဧည့်သည်တွေသာမက ပုဂံခေတ် ယဉ်ကျေးမှုအမွေအနှစ်တွေလာရောက်လေ့လာတဲ့ ပြည်ပနိုင်ငံတွေက နိုင်ငံခြားသားတွေလည်း အများအပြားကို လာရောက်လည်ပတ်နေကြတာကို တွေ့ရပါတယ်။ ဘုရားဖူးလာရောက်တဲ့ဧည့်သည်တွေကလည်း သမိုင်းဝင်ဆုတောင်းပြည့်စွယ်တော် လေးဆူကို လာရောက်ဖူးမြော်ကြသူများပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ဗူးဘုရားအနီးက စက်လှေဆိပ်မှာ နေ့စဉ်ဘုရားဖူးဧည့်သည်တွေနဲ့ အလွန်ကိုစည်ကားပါတယ်။ ညနေပိုင်းဆိုရင်လည်းနိုင်ငံခြားသားဧည့်သည်တွေက နေဝင်ချိန်ညနေဆည်းဆာအလှကို ခံစားရင်း အမှတ်တရဓာတ်ပုံရိုက်ကြတာဆိုတော့ ခရီးသွားရာသီချိန်မှာတော့ ကျွန်တော်တို့စက်လှေဆိပ်က နံနက်ပိုင်းရော ညနေပိုင်းပါ စည်ကားပါတယ်။ စက်လှေပို့ဆောင်ခကတော့ တန့်ကြည်တောင်စွယ်တော်ဆိုရင် မနက်ဈေးနဲ့ ညနေပိုင်းဈေးမတူပါဘူး။ ဒီအချိန်က ဘုရားဖူးဧည့်သည်များတဲ့အချိန်ဆိုတော့ မနက်ပိုင်းဈေးနှုန်းက စင်းလုံးငှားဆိုရင် ငွေကျပ် ၃၅၀၀၀ ထိ ရှိပါတယ်၊ ညနေပိုင်းဆိုရင် ငွေကျပ် ၂၀၀၀၀ နဲ့ ပို့ဆောင်ပေးနေပါတယ်။ ဒါပေမဲ့ ဘုရားဖူးဧည့်သည်တွေအနေနဲ့ လူစုပြီးသွားမယ်ဆိုရင်တော့ ကျွန်တော်တို့ စက်လှေသမားတွေက (၅၀၊ ၆၀)လောက်ရရင် ပို့ဆောင်ပေးပါတယ်။ အဲဒါဆိုရင် ဘုရားဖူးဧည့်သည်တွေ တစ်ယောက်ကို ငွေကျပ် ၁၀၀၀ နှုန်းပဲ ကုန်ကျတာပါ၊ ဒါ့အပြင် ညနေဆည်းဆာအလှကို ခံစားရင်းမှတ်တမ်းဓာတ်ပုံရိုက်တဲ့ နိုင်ငံခြားသားဧည့်သည်တွေကိုတော့ အချိန်နဲ့တွက်ပြီး ဈေးနှုန်းသင့်သလို ပို့ဆောင်ပေးပါတယ်။ အခုလို ခရီးသွားရာသီချိန်ကတော့ ကျွန်တော်တို့ ဗူးဘုရားအနီးမှာရှိတဲ့ စက်လှေဆိပ်က နေ့စဉ် ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဧည့်သည်တွေနဲ့ အထူးပင် စည်ကားပါတယ်"ဟု ယင်းစက်လှေဆိပ်မှ စက်လှေလုပ်ငန်းရှင်တစ်ဦးက ပြောပြသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**







(၇၂)နှစ်မြောက် မင်္ဂလာဆုတောင်း

ကျေးဇူးကြီးမားလှသော ချစ်ပါပါ ဟာဂျီဦးထွန်းဝင်း (အင်ဂျင်နီယာမှူး(ငြိမ်း)+ချစ်မာမာ ဟာဂျီမဒေါ်သန်းသန်းကြည် (ဝယ်/ရောင်း(ငြိမ်း) အမှတ်(၂) သတ္တုတွင်းလုပ်ငန်းတို့၏ (၆-၁-၂၀၁၆)ရက်နေ့တွင် ကျရောက်သော (၇၂)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် သက်ဆုံးတိုင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် ချစ်သောမိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့သော ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဒိုအာဆုမွန်ကောင်းတောင်းလျက်။

| | | |
|---|---|---|
| ချစ်သမီးများ | – | ဟာဂျီမသီတာထွန်း၊ မာလာထွန်း၊ ဟာဂျီကိုဇော်မင်း+ကေသီထွန်း |
| ချစ်သား | – | ကိုနေမျိုးထွန်း Chief Officer (M.V Yadanabon Star) CSL Pte Ltd S' Pore+ဆုပန်းမုံ |
| ချစ်မြေးများ | – | ချစ်ယမင်းထွန်း၊Uludag Universitesi (Turkey)၊ ချစ်ရွှေစင်မင်းထွန်း၊ ပိုးသဇင်မင်းထွန်း၊ အိမ့်ကေရီထွန်း၊ Royal Kids Pre School |



VALUESTAR EDUCATION CENTRE

မန္တလေးမြို့မှ
စွန့်ဦးတီထွင် လုပ်ငန်းရှင်များအတွက်
ILO မှ Certificate တိုက်ရိုက်ချီးမြှင့်သော

International Labour Organization

SME Management

အချိန်။ ။ နံနက် ၈:၃၀ မှ ညနေ ၅:၀၀ ထိ (စနေ၊တနင်္ဂနွေနေ့)
ရက်။ ။ ၉.၁.၂၀၁၆/၁၀.၁.၂၀၁၆ ၊ ၁၆.၁.၂၀၁၆/၁၇.၁.၂၀၁၆ *(2-Weeks)*
နေရာ။ ။ ***Cafe Relax*** အပေါ်ထပ်၊ဖြိုးလမ်းနှင့် ၄၀ လမ်းထောင့်၊မဟာအောင်မြေမြို့နယ်။
(Tea Break + Lunch + Tea Break )

09-5200547, 09-5043580,09-450001145
https://www.facebook.com/Valuestar Education Centre





## ကရင်နှစ်ခြင်းအဖွဲ့ချုပ် ပကူးသာသနာနယ် မိတ်ဆုံစားပွဲ ကျင်းပ

**ပဲခူး ဇန်နဝါရီ ၅**

တောင်ငူမြို့ ကေတုမတီဟိုတယ် မြက်ခင်းပြင်၌ ဇန်နဝါရီ ၂ ရက် ညနေ ၆ နာရီက (၉၈)ကြိမ်မြောက် ကရင်နှစ်ခြင်းအဖွဲ့ချုပ် ပကူးသာသနာနယ် မိတ်ဆုံစားပွဲ အခမ်းအနား ကျင်းပပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းနှင့် အစိုးရအဖွဲ့ဝန်ကြီးများ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ ကရင်နှစ်ခြင်းအဖွဲ့ချုပ်နှင့် ပကူးသာသနာနယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများတက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ ပကူးသာသနာနယ် အတွင်းရေးမှူး သိက္ခာတော်ရ ဆရာပေါလုထူးက ကရင်နှစ်ခြင်း အဖွဲ့ချုပ်နှင့် ပကူးသာသနာနယ်မှ တာဝန်ရှိသူများနှင့် မိတ်ဆက်ပေးပြီး တွဲဘက်သဘာပတိ ကရင်နှစ်ခြင်းအဖွဲ့ချုပ် Rev.Dr မာဂေးကြီးမှ နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ပဲခူးတိုင်းဒေသကြီးအတွင်း ပြည်ထောင်စုဖွားတိုင်းရင်းသားများ ဖြစ်ကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် အခြားလူမျိုးစုဝင်များ စုပေါင်းနေထိုင်လျက်ရှိပြီး ကရင်တိုင်းရင်းသားလူမျိုးအရေအတွက် သည် ၂ဒသမ ၅ သိန်းကျော်ခန့်ရှိကြောင်း၊ တစ်ယောက်အကြောင်း တစ်ယောက်သိရန်၊ တစ်ဦးကိုတစ်ဦး လေးစားတန်ဖိုးထားရန်၊ လူမျိုးတစ်ဦး၏ ယဉ်ကျေးမှု ဓလေ့ထုံးစံတို့ကို အခြားသူတစ်ဦးက သိရှိတန်ဖိုးထား လေးစားကြရန်လိုကြောင်း၊ ယနေ့အခမ်းအနားသည် ကရင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုကို ပြန်လည်ဖော်ထုတ် ဆောင်ရွက်ခြင်းဖြစ်သကဲ့သို့ အခြားသူများအနေဖြင့်လည်း ကရင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆင့်အတန်းကို သိရှိနားလည်နိုင်စေရန် ဖော်ပြပေးခြင်းဖြစ်သည့်အတွက် ဝမ်းသာပီတိဖြစ်ရပါကြောင်းပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျူဘလီစံလှက နှစ်သစ်နှုတ်ခွန်းဆက်စကားပြောကြားကာ ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများက ကရင်ရိုးရာတေးသီချင်းများ ဖြင့်သီဆိုဖျော်ဖြေဧည့်ခံခဲ့ကြကြောင်းသိရသည်။

**(၅၈၈)**

## မော်လိုက်မြို့ လိုင်းပေါင်းစုံ ကားအသင်း များ ပြေးဆွဲမည့် ဂိတ်နေရာကားဝင်း ဖွင့်လှစ်

**မော်လိုက် ဇန်နဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့ လိုင်းပေါင်းစုံကားအသင်းများပြေးဆွဲမည့် ဂိတ်နေရာ ကားဝင်းဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီတွင် မော်လိုက်မြို့နယ်အားကစားခန်းမရှေ့ ကားဝင်းအတွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မော်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး အဆိုပါကားဝင်းအား စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ မော်လိုက်လိုင်းပေါင်းစုံ ကားအသင်းတွင် အသင်းပေါင်းခြောက်သင်းရှိပြီး မော်လိုက်မြို့မှ ကလေးမြို့သို့လည်းကောင်း မုံရွာ၊ မော်လိုက်၊ နမ့်တောသို့လည်းကောင်း ပွင့်လင်းရာသီများတွင် နေ့စဉ် ပုံမှန်ပြေးဆွဲနေသည်။ **မော်လိုက်သားလေး**

## သိန်း ၁၂၀ ကျော် ကုန်ကျခဲ့သည့် ကျေးလက်ရေပေးရေးလုပ်ငန်း တာလေတွင် ဖွင့်လှစ်

**တာချီလိတ် ဇန်နဝါရီ ၅**

တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နေပြည်သူများ၏ ကျန်းမာသန့်ရှင်းရေး အထောက်အကူဖြစ်စေရန် ငွေကျပ်သိန်း ၁၂၀ ကျော် အကုန်အကျခံဆောင်ရွက်ခဲ့သည့် စိမ့်စမ်းရေသွယ်တန်းပြီး အုတ်ရေလှောင်ကန်ဖြင့် ရေပေးရေးလုပ်ငန်းဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက တာလေမြို့ နားယောင်းကျေးရွာအုပ်စု ပါဟုတ်ကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တာလေမြို့အုပ်ချုပ်ရေးမှူး ဦးစိုင်းကွမ်းခေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးတင်ဝင်းမောင်က ဦးစီးဌာနကဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ရေပေးရေးလုပ်ငန်းအား ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ထွန်းနှင့် မြို့အုပ်ချုပ်ရေးမှူး ဦးစိုင်းကွမ်းခေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါရေပေးရေးလုပ်ငန်းမှာ ပါဟုတ်ကျေးရွာမှ နှစ်မိုင်ခန့်ကွာဝေးသည့် ရေအရင်းအမြစ်ရှိရာမှတစ်ဆင့် သွယ်တန်းကာ ကျေးရွာအတွင်း ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေလှောင်ကန်ဖြင့် ဖြန့်ဝေပေးမည်ဖြစ်ရာ ဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၁၂၀ ကျော်ဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## လက်သမားသင်တန်းဆင်းပွဲ ငဖဲမြို့တွင် ကျင်းပ

**ငဖဲ ဇန်နဝါရီ ၅**

ငဖဲမြို့နယ် ပင်ဦးကျေးရွာအုပ်စု ပင်ဦးကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်းတွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမားအတတ်ပညာသင်တန်းဆင်းပွဲကို ဇန်နဝါရီ ၂ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းသင်တန်းအား ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂ ရက်ထိ ၂၀ ရက်ကြာ ဖွင့်လှစ်ခဲ့ရာ သင်တန်းသား ၄၀ အား ကျွမ်းကျင်သော သင်တန်းနည်းပြနှစ်ဦးက သင်ကြားပြသခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## ပြည်သူထည့်ဝင်လှူဒါန်းငွေ ကျပ်သိန်း ၁၈၀ ဖြင့် လေးမိုင်ကျေးရွာ မူလတန်းလွန် ကျောင်းဆောင်ဖွင့်လှစ်

**မိုးကောင်း ဇန်နဝါရီ ၅**

မိုးကောင်းမြို့ လေးမိုင်ကျေးရွာတွင် ပြည်သူထည့်ဝင်လှူဒါန်းငွေကျပ်သိန်း ၁၈၀ ဖြင့် လေးမိုင်ဆရာတော် ဘဒ္ဒန္တသီလာကြီးမှူးတည်ဆောက်ထားသည့် အလျားပေ ၁၂၀၊ အနံပေ ၃၀ ရှိ သွပ်မိုး၊ ထရံကာ မြေစိုက်တစ်ထပ် မူလတန်းလွန်ကျောင်းဆောင်သစ်အား ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနွယ်၊ ခရိုင်ပညာရေးမှူး ဦးလားရွယ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးခင်မောင်ဇော်၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစောထွေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားတွင် ခရိုင်ပညာရေးမှူးနှင့်မြို့နယ်ပညာရေးမှူးတို့က အမှာစကားပြောကြားခဲ့ပြီးနောက် လေးမိုင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဦးက ကျောင်းအဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကိုပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရာခရိုင်ပညာရေးမှူးက လက်ခံရယူခဲ့သည်။

**သန်းလွင်ဦး**

❒


# ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်သမ္မတမှ သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသော ဦးအောင်သန်းစိန်အား ဝေဠုဝန်(တောင်) ရပ်ကွက်လုံးဆိုင်ရာ မိသားစုများမှ လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဝေဠုဝန်(တောင်)ရပ်ကွက်မိသားစု

မြန်မာစာ ▶ ဒေါက်တာကိုကိုဦး (ရန်ကုန်တက္ကသိုလ်)
အင်္ဂလိပ်စာ ▶ ပါမောက္ခ ဒေါ်စိန်စိန်မြင့် အင်္ဂလိပ်စာဌာန၊ အဝိုတက္ကသိုလ်၊ စာစစ်မှူးချုပ် (ငြိမ်း)
သင်္ချာ ▶ ပါမောက္ခ ဦးတိုးအောင် သင်္ချာဌာန၊ အဝိုတက္ကသိုလ်၊ စာစစ်မှူးချုပ် (ငြိမ်း)
ဓာတုဗေဒ ▶ ဓာတုယဉ်မောင် (M.Res)
ရူပဗေဒ ▶ ပါမောက္ခ ဒေါက်တာ ခင်မာကြူ ရူပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်၊ ဌာနမှူး (ငြိမ်း)
ဇီဝဗေဒ ▶ D.L.AT (Professor)
ဘောဂဗေဒ ▶ ဒေါက်တာ ရတနာ (Ph.D, Economics)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်

စာစစ်မှူးချုပ် ဆရာကြီး၊ ဆရာမကြီးများ စီစဉ်လမ်းညွှန်သော
ရွှေကံ့ကော်
Student Exam Guide
SPECIAL HOT SPOTS
ပြည့်စုံသောမှတ်စုများနှင့် အနီးကပ် မေးခွန်း (၃)စုံ၊ အဖြေစုံ
ဘာသာစုံ တစ်ဘာသာ တစ်အုပ် ထွက်နေပါပြီ
ဖုန်း - ၀၁ - ၂၀၂၅၉၅၊ ၀၉ - ၇၃၂၄၄၄၅၉

“ မြန်မာလူငယ်များနှင့် MBA အကြောင်းဆွေးနွေးပွဲ ”

MBA လျှောက်ထားမည့်သူများအတွက် S$ 4000

CROWN EDUCATION Yangon Myanmar

psb Academy

Speaker : DR HUONG HA
Monash University, Australia /
LKY School of Public Policy the
National University of Singapore

YANGON
Date : 9 Jan 2016
Time : 2:00 pm - 4:00 pm
Venue : CROWN EDUCATION CENTER

MANDALAY
Date : 10 Jan 2016
Time : 2:00 pm - 5:00 pm
Venue : HOTEL MANDALAY, Zabai Phyu Room

- MBA ကို ဘယ်လိုလူမျိုးတွေ၊ ဘယ်လိုအသက်အရွယ်မှာ သင်ယူသင့်သလဲ / ဘယ်လိုအသုံးချမလဲ
- MBA ကို အင်ဂျင်နီယာ၊ အိုင်တီ၊ ဆရာဝန်တွေနဲ့ စီးပွားရေး မသင်ယူခဲ့ဘူးသူတွေ သင်ယူရင် အကျိုးရှိနိုင်မှာလား
- ဩစတြေးလျ MBA / အင်္ဂလန် MBA နဲ့ အမေရိကန် MBA တွေ ဘာတွေကွာခြားပါသလဲ၊ ဘယ်ဟာအကောင်းဆုံးလဲ
- MBA တက်ဖို့ GMAT တွေ GRE တွေ ပြင်ဆင်ထားဖို့ လိုပါသလား
- MBA ကို ပြည်တွင်းမှာ တက်တာနဲ့ ပြည်ပမှာ တက်တာ ဘယ်ဟာပိုအကျိုးရှိပါသလဲ

REGISTER NOW : 01 527 838 - 09 730 40 688 - 09 732 732 77

**အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်နေ မအေးဇာခြည်ဦး [၇/သကန(နိုင်) ၁၂၄၁၇၈]၏ အမည်မှန်မှာ မဇာခြည်ဦး ဖြစ်ပါသည်။ **မဇာခြည်ဦး**

အဂ္ဂမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-500 5916
09-730 97123

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃/သုဝဏ္ဏ (နှင်းဆီကုန်း-က) မြေကွက်အမှတ် ၅/ခ၊ မြေကွက်တည်နေရာ အမှတ် (၅/ခ)၊ စံပယ်လမ်း၊ နှင်းဆီကုန်း (က) ရပ်ကွက်၊ (ဦးသန်း) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးသန်းထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် (၂)ဆင့် ပြောင်းထုတ်ယူထားသူ ဒေါ်စိုးမိုးသူ (၈/ပခက(နိုင်)၂၄၁၄၇၁) မှ ပါမစ်ပျောက်ဆုံးကြောင်းကို တိုင်းတရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့၏ ထောက်ခံချက်နှင့်ကိုယ်တိုင်ဝန်ခံချက် ပူးတွဲတင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ပိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ဆုမွန်ကောင်းတောင်း ဂုဏ်ပြုအပ်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ဇန်နဝါရီလ ၄ရက် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ်-၁/၂၀၁၆ဖြင့် ကြည့်မြင်တိုင်မြို့နယ်၊ ဦးကြွယ်ဟိုးလမ်း၊ အမှတ်(၃၉)နေ သာသနာ့ဒါယကာကြီး ဦးအောင်သန်းစိန် (ဗဟိုစံပြငါးဈေးငါးဒိုင်ကိုယ်စားလှယ်များအလုပ်အမှုဆောင်အဖွဲ့၊ နာယက)အား (သုဓမ္မမဏိဇောတဓရ)ဘွဲ့တံဆိပ်ကို နိုင်ငံတော်မှ ချီးမြှင့်ခဲ့သည့်အတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ပီတိဖြစ်ရပါသည်။

ပရိယတ္တိတာဝန်များကို စွမ်းစွမ်းတမံ ကြိုးပမ်းထမ်းဆောင်နေသော အနယ်နယ်အရပ်ရပ်ရှိ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီး၊ ဆရာလေးများစွာတို့အား ပစ္စည်းလေးပါး မပင်ပန်းရလေအောင် ထောက်ပံ့လှူဒါန်းခဲ့သည်မှာ နှစ်ပေါင်း(၂၀)ပြည့်မြောက်ခဲ့ပြီဖြစ်သည့် အချိန်တွင် ယခုကဲ့သို့ ဘွဲ့တံဆိပ်တော် ထိုက်ထိုက်တန်တန် ချီးမြှင့်ခံရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ရှေ့အနာဂတ်တွင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာ၍ သက်ဆုံးတိုင် နိုင်ငံတော်အကျိုး၊ သာသနာအကျိုး အမျိုးမျိုးကို ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂုဏ်ပြုအပ်ပါသည်။

**သမိဒ္ဓေါဒယသုခိတာရာမဒေါ်ညဏစာရီ မြန်အောင်သီလရှင်စာသင်တိုက်မှ**
**တိုက်အုပ်ဆရာကြီး ဒေါ်ဇယဝတီ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)နှင့်**
**နာယကဆရာကြီးများ၊ တပည့်ဆရာလေးများ**

### အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၄-၁-၂၀၁၆ရက်(လွတ်လပ်ရေးနေ့)၌ အောင်ရတနာကျောင်း၊ သန်းရတနာကျောင်းတို့၏ ကျောင်းဒကာကြီး ဦးအောင်သန်းစိန်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ချီးမြှင့်သော (သုဓမ္မမဏိဇောတဓရ)ဘွဲ့ကို ပေးအပ်ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးပင်ဝမ်းမြောက်မိပါကြောင်းနှင့် အမျိုးဘာသာ၊ သာသနာ့အတွက် ပိုမိုပံ့ပိုးထောက်ကူလှူဒါန်းမှုများ ပြုလုပ်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

**သမိဒ္ဓေါဒယအောင်သပြေစာသင်တိုက်**
**စားတိုး၊ မြို့ပြင်ကြီး၊ မြစ်ငယ်မြို့**
**အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး**

### ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၁၆ခုနှစ် ဇန်နဝါရီလ ၄ရက်(လွတ်လပ်ရေးနေ့)တွင် နိုင်ငံတော်အစိုးရမှ ချီးမြှင့်သော သုဓမ္မမဏိဇောတဓရ ဘွဲ့ကိုရရှိသော သာသနာ့ဒါယကာကြီး ဦးအောင်သန်းစိန်အတွက် သမိဒ္ဓေါဒယသုခကာရီ သီလရှင်စာသင်တိုက် ဆရာကြီး၊ ဆရာလေးများမှ အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။

**ဒေါ်သုဓမ္မစာရီနှင့်တပည့်များ**
**မင်းဘူးမြို့၊ အမှတ်(၃)ရပ်ကွက်**
**သမိဒ္ဓေါဒယသုခကာရီသီလရှင်စာသင်တိုက်**

### အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးအောင်သန်းစိန်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီးမှ ၂၀၁၆ခုနှစ် ဇန်နဝါရီလ ၄ရက်တွင် ချီးမြှင့်ပေးအပ်သော (သုဓမ္မမဏိဇောတဓရ) ဘွဲ့ထူးကို ရရှိကြောင်း ကြားသိရ၍ သာသနာ့နွယ်ဝင် သီလရှင်များအားလုံး၏ကိုယ်စား အထူးဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါကြောင်း၊ သာသနာ့ဒါယကာကြီး သက်ရှည်ကျန်းမာ၊ ဘေးရန်ကွာ လိုရာဆန္ဒပြည့်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါသည်။

**သုခကာမီသီလရှင်စာသင်တိုက် ဆရာတပည့်များ**
**မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

### ဂုဏ်ယူဝမ်းမြောက်ခြင်း

သာသနာ့ဒါယကာကြီး
**ဦးအောင်သန်းစိန်အား**
၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၄ရက် (လွတ်လပ်ရေးနေ့)တွင်
နိုင်ငံတော်သမ္မတမှအပ်နှင်းသော
သုဓမ္မမဏိဇောတဓရဘွဲ့ကို ရရှိသည့်အတွက်
ဝမ်းမြောက်ဝမ်းသာရှိပါသည်။

**သမိဒ္ဓေါဒယ**
**အသောကရာမသီလရှင်စာသင်တိုက်**
**မင်္ဂလာဒုံမြို့နယ်**

## ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဒါယကာကြီး**ဦးအောင်သန်းစိန်**အား နိုင်ငံတော်မှပေးအပ်သော သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ် လက်ခံရရှိသည့်အတွက် ဆရာလေးတို့မှ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဒါယကာကြီး ယခုလို ဘာသာ အကျိုး၊ သာသနာတော်အကျိုးများကို စွမ်းစွမ်းတမံ ထမ်းဆောင်သယ်ပိုးနိုင်သော သာသနာ့အာဇာနည်ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်ပါစေကြောင်း ပဲခူးမြို့ အေးမေတ္တာသီလရှင်စာသင်တိုက်မှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**အေးမေတ္တာသီလရှင်စာသင်တိုက်**
**ပဲခူးမြို့**

### လှိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၆ရက်တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၂၀၁၆ဖြင့် သာသနာ့ဖခင်ကြီး ဦးအောင်သန်းစိန်သည် နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သော(သုဓမ္မမဏိဇောတဓရ)ဘွဲ့တံဆိပ်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် တေဇာသစ် နမ့်ဆန်သီလရှင်စာသင်တိုက်နှင့် သီလရှင်သင်ပညာရေးကျောင်းမှ မိသားစုနှင့်ထပ်တူ အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နောင်တွင်လည်း ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံအကျိုး၊ သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုး ထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဒေါ်ကေသာရီ၊ တေဇာသစ် နမ့်ဆန်ကျောင်း**
**သန်လျင်**


MPT
ရှေးသို့လှမ်းချီမြန်မာပြည်
အကြီးကျယ် အခမ်းနားဆုံး
ပျော်ရွှင်ကံထူး နှစ်သစ်ကူး
အထူးဆုကံထူးရှင်ရွေးချယ်ပွဲကြီး
ဇန်နဝါရီလ ၉ရက်
Junction Square
နံနက် (၁၁) နာရီမှ ည နေ(၆) နာရီထိ
ကံစမ်းမဲကာလ
၂၀၁၅ နိုဝင်ဘာ (၂၆) ရက်မှ ၂၀၁၆ ဇန်နဝါရီ (၇) ရက်ထိ
ကံထူးရှင်ရွေးချယ်ပွဲ
၂၀၁၆ ဇန်နဝါရီ ၉ရက် ညနေ ၃နာရီ၄၅မိနစ် မှစ၍ MRTV-4
ရုပ်သံလိုင်းတွင် တိုက်ရိုက်အစီအစဉ်အဖြစ် ထုတ်လွှင့်ပေးသွားပါမည်
ဖုန်းတွေကို ဖွင့်ထားပြီး MPT က ဖုန်းခေါ်တာကို စောင့်နေဖို့မမေ့နဲ့နော်
အထူးဆု လင်ခရူဇာကားသစ်ကြီးအပါအဝင် အဖိုးတန်ဆုမဲပေါင်း ၄၀ နှင့် ငွေဖြည့်ဆုမဲပေါင်း ၁၉၉၀၀ကျော်
ကံထူးနိုင်မည့် နောက်ဆုံးအခွင့်အရေး
MPT ကိုများများသုံး ကံထူးခွင့်တွေအများဆုံး
MPT အချင်းချင်းပြည်တွင်းဖုန်းခေါ်ဆိုခြင်း
ခေါ်ဆိုချိန်(၁)မိနစ်တိုင်း (၁)စောင်
၃၀၀၀ကျပ်နှင့်အထက်ငွေဖြည့်သွင်းခြင်း
၃၀၀၀ကျပ် (၃၀)စောင်
၅၀၀၀ကျပ် (၅၀)စောင်
၁၀၀၀၀ကျပ် (၁၀၀)စောင်
၂၀၀၀၀ကျပ် (၂၀၀)စောင်
၃၀၀၀၀ကျပ် (၃၀၀)စောင်
MPT ဆင်းကတ်အသစ် ဝယ်ယူအသုံးပြုခြင်း
ကတ်(၁)ကတ် (၃၀)စောင်
နာမည်ကျော်အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများနှင့်အတူ
ဆုလက်ဆောင်များစွာ ရယူပိုင်ဆိုင်နိုင်မည့် အစီအစဉ်များ ၊
ပျော်ရွှင်ဖွယ်ဂိမ်းကစားနည်းများစွာဖြင့် ခမ်းနားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ပါသည်
JUNCTION SQUARE
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

## လက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်နေ (ဗိုလ်မှူးလေးကို-ငြိမ်း) + ဒေါ်နန်းမေအေး တို့၏မြေး၊
မောင်စိုင်းသားသား ၏အစ်ကို
(ဦးမြတ်ဇော်)+ဒေါ်မေအေးဦး (Document Controller, PCML) တို့၏ သားကြီး

**မောင်လင်းထက်ဦး**

B.SC (Engg) Gem and Gem Mining
Accountant (Oriental Consultants Global Co., Ltd.) နှင့်
မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ သိမ်ကုန်းစံပြကျေးရွာနေ (ဦးပေါက်စ)+(ဒေါ်တင်ညွန့်)၊
စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့၊ ကျန်စစ်သားရပ်ကွက်နေ ဦးထိန်ဝင်း(မြန်မာ့မီးရထား-ငြိမ်း)+ဒေါ်မြတ်တင်
တို့၏မြေး၊ မောင်ရန်နိုင်ကျော်၏အစ်မ
(ဦးကျော်မွေး) + ဒေါ်ခင်မြဝင်း တို့၏ သမီးကြီး

**မအိမြဖြူမွေး**

B.A (Myanmar) (ဒု-ဦးစီးမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊
အင်ဂျင်နီယာဌာန (အဆောက်အအုံ) နိုင်ငံပိုင်အိမ်ရာထိန်းသိမ်းရေးဌာနခွဲ
တို့သည်
၁. ၁. ၂၀၁၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ တိုင်းတရားရုံးချုပ်၌ နှစ်ဖက်သော မိဘများနှင့်
ဆွေမျိုးမိတ်သင်္ဂဟတို့ရှေ့မှောက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်လင်းထက်ဦး - မအိမြဖြူမွေး

## စက်ရုံမွေရိပ်သာဆရာတော်၏ စိန်ရတုမွေးနေ့ပူဇော်ပွဲ ဖိတ်ကြားလွှာ

ကျုံမငေးမြို့စက်ရုံမွေရိပ်သာဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသုမန မဟာထေရ်မြတ်၏ သက်တော် (၇၅)နှစ်ပြည့် စိန်ရတုမွေးနေ့ပူဇော်ပွဲနှင့် (၁၄၇၅)ကြိမ်မြောက် သိက္ခာတော်ထပ်ပူဇော်ပွဲ တို့ကို အောက်ပါအစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ပူဇော်ပွဲတွင် ပါဝင်လှူဒါန်းလိုကြသော အလှူရှင်များသည် မိမိတို့ဆန္ဒရှိသလောက် လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုး မျှော်လျက် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**ပူဇော်ပွဲအစီအစဉ်**

နေ့ရက် - ၁၃၇၇ခု၊ တပို့တွဲလဆန်း (၄)ရက်
၁၂.၂.၂၀၁၆ (သောကြာနေ့)၊ ပြည်ထောင်စုနေ့
အချိန် - နံနက် (၈)နာရီမှ မွန်းလွဲ (၁)နာရီထိ
နေရာ - စက်ရုံမွေရိပ်သာ၊ ကျုံမငေးမြို့
မှတ်ချက် - လှူဒါန်းပူဇော်လိုသူများသည် အောက်ပါအကျိုးတော်ဆောင်အဖွဲ့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

အကျိုးတော်ဆောင်အဖွဲ့
စက်ရုံမွေရိပ်သာ၊ ကျုံမငေးမြို့
ဖုန်း - ၀၉-၈၅၉၉၈၄၁၉

၁၆.၁.၂၀၁၆ မှ
၂၀.၁.၂၀၁၆
မြို့တော်ခန်းမ
လားရှိုးမြို့

ရှမ်းပြည်နယ်မြောက်ပိုင်း၏ မြို့တော် လားရှိုးမြို့တွင် ထူးခြားစည်ကားသိုက်မြိုက်စွာကျင်းပမည့်ပြပွဲကြီး

# ကုန်စည်ပြပွဲကြီး(လားရှိုးမြို့)

ပြင်နိုးစုံစမ်းရန်
Smart Group
Ph: 01-656875,
01-667473,
09-73014777

နိုင်ငံတကာ ဟိုတယ်ကြီးများ၊ သင်္ဘောလိုင်းများ၊ စားသောက်ဆိုင်များတွင် လုပ်ကိုင်လိုသူများအတွက်
Professional Food and Beverage Service Course Level II




STAR RESOURCES ACADEMY
Star Resources Academy အမှတ်(၆၇)၊ အခန်း(၂၀၂)၊ ပြည်လမ်း (ဒဂုံစင်တာ ၂ ရှေ့)၊ စမ်းချောင်း၊ ရန်ကုန်။
ဖုန်း- ၀၁ ၅၂၃ ၂၀၀၊ ၂၃၀ ၄၀ ၂၀၊ ၂၃၀ ၄၀ ၂၁၊ ၀၉ ၅၀ ၂၀ ၃၀၂ wed-www.star-resourcesacademy.com

## မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဂျပန်ချေးငွေ (JICA ODA Loan)ဖြင့် ဆောင်ရွက်မည့် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ မြို့ရေရရှိရေးလုပ်ငန်းအတွက် လိုအပ်သော (Civil Construction Work) လုပ်ငန်းများဆောင်ရွက်ရန် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းနိုင်ပါသည်-

(က) ပြည်မြို့ရေရရှိရေးလုပ်ငန်း (Lot-5) Civil Construction Work

၂။ ပြည်မြို့ရေရရှိရေးလုပ်ငန်း(Lot-5) Civil Construction Work ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ(Financial Proposal)များကို ၁၇-၂-၂၀၁၆ ရက် ၁၀း၀၀ နာရီနောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး တင်ဒါဖွင့်ပွဲအား ၁၇-၂-၂၀၁၆ရက် ၁၀း၁၅ နာရီတိတိတွင် ဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်(တယ်လီဖုန်းအမှတ်-၀၆၇-၄၀၉၄၀၇၊ ၄၀၉၂၁၅)တွင် ဆက်သွယ်ရယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန




မှူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်


Kidlac
ကစ်(ဒ်)လက်သောက်၍ ကျန်းမာခြင်း
ဝမ်းဗိုက်လေးမှာ
ရောဂါကင်း
စတော်ဘယ်ရီ
အနံ့အရသာ
ကစ်(ဒ်)လက် Kidlac တွင်
ပါဝင်သော Probiotics (ပရိုဘိုင်အိုတစ်စ်) က ကလေးများ၏ အူလမ်းကြောင်းနှင့် ပတ်သက်သော ဝေဒနာများကို ကာကွယ်ပေးနိုင်သည့်အပြင် ဝမ်းပျက်ဝမ်းလျှောခြင်း၊ ဝမ်းချုပ်ခြင်း၊ ဝမ်းဗိုက်မအီမသာဖြစ်ခြင်းနှင့် အစာမကြေဖြစ်ခြင်းတို့ကို သက်သာပျောက်ကင်းစေပါသည်။ အစာခြေနိုင်စွမ်းနှင့် အာဟာရစုပ်ယူနိုင်စွမ်းကိုလည်း တိုးတက်ကောင်းမွန်စေပါသည်။
ထို့အပြင် ကလေးများပုံမှန်ဖွံ့ဖြိုးကြီးထွားရန်အတွက် လိုအပ်သော ဗီတာမင်ဓာတ်၊ သတ္တုဓာတ်၊ ကယ်လ်ဆီယမ်ဓာတ်နှင့် DHA (ဒီအိတ်ချ်အေ)တို့ စုံလင်စွာပါဝင်သဖြင့် ကလေး၏ ဦးနှောက်ပိုင်းဆိုင်ရာနှင့် ခန္ဓာကိုယ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုတို့ကို တိုးတက်ကောင်းမွန်စေပြီး ကိုယ်ခံစွမ်းအားကိုလည်း ပြည့်ဝစေပါသည်။
ဝမ်းနှင့်ပတ်သက်သောရောဂါများအတွက်
တစ်နေ့လျှင် ၂ကြိမ်၊ ၁ကြိမ်လျှင် ၁ ထုပ်မှ ၂ ထုပ်
ပုံမှန်တိုက်ကျွေးရန် အတွက်
တစ်နေ့လျှင် ၁ကြိမ်၊ ၁ကြိမ်လျှင် ၁ ထုပ်
KTZ
Kidlac
1g
ဝမ်းဗိုက်လေး အစဉ်ကျန်းမာစေသည့် ကစ်(ဒ်)လက်

## ကြော်ငြာ


**မွေ့ပီတိ ဗုဒ္ဓဂယာနှင့်သီရိလင်္ကာ အထူးဘုရားဖူးအဖွဲ့**

**သီရိလင်္ကာ အထူးဘုရားဖူးခရီးစဉ် (၆ ညအိပ် - ၇ ရက်)**
သီရိလင်္ကာနေရာစုံ ၊ ဗန်ကောက်မြဘုရားနှင့်ဈေးဝယ်
(၂၀၁၆ခုနှစ်၊ မတ်လ၊ ပထမပတ်)

**ဗုဒ္ဓဂယာ ( ၁၄ညအိပ် - ၁၅ရက် ) ခရီးစဉ်နေ့ရက်များ**
- (၁၅.၁.၁၆ - ၂၅.၁.၁၆)
- (၁၅.၂.၁၆ -၂၉.၂.၁၆) (ပိုင်းလော့ဆရာတော်တရားစခန်းပွဲ)
- (၂၃.၃.၁၆ - ၆.၄.၁၆) (မန္တလေးဖားအောက်တောရဆရာတော်တရားစခန်းပွဲ)

**သီရိလင်္ကာ၊ ထိုင်း၊ ကမ္ဘောဒီးယား(၃)နိုင်ငံ ခရီးစဉ်ကို ၂၀၁၆ခုနှစ်၊ ဧပြီလတွင် ထွက်ခွာပါမည်။**

အမှတ်(၄၆)၊ အောင်သပြေလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁ ၅၃၆၇၄၇၊ ၀၉ ၂၀၃၉၈၃၃၊ ၀၉ ၇၉၁၆၀၆၀၄၀၊
၀၉ ၂၅၄၄၅၀၉၇၈၊ ၀၉ ၇၉၅၅၃၆၉၁၅၊ ၀၉ ၆၈၀၂၁၀၄။
( အမြန်ဆုံး ဆက်သွယ် စာရင်းပေးနိုင်ပါပြီ။ )

**အာရှနဂါး**
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph:01 707062, 09 799100100
01 703790, 09 797100100

**မိုးမြင့်ကြယ်**
ကျိုက်ထီးရိုး(နေ့ဝင်/ငြိမ်း) 35000
ချောင်းသာ Hotel(ငြိမ်း) 40000 / 50000
ငွေဆောင် (Hotel+ကား) 40000
ကားမျိုးစုံစင်းလုံးငှားစီစဉ်ပေးသည်။
01-549380,09-5093704,09-450012971

**ဗျာပိုသား ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)**
ကျိုက်(၅)ကျိုက်(ကျိုက်ထီးဆောင်း၊ကျိုက်သလွံ၊ကျိုက်ပေါလောမုဲ့ရှင်၊ကျိုက်မရော၊ကျိုက္ခမီ)
ဇက်စဲကမ်းခြေ၊ကမာဝက်ဓါတ်တော်တိုက်၊မုဒုံကန်ကြီး၊ဝင်းစိန်တောရဦးခန့် ဦးဇိနပ်ဗွားလည်တို့တောင်၊
ဇင်းကျိုက်ရေတံခွန်၊ သထုံရွှေစာရံ၊ အလံတစ်ရာဘုရား၊ ကြေးသွန်းမဟာမုနိ လမ်းဘုရားစုံဖူး၊
အဆင့်မြင့်တည်းခိုခန်းတည်း-ဆိုင်ထမင်းကျွေး(၁)ညအိပ်(၂)ရက်၊စားတည်းငြိမ်း(၃၅၀၀၀)
မြည်(၅)မြည်(ဖူပွဲ၊ ပုဂံညောင်ဦး(ရွှယ်တော်လေးဆု)ဘုရားစုံဖူးသောကြာညသွားတနင်္လာနံနက်
ပြန်ရောက်ဟိုတယ်တည်းဆိုင်ကျွေးစားတည်းငြိမ်း(၅၅၀၀၀) Jan-8.15.22.29
Ph:09425334456,0949323965,0949578205


**အိုးသည်ကုန်းမြို့ အထကအာစရိယပူဇော်ပွဲ**

ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း)အိုးသည်ကုန်းမြို့ အခြေခံပညာ အထက်တန်းကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက် နံနက် ၉ နာရီတွင် ရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသူကျောင်းသားဟောင်းများကြွရောက်ကြပါရန်နှင့် အလှူငွေများကို အိုးသည်ကုန်းမြို့နေ ဦးအေးကို (၀၉-၅၃၇၃၂၇၉)၊ ဦးဝင်းကို (၀၉-၅၁၉၃ ၉၃၂)၊ ရန်ကုန်မြို့နေ ဦးခင်ဇော် (၀၉-၈၆၂၀၉၁၆)၊ ဒေါ်ခင်သန်းဆွေ (၀၉-၃၀၀၉၄၇၀၃)၊ ဦးမြင့်စိုး(၀၉-၄၂၀၃၉၄၇၅)၊ ဦးမြသန်း(၀၉-၂၅၄၈၈၁၁၈) တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ ရန်ကုန်မြို့မှ လိုက်ပါမည့်သူများ ၁၇-၁-၂၀၁၆ရက် နံနက် ၅ နာရီသခင်မြပန်းခြံ ရွှေသရဖီကားဂိတ်မှ ထွက်ခွာပါမည်။ ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။


**GETC**
building a better future

အသက် ၆ နှစ်မှ ၁၄ နှစ် အရွယ်ကလေးငယ်များအတွက်
တစ်မူထူးခြားသည့် အင်္ဂလိပ်စာ အစီအစဉ်

**2016 SUMMER**
**ENGLISH PROGRAM**
March, April, May

- ENGLISH 4-SKILLS
  Plus
  - Supplementary skills
  - Life skills for children
- CAMBRIDGE EXAM PREPARATION
  (Starters, Movers, Flyers, KET, PET)

ကျောင်းအပ်
လက်ခံနေပါပြီ။



**nurture preschool**

နိုင်ငံတကာ အသိအမှတ်ပြု ဖွံ့ဖြိုးမှု(၅)ရပ်ကိုအခြေခံသည့်
မူကြိုပညာရေး

International Standard Early Childhood Education



- Emotional Development(EQ)
- Intellectual Development(IQ)
- Moral Development
- Physical Development
- Social Development

Special Discount & Presents | Original Updated Course Books | Well-qualified & Experienced Instructors

| လှိုင် | စမ်းချောင်း | တာမွေ | မရမ်းကုန်းကျောင်းခွဲသစ် | အင်းစိန်ကျောင်းခွဲသစ် |
|---|---|---|---|---|
| (ဖြူးမဟာစည်ဘုန်းကြီးကျောင်းအနီး) | (အ. ထ. က (၂) စမ်းချောင်းအနီး) | (Ocean Super Market အနီး) | (ကမ္ဘာအေးဘုရားအနီး) | (အင်းစိန်ဆေးရုံအနီး) |
| ဖုန်း - ၀၁-၅၃၀၀၉၇, ၀၉၂၅၄၁၄၈၀၀၅ | ဖုန်း - ၀၉၂၆၂၉၆၃၇၇၄, ၀၉၂၆၂၉၆၃၇၇၅ | ဖုန်း - ၀၁-၅၄၉၅၉၀, ၀၉၂၅၄၁၄၈၀၀၆ | ဖုန်း - ၀၁-၆၆၃၉၆၀, ၀၉၂၅၉၈၂၂၂၀ | ဖုန်း - ၀၉၂၅၉၈၂၂၂၆, ၀၉၂၅၉၈၂၂၂၇ |

**ရွှေနဂါး**
အပူခံ၊အသံထိန်း (Insulation)
အမိုးသွပ်ပြား နှင့် အကာပြား

လူကြီးမင်းတို့၏ အဆောက်အအုံများ၊ စက်ရုံများတွင် အပူချိန်မြင့်မားမှုကြောင့် စိတ်ညစ်နေပါသလား ?
မိုးသံ၊လေသံကြောင့် အဆောက်အအုံအတွင်း ဆူညံမှုများဖြစ်ပေါ်နေပါသလား ?
ဆောက်လုပ်ရေးလုပ်ငန်းခွင်များ၊စက်ရုံများ၊စားသောက်ဆိုင်များအတွက်

ဝန်ထမ်းများ နေထိုင်ရန် အဆောင်များ နှင့် ဂိုဒေါင်များ၊ယာယီရုံးခန်းများ၊
လုံခြုံရေးဂိတ်များ ဆောက်လုပ်ရန် Mobile House များကို လည်း
ရွှေနဂါး အပူခံ အသံထိန်း ( Insulation) အမိုးသွပ်ပြားနှင့် အကာပြားများကို
အသုံးပြု၍လျင်မြန်စွာပြီးစီးအောင် ဆောင်ရွက်ပေးလျက် ရှိပါသည်။

- အပူခံသွပ်ပြား အတွင်းရှိ ဖေါ့ချပ်မှာ Expandable Poly Styrene (EPS) ကော်ဇေ့ကို အသုံးပြုထားသောကြောင့် မီး မလောင်ကျွမ်းနိုင်ခြင်း။
- မိုးရာသီ အခါ အိမ် (သို့) အဆောက် အအုံအတွင်း မိုးရွာသည်အသံကိုမကြား ရခြင်း။
- နွေရာသီအခါ အိမ် (သို့) အဆောက်အအုံ အတွင်း အပူဒဏ်ကို မခံစားရခြင်း။










Container House များကိုလည်းဈေးနှုန်း သက်သာစွာဖြင့် လွယ်ကူလျင်မြန်စွာ ရရှိနိုင်ပါသည်။

ဆက်သွယ်ရန်။ ။အမှတ်(၂၂)၊ ပန်းတင်းဝန်ဦးရွှေဘင်လမ်း၊ စက်မှုဇုန်(၁)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ Ph:01-685985, 685990







ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တကောသလ္လ

သိက္ခာတော်(၄၄)ဝါ၊ သက်တော်(၆၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ်၊ (၆/၁၀) ရက်ကွက်၊ ဇိနမာရ်အောင်ကျောင်းတော်ကြီး ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ကောသလ္လသည် (၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ရက်) ၁-၁-၂၀၁၆ (သောကြာနေ့) မွန်းလွဲ ၁၂း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇ ရုပ်ကလာပ်တော်ကို (၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ရက်) ၅-၁-၂၀၁၆ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် အန္တိမအဂ္ဂိစျာပန ကျင်းပပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး တပည့်သံဃာဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [၁၃၇၇ခုနှစ်၊ နတ်တော်လ ပြည့်ကျော် ၁၂ရက်) ၇-၁-၂၀၁၆(ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါသဖြင့် အထက်ပါ ကျောင်းတိုက်သို့ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

တပည့်သံဃာ၊ ဒါယကာ၊ဒါယိကာမများ(ရွှေပြည်သာမြို့နယ်)

ဦးဂျိုးအက်(စ်)ရှားမား(ခ) ဦးဂျိုရှန်ကာ (B.A, B.L) (၇၆)နှစ်

(မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူသာ သနာရေးဗဟိုအဖွဲ့ချုပ်၏ဥက္ကဋ္ဌဟောင်း

(YAMONA INTERNATIONAL Co.,Ltd. မန်နေဂျင်းဒါရိုက်တာ)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေတိဂုံတိုင်ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ အမှတ် (၁၈၀/ဘီ)နှင့် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၅)လမ်း၊ အမှတ် (၁၇/၂၁)နေ (ဦးဘိုဂီရမ်း-ဒေါ်ဆာဗီတရီဒေဝီ)တို့၏သား၊ ဒေါ်ပါရ် ဘာတီဒေဝီ၏ ချစ်လှစွာသောခင်ပွန်း၊ မဂျန်နကီဒေဝီရှမား-ရှရီ Ram(a)ဘိုင်၊ ဒေါက်တာဝိဇယလမ်(ချ်)မီးရှမား၊ မပူနန်ရှမားတို့၏ ချစ်လှစွာသော ဖခင်သည် အိန္ဒိယနိုင်ငံ၊ မွမ်ဘိုင်းမြို့၌ Asian Heart Institute ၄-၁-၂၀၁၆(တနင်္လာနေ့) အိန္ဒိယစံတော်ချိန် ၅း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် အိန္ဒိယနိုင်ငံ၊ မွမ်ဘိုင်းမြို့၌ ဟိန္ဒူရိုးရာဓလေ့ထုံးတမ်း အစဉ်အလာနှင့်အညီ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများသိရှိနိုင်ပါရန် ကြေညာအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ကပ္ပတိန်မောင်မောင်ဖုန်း(ခ)**Alphonse** (၇၁)နှစ်

**(Myanmar Five Stars Corporation), (RCL)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ်(၆)၊ အောင်မင်္ဂလာလမ်းနေ(ဦးဂျိုး-ဒေါ်လူစီ)တို့၏သား၊ မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်နေ(ဒေါက်တာအဲလ်ဘတ်ပိုး-ဒေါ်ဂျင်နဗီအေးညွန့်)တို့၏သားသမက်၊ ဒေါ်အိမ်မီကား-ဦးလောရင့် (ဦးဘယ်နဒစ်)-ဒေါ်အယ်နီတို့၏ညီ၊ ဒေါ်အေမီလွင်-ဦးကျော်တင်တို့၏အစ်ကို၊ ဒေါ်ဘရစ်ဂျစ်ပိုး၏ ချစ်လှစွာသောခင်ပွန်း၊ (ကေသွယ်ဖုန်း)၊ ဝင်းလတ်ဖုန်း-နော်မေရီခင်အိမ္ဗြေဖုန်း-မာတင်ဝုန်ခန့်တွောင်တို့၏ ချစ်လှစွာသောဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂-၁-၂၀၁၆(စနေနေ့) မွန်းလွဲ ၂း၄၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၆-၁-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီ တွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးရဲထွဋ် (၅၆)နှစ်

လက်ထောက်အုပ်ချုပ်ရေးမှူး(လမ်းမတော်မြို့နယ်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့နေ(ဦးစိုးမြင့်-ဒေါ်အုံးသင်)တို့၏သား၊ အမှတ်(၈၅)၊ ဗဟိုလမ်း၊ (၃/ခ)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးမျိုးဝင်း-ဒေါ်ခင်ခင်ချစ်)တို့၏ သားသမက်၊ တိုက် (B/11)၊ အခန်း (၄၀၄)၊ နှင်းဆီလမ်း၊ ကံဘဲ့စည်ပင်အိမ်ရာဝင်းနေ ဦးနေလင်းဌေး-ဒေါ်ခင်မိမိ(စည်ပင်)၊ (ဦးဇော်ထွဋ်)၊ (ဦးညဏ်ထွေး)-ဒေါ်ချောစုမွန်တို့၏အစ်ကိုကြီး၊ ဒေါ်ယုယုဝင်း(စည်ပင်ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန)၏ခင်ပွန်း၊ ပိုလ်ကြီးထက်ပိုင်ရဲ(ကလေးမြို့)-ဒေါ်ခင်ချိုဌေးတို့၏ဖခင်၊ ခြူးလရိပ်ချို၏အဘိုးသည် ၂-၁-၂၀၁၆ ရက် ည ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁-၂၀၁၆ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁နာရီထိ အမှတ်(၈၅)၊ ဗဟိုလမ်း၊ (၃/ခ)ရပ်ကွက်၊ တောင်ဥက္ကလာပနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# (၈)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

## ဦးရီ(ခ)ဦးလီရီဟိုင်း

နေ့စဉ်နေ့တိုင်း အမြဲလွမ်းဆွတ်သတိရနေပါသည်။ နေ့စဉ်ပြုသမျှ ကုသိုလ်ကောင်းမှုအစုစုတို့ကို ရောက်ရာဘဝမှ သာဓုခေါ်ဆိုနိုင်ပါသည်။ အမြဲလွမ်းဆွတ်သတိရလျက်-------------

ဇနီး-ဒေါ်သန်းသန်းဆွေ
သား-မောင်ကျော်ခိုင်
မောင်ပြည့်စုံခိုင်

## (၂)နှစ်မြောက်လွမ်းဆွတ်သတိရအမှုဝေခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ တန်ဆောင်းဒါယကာကြီး

**ဦးမိုးကျော်ထွန်း (လ/ထ ကထိက-ငြိမ်း)**

(၆-၁-၂၀၁၄ - ၆-၁-၂၀၁၆)

ပါပါ မိသားစုနှင့် ခွဲခွာသွားသည်မှာ (၂)နှစ်ပြည့်သွားသော်လည်း နေ့စဉ်သတိရတမ်းတဆဲပါ။ နေ့စဉ် လစဉ်လှူဒါန်းပြီး လှူဒါန်းဆဲ ကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှ . . . အမျှ . . . အမျှ ပေးဝေပါသည်။ မြင့်မြတ်သောဘုံဘဝမှ သာဓု ခေါ်ဆိုနိုင်ပါစေ။ ကျေးဇူးတရားများကို အစဉ်သတိရ အောက်မေ့လျက်။ ပါပါရေ အမျှ . . . အမျှ . . . အမျှ . . .

ဇနီး - ဒေါ်တင်တင်ဌေး
သားသမီး၊ မြေးမိသားစု

## ရန်ကုန်မြို့ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ကျောင်းလမ်း(ယခုအောင်စေတီလမ်း)၊ အမှတ်-၈၈၆ (ဗီယက်နမ်ခြံ)၊ မြေကွက်နှင့် ပတ်သက်၍ အသိပေးကြေညာချက်

အထက်ပါမြေကွက်အား လက်ရှိထားပိုင်ဆိုင်သူ အထက်ပါ မြေကွက်လိပ်စာနေ ဒေါ်လှစိန်ပါ (၉)ဦး (ဒေါ်လှစိန်နှင့် မိသားစုများ)အား ဒေါ်ခင်ကြွယ်ပါ (၈)ဦးတို့က စွဲဆိုဆောင်ရွက်ခဲ့သော အမှုများဖြစ်သည့် (၁) ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၊ တရားမကြီးမှုအမှတ်-၂၆၂၄/၂၀၁၁ [ဒေါ်ခင်ကြွယ်ပါ (၈)နှင့် ဒေါ်လှစိန်ပါ (၉)]၊ အမှု (၂) ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားမအယူခံမှုအမှတ်-၉၀၄/၂၀၁၃ [ဒေါ်ခင်ကြွယ်ပါ (၈)နှင့် ဒေါ်လှစိန်ပါ ၉]၊ အမှု (၃) ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားမအထွေထွေလျှောက်လွှာ(အထူး)အမှတ်-၃၈၁/၂၀၁၄ [ဒေါ်ခင်ကြွယ်ပါ (၇)နှင့် ဒေါ်လှစိန်ပါ (၁၀)]၊ အမှုတို့တွင် တရားရုံးအဆင့်ဆင့်၌ ဒေါ်လှစိန်ပါ (၉)ဦး (ဒေါ်လှစိန်နှင့်မိသားစုများ)တို့ဘက်မှ အနိုင်ရရှိခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ မြေကွက်အား လက်ရှိထားပိုင်ဆိုင်သူ ဒေါ်လှစိန်နှင့် မိသားစုတို့အနေဖြင့် အထက်ပါ မြေကွက်နှင့်မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အား ဥပဒေနှင့်အညီ ဆက်လက်စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အထက်ပါ မြေကွက်အား ဒေါ်လှစိန်နှင့် မိသားစုတို့ သဘောတူခွင့်ပြုချက်မရဘဲ တားဆီးပိတ်ပင်ခြင်း၊ ကျူးကျော်ခြင်း၊ အကျိုးဖျက်ဆီးခြင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ တစ်နည်းနည်းဖြင့် အနှောင့်အယှက်ပြုခြင်းများ လုံးဝမပြုလုပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်လှစိန်[၁၂/အစန(နိုင်)၀၅၅၅၀၉]၏ လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးဝင်းလှိုင်(**LL.B**) | ဒေါ်ခင်လဲ့ဝေ (**LL.B**) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၅၂၄၈) | အထက်တန်းရှေ့နေ (စဉ်-၃၈၉၈၀) |

အမှတ်-၁၂၆၊ ရေကူးဘူတာရုံလမ်း၊ (၈) ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ ဈေးလမ်း၊ အမှတ်(၄၁၂)နေ (အဘ) ဦးရှောမလွတ်၏သား ဦးကျော်နိုင်[DBN-၀၁၄၂၀၈]ကိုင်ဆောင်သူမှ ကြော်ငြာသည်မှာ - ကျွန်တော်၏ဇနီးဖြစ်သူ အဘ ဦးမာမက်သူလ်တန်၏သမီး[DBN-၁၀၄၄၉၇)ကိုင်ဆောင်သူ ဒေါ်အေးအေးသန်းသည် ကျွန်တော်နှင့်စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် မိမိဆန္ဒအလျောက် ၂၈-၂-၂၀၁၄ ရက်တွင်သားဖြစ်သူ မောင်ဖြိုးအာကာကျော်(အရွယ်မရောက်သေးသူ)နှင့်ငွေ၊ လက်ဝတ်ရတနာပစ္စည်းယူဆောင်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ထိုနေ့မှစ၍ အစ္စလာမ်ဘာသာဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ သို့ပါ၍ယနေ့ထက်တိုင် ဆက်သွယ်ပြောဆိုခြင်း၊ အိမ်သို့ ပြန်လာခြင်းလုံးဝမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
| ဦးကျော်နိုင် | ဒေါ်သင်းသီရိဗို(LL.B) |
| | တရားလွှတ်တော်ရှေ့နေ(စဉ်-၉၄၃၀) |

အမှတ်(၈၃၇)၊ ကျော်သူ(၂၃)လမ်း၊ ၉-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၅၀၄၈၈၆၀

## အများသိစေရန်ကြော်ငြာစာ

ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး(၁၀)၊ ရတနာလမ်း၊ မြေကွက်အမှတ်(၄-၄၉) ဟု ခေါ်တွင်သော ပေ(၈၀×၆၀)အကျယ်အဝန်းရှိ မြေကွက်သည် ပြင်ဦးလွင်မြို့၊ မြို့နေရာချထားရေးကော်မတီ ၏ မြေချထားပေးသည့်အမိန့် အမှတ်စဉ်(၂၀၆၈)အရ ဦးဌေးအောင် [၉/မရမ(နိုင်)၀၅၂၃၁၃]အမည်ဖြင့် ချထားပေးပြီး ဦးဌေးအောင်သည် ၉-၉-၂၀၀၈ရက်တွင် ကွယ်လွန်သွားခဲ့ပါသည်။ အထက်ပါ ဦးဌေးအောင် အမည်ပေါက် မြေပေးမိန့် မူရင်းသည် ပျောက်ဆုံးနေပါသဖြင့် ဇနီးဖြစ်သူ ကျွန်မဒုတိယဗိုလ်မှူးကြီး ဒေါ်မြင့်မြင့်နိုင်က မိတ္တူမှန် ပြန်လည်လျှောက်ထားမည်ဖြစ်သောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာစာပါသည့်နေ့မှ (၁၄) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်မထံသို့လည်းကောင်း၊ သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတို့တွင်လည်းကောင်း၊ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ မြေပေးမိန့် မိတ္တူမှန်ရရှိရေး လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

ဒုတိယဗိုလ်မှူးကြီး ဒေါ်မြင့်မြင့်နိုင်
သမက(၁/၃၀၀)၊ မင်္ဂလာဒုံ၊ ရန်ကုန်မြို့။ ဖုန်း-၀၉၅၀၁၂၃၀၃

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ (၅)ရပ်ကွက်၊ မြပြင်ကျေးရွာ၊ အုပ်စုကွင်းအမှတ်-၂၀၇၊ ဦးပိုင်အမှတ်-ခ(၁၉၁)၊ ဧရိယာ ၀.၄၈ဧကရှိမြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်များကို ဝယ်ယူပိုင်ဆိုင်လက်ရှိထားသူ ဒေါ်မူမူအောင်[၁၂/လမတ(နိုင်)၀၀၄၈၅၆]ထံမှ အပြီးအပိုင်ဝယ်ယူရန် ဒေါ်အေးစန္ဒာညို[၁၂/မဂတ(နိုင်)၀၅၇၃၅၅]က စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးကျော်နိုင်တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၉၃)
အမှတ်-၅၆၃(ပ-ထပ်)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့် ⬬ မူးယစ်ဆိုက ဆန့်ကျင်ကြ

Hot Line No-0930500100

# ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်နေ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၁၀၅၀ ထုတ်လုပ်နိုင်မည်



ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင် တစ်နေရာကို တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၅**

ရှမ်းရိုးမကြီး၏ အလယ်တွင် ရစ်ခွေစီးဆင်းနေပြီး ရွှေလီမြစ်ပေါ်တွင်တည်ရှိသည့် ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်မြို့၏ မြောက်ဘက် ၁၂မိုင်ခန့်အကွာတွင် တည်ဆောက်လျက်ရှိသော ရွှေလီ (၃) ရေအားလျှပ်စစ်စီမံကိန်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တည်ဆောက်ရေး(၂)က အကောင်အထည်ဖော်တည်ဆောက်လျက်ရှိသည်။

ရွှေလီမြစ်သည် ရေအားအရင်းအမြစ် ပေါကြွယ်ဝသည့်အလျောက် ရေအားလျှပ်စစ် စီမံကိန်းများကို အကောင်အထည်ဖော်တည်ဆောက်လျက်ရှိရာ ရွှေလီ(၁) ရေအားလျှပ်စစ်စီမံကိန်း (၆၀၀ မဂ္ဂါဝပ်)ကို ၂၀၀၉ ခုနှစ် မေလတွင် တည်ဆောက်ပြီးစီးခဲ့၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည်။ ဆက်လက်၍ ရွှေလီ(၂) ရေအားလျှပ်စစ် စီမံကိန်း (၅၂၀မဂ္ဂါဝပ်)နှင့် ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်း (၁၀၅၀ မဂ္ဂါဝပ်) တို့ကို နိုင်ငံတော်လျှပ်စစ်ဓာတ်အား

စာမျက်နှာ ၈ ကော်လံ ၁ သို့




## Jet Airways မှ လေယာဉ်တစ်စင်း အောက်ဆီဂျင်စနစ် ချွတ်ယွင်း၍ ရန်ကုန်လေဆိပ်သို့ အရေးပေါ်ဆင်းသက်

**ရန်ကုန် ဇန်နဝါရီ ၅**

အိန္ဒိယနိုင်ငံအခြေစိုက် Jet Airways လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း ပျံသန်းနေစဉ် အောက်ဆီဂျင်စနစ်ချွတ်ယွင်းခဲ့သဖြင့် ယနေ့ မွန်းလွဲ ၁ နာရီ ၅၅ မိနစ်ခန့်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း အဆိုပါလေဆိပ်မှ စုံစမ်းသိရှိရသည်။

အဆိုပါလေကြောင်းလိုင်းမှ လေယာဉ်အမှတ် VT-JBZ လေယာဉ်သည် ခရီးစဉ် အမှတ် 9W 70 ဖြင့် လေယာဉ်အမှုထမ်း ရှစ်ဦးနှင့် ခရီးသည် ၁၈၃ ဦး လိုက်ပါလာပြီး အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ထွက်ခွာလာရာ မြန်မာနိုင်ငံသို့ဖြတ်ကျော်ပျံသန်းစဉ် အောက်ဆီဂျင်စနစ်ချွတ်ယွင်းခဲ့သဖြင့် အရေးပေါ်ဆင်းသက်ခဲ့ရခြင်းဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

## MNL-2 ခြေစစ်ပွဲများ စတင်

သတင်းနှင့် ဓာတ်ပုံ ရှိုင်းထက်ဇော်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပနေသည့် ၂၀၁၆ ရာသီ MNL-2 ခြေစစ်ပွဲပထမနေ့ ပွဲစဉ်များကို ယနေ့စတင်ကျင်းပရာ မဟာ ယူနိုက်တက်အသင်းနှင့် United of Than Lyin အသင်းတို့ နိုင်ပွဲများရရှိခဲ့သည်။

မဟာယူနိုက်တက်နှင့် သီဟဒီပ အသင်းတို့ပွဲတွင် ပုံစံကောင်းရရန် ရုန်းကန်ခဲ့ရသော်လည်း မဟာယူနိုက်တက်အသင်းက ခြေပိုသာခဲ့သည်။ မဟာယူနိုက်တက်အသင်းအတွက် ဂိုးများကို မိနစ် ၃၀တွင် ဖြိုးညီညီလွင်၊ ၅၂မိနစ်တွင် သန်းကျော်ဌေးတို့က သွင်းယူခဲ့သည်။ ယခုပွဲနိုင်ပွဲကြောင့် နည်းပြချုပ် ဇော်လင်းထွန်း၏ ပွဲဦးထွက်ပွဲမှာ မျက်နှာပန်းလှသွားခဲ့သည်။ သီဟဒီပအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၈၅ မိနစ်တွင် အောင်ဆန်းလင်းက သွင်းယူပေးခဲ့သည်။ United of Than Lyin အသင်းမှာ ပွဲအစနှစ်မိနစ်တွင်

စာမျက်နှာ ၃ ကော်လံ ၅ သို့


မဟာယူနိုက်တက်နှင့် သီဟဒီပအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

'ရလဒ်'ကောင်းဖို့ 'ကျောင်းကောင်း'ရွေးပါ
ညွှန့်သန်းနိုင် တည်ထောင်သည့် ဘောင်စနစ် ကိုယ်ပိုင်အထက်တန်းကျောင်း
ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် (ကက-၁၃/၇၇/၀၆၅)
ကျောင်းကြီး၊ ကျူရှင်၊ ဝိုင်း တက်စရာ မလိုတော့ပါ။
ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
[Grade 11 (ဧပြီ ၂၅) Grade 10 (မေ ၄) Grade 9,8,7,6 (မေ ၄) စ,မည်]
ကျောင်းကား (ကြို/ပို့) ferry စီစဉ်ပေးသည်။
ကျောင်း ခြံအမှတ် ၉(ခ)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၁ ၂၃၀ ၂၀၀၇၊ ၀၁ ၂၃၀ ၂၀၀၉၊ ၀၉ ၂၅၀ ၃၁ ၂၀၂၀
၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်အတွက်
ကျောင်းအပ် လက်ခံပါပြီ
[ကြိုအပ်ခြင်းဖြင့် သေချာမှုကို ရယူပါ]
အဆင့်မြင့် ဘော်ဒါ
ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
ဘော်ဒါ အမှတ်(၁၁၁/၁၁၃)၊ ၅၇ လမ်း၊ ပုဇွန်တောင်မြို့နယ်။
ဖုန်း ၀၁ ၃၉၇၉၃၉၊ ၀၉ ၅၁၉ ၇၇၂၆၊ ၀၉ ၅၁၇ ၆၅၄၃၊
FORWARD အဆင့်မြင့်တသင်ဝိုင်း
Grade 10,11 (တက္ကသိုလ်ဝင်တန်း)
Grade 11 [ဉာဏ်ရည်မြင့်(၉)ယောက်ဝိုင်း]
Grade 9
(ဧပြီ ၂၉) စ,မည်။ ferry စီစဉ်ပေးသည်။
ဝိုင်း အမှတ်(၄၄)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။
ဖုန်း ၀၁ ၂၄၉ ၆၄၉၊ ၀၁ ၃၀၅ ၀၉၇၊
Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 09 519 7726
ကိုယ်ပိုင်အထက်တန်းကျောင်း(သို့) အဆင့်မြင့် ဘော်ဒါ (သို့) အဆင့်မြင့် တသင်ဝိုင်း
အဆင်ပြေ ကြိုက်နှစ်သက်ရာ အစီအစဉ်ကို စုံစမ်း ရွေးချယ် အပ်နှံ တက်ရောက်နိုင်ပါသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily